

တံခွန်တိုင်
www.burmeseclassic.com
ရာဇဝင်ကျော်
ဂန်းနမ်း
စတိုင်လ်
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရည်းစားဆိုတာတဲ့...

ဝေးဝေးဝင်ရှိုးပါလိုပဲ...

ဟုန်းခနဲ့ဝဝဝေဝေကတ်ကြွ

ဖျတ်ခနဲ့ပြန်ပြီးသွားတော့အနေရာ...

ချစ်သူဆိုတာဘာလဲတော့ဆွ...

ပွဲဦးနဲ့တူတယ်...

ဝေဝေငွေ့ငွေ့ရဲ့ ...

အချိန်ကြာကြာ ရိုက်လေလောင်နေတတ်တာမျိုးပါ..

# ရာဇဝင်ကို

# ဂန်းနမ်းစတိုင်လ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com









# ၁

## တောင်ကိုရီးယားနိုင်ငံ = ဆိုးလ်မြို့

မိုးရွာသလို အပြင်မှာ တဖွဲဖွဲကျဆင်းနေတဲ့ နှင်းတွေကို မှန်ပြတင်းကတဆင့် ကြည့်နေရင်းကနေ မင်းခန့်ထည်ဝါက သက်ပြင်းမောကိုချတယ်။ အခုတော့ ကိုရီးယားနိုင်ငံရဲ့ အရိုးခဲမတတ် အေးခဲမှုက သူ့ရင်ထဲက အပူကို မငြိမ်းသတ်ပေးနိုင်ပါလားနော်။

"ငါဘာလုပ်ရမလဲ မိုးလင်း. . . ငါ ယသော်ကလွဲရင် ဘယ်မိန်းမကိုမှ မယူနိုင်ဘူး၊ ငါ. . . ယသော့်ကိုပဲချစ်တာ"

သူ့စကားအဆုံး မိုးလင်းက ခုတင်ပေါ်မှာ ပက်လက်လှန်အိပ်နေရာကနေ ကစောင်းအနေအထားပြောင်းကာ အောက်ကိုအနည်းငယ် လျှောကျနေတဲ့ ဂွမ်းစောင်အထူကြီးကို လည်ပင်းပေါ်အထိဆွဲယူခြုံလိုက်ရင်း. . .

"ဒါများကွာ၊ မင်းမိဘတွေကို ပွင့်ပွင့်လင်းလင်းပဲပြောလိုက်ပေါ့၊ သားမှာ ချစ်သူရှိပါတယ်၊ ဒယ်ဒီတို့မာမီတို့ပေးစားတဲ့ မိန်းကလေးကို မယူနိုင်ပါဘူးဆိုပြီး. . ."



www.burmeseclassic.com

www.burmeseclassic.com



"မရလို့ပေါ့ကွ၊ ငါ့မိဘတွေ အကြောင်းလည်း မင်းသိသားပဲ ဟာ၊ သူတို့က ဒါဆိုရင်ဒါပဲ၊ နောက်တစ်ခွန်းထပ်ပြောတဲ့လူတွေမှ မဟုတ်တာ. . ."

"အင်း. . ဒါလည်းဟုတ်တာပဲ၊ မင်းမိဘတွေက ပုံစံခွက်ကြီးတွေ၊ သူတို့ချပေးတဲ့ ပုံစံအတိုင်းကွက်တိထွက်လာမှ ကြိုက်တဲ့လူတွေနော်၊ ဒါနဲ့ မင်းနဲ့ပေးစားမယ့်ကောင်မလေးနာမည်က ဘယ်သူ. . ."

"မြို့ကြီးသူတဲ့. . . မန္တလေးက. . ."

"ဩော်. . . အေး၊ နာမည်က လွယ်လွယ်နဲ့အဆန်းဆိုတော့ မေ့သွားတာ၊ မင်းအီးမေး(လ်)ထဲမှာတွေ့လိုက်တာတော့ ကောင်မလေး က ညိုချောလေးနော်. . ."

မိုးလင်း စကားကြောင့် ထည်ဝါက အပြင်က နှင်းတွေကိုငေး နေရာကနေ မိုးလင်းကိုတစ်ချက်ပြန်ကြည့်လိုက်ရင်း. . .

"တိုက်ဂေါ်ပါကွာ၊ သနပ်ခါးဘဲကြား. . . ပါတိတ်ဝမ်းဆက်နဲ့၊ ဘယ်ခေတ်မှာနေနေကြတယ်မသိဘူး. . ."

"မင်းကလည်းကွာ သီချင်းတောင်ရှိသေးတာပဲဟာ၊ မန္တလာသူ တွေ. . . တကယ်ကိုယဉ်စစနဲ့. . . စတော်ဘယ်ရီနှုတ်ခမ်း. . . ဘာဖြစ် တယ်ဆိုလားပဲ"

"စိတ်မဝင်စားပါဘူးကွာ၊ ငါစိတ်ဝင်စားတာက လူကြီးတွေ စီ စဉ်ထားတဲ့ ကိစ္စကို ဘယ်လိုဖျက်ရင် ပျက်မလဲဆိုတာပဲ၊ မင်းကလည်း ကိုယ့်သူငယ်ချင်းတစ်ယောက်လုံး ဘေးကျပ်နံကျပ်ဖြစ်နေတာကို ဝိုင်း ပြီးစဉ်းစားပေးမယ်မရှိဘူး. . . ထုတ်စမ်းပါဦးကွ၊ အကြံလေးဘာလေး"

"အကြံထုတ်ဆိုရအောင် မင်းက မင်းမိဘတွေကို လွန်ဆန်နိုင် လို့လား၊ ပြောပါဦး. . ."





"လွန်တော့ မလွန်ဆန်နိုင်ဘူးပေါ့၊ ဒါပေမယ့် လွန်ဆန်စရာ မလိုပဲ သူ့အလိုလိုပြီးသွားမယ့် နည်းလမ်းလေးဘာလေး ရှာဖို့ကိုပြော တာ. . ."

ထည်ဝါ့စကားအဆုံး မိုးလင်းက စဉ်းစားခန်းဝင်ဟန်နဲ့ ခဏ ငြိမ်သွားတယ်။ ပြီးမှ အကြံတစ်ခုရသွားဟန်နဲ့ အိပ်နေရာကနေ ဝုန်း ခနဲ ထထိုင်လိုက်ရင်း. . .

"ငါအကြံရပြီ. . ."

လို့ ထအော်တယ်။ ဒီတော့ ထည်ဝါက မေးတစ်ချက်ဆတ်ပြ လိုက်ရင်း. . .

"ပြောစမ်းပါဦး၊ ဘာအကြံရတာလဲ မင်းက"

"ဒီလိုလေကွာ၊ မင်းက မင်းမိဘတွေကို မလွန်ဆန်နိုင်ဘူး မ ဟုတ်လား၊ ဒီတော့ မြို့ကြီးသူရဲ့မိဘတွေ မင်းကို စိတ်ပျက်သွားအောင် လုပ်ရမယ်၊ အဲ. . . မြို့ကြီးသူလည်း အပါအဝင်ပေါ့ကွာ၊ အဲဒီလို စိတ် ပျက်သွားရင် ပွဲက သူ့အလိုလိုပြီးသွားမှာပဲ. . . ဘယ်လိုလဲ၊ အဲဒီလို လုပ်ဖို့ကလည်း မင်း. . . မန္တလေးကို မြို့ကြီးသူရဲ့မိဘတွေနဲ့ သွားတွေ့ တဲ့အချိန်က အခွင့်အရေးကောင်းပဲ. . ."

မိုးလင်းစကားအဆုံး ထည်ဝါ့ရဲ့မျက်လုံးတွေက အရောင်တွေ တောက်သွားတယ်။

"အေး. . . ကောင်းတယ်ကွ၊ မင်းပေးတဲ့အကြံမဆိုးဘူး၊ ဒါပေ မယ့် အဲဒီရွှေမန်းကမိသားစု စိတ်ပျက်သွားအောင် ငါကဘယ်လိုလုပ် ရမှာလဲ၊ အဲဒါကိုလည်း ပြောဦး. . ."

မိုးလင်းက ထည်ဝါ့ကိုကြည့်ရင်း ခပ်ထေ့ထေ့ပြုံးတယ်။ သ ဘောကတော့ "ဒါလေးများကွာ. . ."ဆိုတဲ့ သဘော။



www.burmeseclassic.com

www.burmeseclassic.com



"ပြောရရင်တော့ အ ျင်ဦးဆုံး မင်းရဲ့ခပ်တည်တည်နေတတ်တဲ့ ပုံစံကိုဖျောက်ပြီး နည်းနည်းအူကြောင်ကြောင်ဖြစ်နေတဲ့ ပုံစံမျိုးနေရမယ်. . ."

"ဟင်. . . အဲလိုကြီးလား"

"ဒါပေါ့ကွ၊ ဒါမှ မြို့ကြီးသူက မင်းကိုစိတ်ပျက်သွားမှာ ဖြစ်သလို မြို့ကြီးသူရဲ့ မိဘတွေကလည်း မင်းလိုအူကြောင်ကြားနဲ့တော့ သူတို့ သမီးလေးကို မပေးစားနိုင်ပါဘူးဆိုတဲ့ စိတ်မျိုးဖြစ်လာမှာပေါ့"

"ဩော်. . . အေးပါကွာ၊ နောက်. . . နောက်ပြီးတော့ရော"

"နောက်ပြီးတော့ မင်းရဲ့ ပတ်စားဆင်ယင်မှုနဲ့ ဆံပင်ဒီဇိုင်းကိုလည်း ပြင်ရမယ်"

"အေး. . . ပြောကွာ၊ ဘယ်လိုပြင်ရမှာလဲ"

"ဘယ်လိုပြင်ရမလဲဆိုတော့ အင်း. . အူကြောင်ကြောင်ပုံစံပမ်းရမှာဆိုတော့ မြင်တာနဲ့ အဲဒီပုံစံမျိုးပေါက်သွားအောင်. . . အဲ. . . ဟုတ်ပြီ၊ ဒီလိုလုပ်. . . အခု ဒီကိုရီးယားမှာရော၊ ကမ္ဘာမှာပါ အရမ်းပေါက်ချက်ပြင်းနေတဲ့ ကိုရီးယားအဆိုတော်လေ. . ."

" PSY လား. . ."

" right ! မှန်တာပေါ့၊ ဂန်းနမ်းစတိုင်(လ်)သီချင်းထဲက သူ့ဒီဇိုင်းတွေကိုသာ ယူသုံးလိုက်လို့ကတော့ ပွဲက ပြီးပြီပဲ"

ပြောပြီး မိုးလင်းက စိတ်ပါလာကာ ထိုင်နေရာကနေ ခုတင်ပေါ်မှာ မတ်တပ်ထရပ်လိုက်ပြီး မြင်းစီးသလို ကကွက်ကို ခုန်ပေါက်ကပြလိုက်ရင်း ပါးစပ်ကနေလည်း အော်လိုက်တယ်။

"အိုပါး. . . ဂန်းနမ်းစတိုင်(လ်). . ."

❀❀❀



# ဂန်းနမ်းစတိုင်-လ်

စားပွဲတစ်လုံးမှာ ဝင်ထိုင်လိုက်ပြီး ခဏအကြာမှာပဲ အနားကို စားပွဲထိုးကောင်မလေးတစ်ယောက်ရောက်လာကာ ဦးတစ်ချက်ညွတ်ပြလာတယ်။ ဒါနဲ့သူက ကောင်မလေးကို တစ်ချက်ပြုံးပြလိုက်ကာ. . .

"ခေါ်ဖီ ဟန်းဂျန်း ဂျုစယ်ယို "

(ကော်ဖီတစ်ခွက်ပေးပါ. . . )

လို့ပြောလိုက်တယ်။ ဒီတော့ ကောင်မလေးက ဦးတစ်ချက်ညွတ်ပြကာ ပြန်ထွက်သွားတယ်။ ဒီဆိုင်ကလေးက သူနဲ့ယသော် ခဏခဏလာနေကျ ဆိုင်ကလေးပါ။ သူနေတဲ့တိုက်ခန်းနဲ့ ယသော်နေတဲ့နေရာရဲ့ အလယ်လောက်မှာ ရှိနေတာမို့ နှစ်ယောက်စလုံးအတွက်လည်း သွားရလာရတာ အဆင်ပြေတယ်လေ။

ဒါပေမယ့် အခုလို ဆုံဖို့ချိန်းကြလေတိုင်း အမြဲတမ်းစောင့်ဆိုင်းရသူဟာ သူပါပဲ။



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးကောင်မလေးက ကော်ဖီတစ်ခွက်ကို လာချပေးကာ စောစောကလိုပဲ ဦးတစ်ချက်ညွှတ်ပြပြီး ပြန်ထွက်သွားတယ်။ ဒီက စားပွဲထိုးလေးတွေခမျာ လာတဲ့ဧည့်သည်ကို ဦးညွှတ်ပြရတာနဲ့တင်ကို တစ်နေ့တစ်နေ့ တော်တော်ပင်ပန်းကြမှာ သေချာပါတယ်။

သူက ကော်ဖီစေ့ကို အခုမှ လတ်လတ်ဆတ်ဆတ်ကြိတ်ကာ ဖျော်ထားတာဖြစ်တဲ့ ကော်ဖီကို အရသာခံပြီး တစ်ငုံသောက်လိုက်ကာ စားပွဲပေါ်ပြန်မတင်ပဲ အေးနေတဲ့လက်တွေ နွေးသွားရအောင် ကော်ဖီခွက်ကို လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ထားလိုက်တယ်။ ဒီအချိန်မှာပဲ ယသော် လည်းရောက်လာတယ်။

သူမမျက်နှာက သူကြိုတင်မြင်ယောင်ကြည့်ထားတဲ့ပုံအတိုင်း ပုပ်သိုးမှုန်ကုပ်နေတယ်။

"ဘာသောက်မလဲ. . . ကော်ဖီပဲမှာလိုက်ရမလား. . . "

"မမှာနဲ့၊ ဘာမှမသောက်ဘူး၊ သောက်ဖို့လာတာလည်း မဟုတ်ဘူး၊ မြန်မာပြည်က ရှင့်ဇနီးလောင်းအကြောင်းကိုပဲပြော. . . "

သူမလေသံက အလိုမကျမှုတွေနဲ့ ပြည့်နှက်နေတယ်။ ဒါက သူမရဲ့ အကျင့်။ တစ်ခုခုကိုအလိုမကျဖြစ်လာရင် သူမမျက်နှာက မှုန်ကုပ်ကုပ်ဖြစ်လာကာ စကားပြောရင်လည်း ဘယ်လိုမှ နားဝင်ချိုသာခြင်းမရှိတော့။

သူက သက်ပြင်းတစ်ချက်ကိုချလိုက်ရင်း. . .

"ဟုတ်တယ်. . . စောစောကဖုန်းထဲမှာ ကိုယ်ပြောခဲ့သလိုပဲ ကိုယ် မြန်မာပြည်ပြန်မှ ဖြစ်မယ်"

"ယသော်မကျေနပ်တာကလည်း အဲဒါပဲလေ၊ ထည်ဝါလုပ်တာကိုက အလုပ်မဟုတ်တာ၊ တကယ်ဆို ထည်ဝါနဲ့ ထည်ဝါ့မိဘတွေ အင်





တာနက်မှာ skype ပြောကြကတည်းက ယသော့်အကြောင်းကို ထည်ပဲ့မိဘတွေကို ပြောလိုက်ပါတော့လား၊ ဒါကို ထည်ဝါက ဘာလို့ မပြောလိုက်တာလဲ၊ ဘာလဲ. . . ထည်ဝါက ယသော့်ကို အပျော်တွဲဖို့လောက်ပဲ စိတ်ကူးထားတာလား. . . ဟုတ်လား. . . "

ယသော့်ကို သူချစ်ပါတယ်။ ဒါပေမယ့် တစ်ခါတစ်ခါ အခုလို စကား အထအနကောက်ကာ ရစ်ရင်တော့ အတော်ပဲ စိတ်ကုန်သွားမိတတ်ပါတယ်။

"ကျွတ်. . . ယသော်ကလည်းကွာ၊ စကားအထအန မကောက်စမ်းပါနဲ့၊ ကိုယ်ပြောတာကို ဆုံးအောင်နားထောင်စမ်းပါဦး၊ ဟိုတစ်နေ့က skype ပြောကြတုန်းက ယသော့်အကြောင်းကို ပြောလိုက်ရင် ရှုပ်ကုန်မှာ စိုးလို့ပါကွာ၊ ကိုယ့်မိဘတွေက သူများမိဘတွေနဲ့ မတူဘူး၊ သူတို့ဖြစ်ချင်ရင် ဖြစ်ကိုဖြစ်ရမှ၊ သူတို့သားသမီးကိုလည်း သူတို့ပုံသွင်းတဲ့ပုံအတိုင်းထွက်လာမှ ကြိုက်တာ၊ အဲဒီတော့ ယသော့်ကိစ္စကိုလည်း သူတို့နားထဲကိုရောက်အောင် ဖြည်းဖြည်းချင်းသွင်းယူမှရမှာ၊ အဲဒါကြောင့် ကိုယ်က တန်းမပြောလိုက်တာနဲ့ သူတို့ပေးစားတဲ့ ကောင်မလေးကို ပြန်ကြည့်သလိုလိုနဲ့ ယသော့်နဲ့ကိုယ့်အကြောင်းကို ပြောပြမှာ၊ အဲဒါကြောင့် ကိုယ်မြန်မာပြည်ကို ပြန်မယ်လို့ပြောတာ. . . "

သူ့စကားအဆုံး ယသော်က မယုံသင်္ကာဟန်နဲ့ကြည့်လာတယ်။ ဒါကလည်း သူမအကျင့်ပါပဲ။ ဘယ်သူ့ကိုမှ သူမ လွယ်လွယ်မယုံတတ်။ လူတစ်ယောက်ကို အမြဲတမ်း သံသယစိတ်နဲ့ပဲ ကြည့်တတ်တာက သူမရဲ့ လိုဂိုတစ်ခုလိုကို ဖြစ်နေတော့တာပါ။

"ဟုတ်လို့လား. . . ကျွန်မကို ဘတ်မယ်တော့မကြံနဲ့နော်၊ ကျွန်မအကြောင်းကို ထည်ဝါသိပါတယ်၊ တစ်ခုခုအသံကြားရလို့ကတော့



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ခင်

ရှင်ရော ရှင့်ကောင်မကိုပါ ကျွန်မက လိုက်သတ်မှာ . . . မယုံမရှိနဲ့"

ယသော့စကားကြောင့် သူက သဘောတကျပြုံးလိုက်မိတယ်။ ပြီးတော့ ကော်ဖီကို တစ်ငုံသောက်လိုက်တယ်။

"နေစမ်းပါဦး၊ ရှင်က ပြန်မယ်ဆိုတော့ ဒီကအလုပ်တွေကို ဘယ်သူနဲ့ လွှဲခဲ့မှာလဲ. . ."

"ကိုယ့်အစ်ကို လာမှာလေ၊ သူ့ကိုဒီမှာ ခဏထားခဲ့မှာ"

"ထည်ဝါကရော. . . ဘယ်လောက်ကြာမှာလဲ"

"အင်း. . . အလွန်ဆုံး တစ်လပေါ့"

သူမက မျက်စောင်းထိုးတယ်။ ခဏအကြာမှာတော့ နှစ်ယောက်သား ဆိုင်အပြင်ကို ထွက်လာခဲ့လိုက်ကြတယ်။ ဆိုင်ထဲမှာတုန်းက နည်းနည်းနွေးထွေးသလိုရှိနေပေမယ့် အခုတော့လည်း အေးလိုက်တာမှ စိမ့်လို့။ ကိုရီးယားနိုင်ငံရဲ့ နှင်းတွေက အခြားနိုင်ငံမှာ ကျတဲ့နှင်းတွေထက် ပိုများအေးနေသလား မပြောတတ်။



## ဂန္ဓနံ့အစိတွင်-လ






www.burmeseclassic.com

www.burmeseclassic.com



# ၂

## ရန်ကုန်မြို့

လူက မြန်မာနိုင်ငံပြန်ရောက်လာခဲ့ပေမယ့် စိတ်က ကိုရီးယား မှာ ကျန်နေခဲ့သလို ခံစားနေရတဲ့အထဲ ရန်ကုန်ပြန်ရောက်ရောက်ချင်း ပင်. . .

"ရန်ကုန်မှာ တစ်ရက်ပဲနေ. . .၊ မနက်ဖြန်ပဲ ဖလိုက်နဲ့ မန္တလေးကိုတက်. . ."

ဆိုတဲ့ ဖခင်ရဲ့ စကားကြောင့် ထည်ဝါ့ခမျာ စိတ်တွေ အညစ် ကြီးညစ်သွားရတယ်။ သူက ရန်ကုန်မှာ သုံးလေးရက်လောက် အောင်း ကာ အစီအစဉ်တွေဘာတွေ သေချာဆွဲပြီးမှ မန္တလေးကိုတက်ဖို့ စိတ်ကူး ထားခဲ့တာပါ။ အခုတော့. . .။

"ဟာ. . . အဖေကလည်း ကျွန်တော်. . . ရန်ကုန်မှာ သုံးလေး ရက်လောက်နေဦးမှာ၊ ပြီးမှ မန်းလေး(မန္တလေး)ကိုသွားမယ်"

သူ့စကားအဆုံး သူ့မိခင်က လက်မခံနိုင်သလိုဟန်နဲ့ ခေါင်းကို တစ်ချက်ရမ်းလိုက်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး သား၊ မေမေတို့က မန်းလေး(မန္တလေး)ကို မင်းမနက်ဖြန်ရောက်မယ်လို့ အသိပေးထားပြီးပြီ၊ အဲဒီတော့ မင်း. . . မနက်ဖြန်ပဲ မန်းလေးကိုသွားရမယ်"

"မေမေကလည်း ဘာခက်တာမှတ်လို့၊ ဖုန်းလှမ်းဆက်ပြီး မနက်ဖြန် သားမလာဖြစ်သေးဘူးဆိုတာကို ပြောလိုက်ပေါ့၊ ဒါများ လွယ်လွယ်လေးပဲဟာ. . ."

"စကားမရှည်စမ်းပါနဲ့ကွာ၊ ငါတို့ပြောသလိုသာ လုပ်စမ်းပါ၊ ဒီမှာ သုံးလေးရက်နေပြီး မင်းက ဘာများလုပ်ဦးမလို့လဲ၊ ကိုရီးယားက အလုပ်တွေကလည်း မင်းနဲ့မှ အထာကျမှာ၊ မင်းအစ်ကိုကြီးနဲ့ ကြာကြာ ပစ်ထားလို့ရတာမဟုတ်ဘူး၊ သူက ဒီကအလုပ်တွေနဲ့ပဲ အသားကျတာ၊ အဲဒီတော့ မင်းနဲ့မြို့ကြီးသူကို မြန်မြန်ပေးစားပြီးရင် မြို့ကြီးသူကိုပါ ကိုရီးယားကိုထည့်လိုက်မှာ၊ အဲဒီတော့ လက်ထပ်ပွဲက မြန်နိုင်သမျှ မြန်လေ ကောင်းလေပဲ. . ."

"ဟာဗျာ. . . ဖေဖေ. . . ကျွန်တော်ချက်ချင်းကြီးတော့ လက်မထပ်နိုင်သေးဘူးနော်၊ ကျွန်တော်နဲ့ အဲဒီမန်းလေးသူက တစ်ခါမှလည်း တွေ့ဖူးကြသေးတာမဟုတ်ဘူး၊ ဓာတ်ပုံထဲမှာပဲ မြင်ဖူးသေးတာ၊ အဲဒီတော့ ကျွန်တော်က သူ့ကိုလေ့လာဦးမှာ. . ."

"ဘာမှ လေ့လာနေစရာမလိုဘူး ဟေ့ကောင်၊ ငါတို့ရွေးချယ်ထားတဲ့ မိန်းကလေးက မျိုးကောင်းရိုးကောင်း၊ ပညာတတ်၊ ဥစ္စာပေါ၊ ရုပ်ချော၊ အခုလို မင်းကို မန်းလေးလွှတ်တယ်ဆိုတာကလည်း သူ့ကို လေ့လာဖို့ လွှတ်တာမဟုတ်ဘူးနော်၊ သူနဲ့ရင်းနှီးမှုရယူဖို့ လွှတ်တယ် ဆိုတာကို ခေါင်းထဲမှာ ထည့်ထား. . ."

ဖခင်ရဲ့စကားကြောင့် သူက ခေါင်းတွေကို တဗျင်းဗျင်းကုတ်





မိတယ်။ ဒီမှာတင်ပဲ သူ့အမေဆီက စကားသံက ထပ်ထွက်လာပြန်တော့ တယ်။

"ဘာမှ ခေါင်းကုတ်မနေနဲ့သား၊ မေမေတို့ စီစဉ်ထားတဲ့အတိုင်းသာ အသာလေးမှေးလိုက်သွားလိုက်၊ အားလုံးအဆင်ပြေသွားလိမ့်မယ်၊ မင်း အစ်ကိုကြီးတို့ လင်မယားဆို ကြည့်လိုက်စမ်း၊ မေမေတို့ စီစဉ်ပြီး လက်ထပ်ပေးထားတာ. . . သူတို့အိမ်ထောင်ရေးလေးက ဘယ်လောက် သာယာစိုပြည်လိုက်သလဲ"

"မေမေကလည်း၊ အစ်ကိုကြီးမှာက ချစ်သူမှ မရှိခဲ့တာကိုဗျာ"

လို့ အော်ပြောလိုက်ချင်ပေမယ့် စိတ်ထဲကနေပဲ အဲဒီစကားကို ပြောဖြစ်လိုက်ကာ တကယ်တမ်းနှုတ်က ထွက်သွားတာကတော့. . .

"ပြီးတာပဲဗျာ၊ မေမေတို့ပြောတဲ့အတိုင်း ကျွန်တော်မနက်ဖြန် မန်းလေး(မန္တလေး)ကို တန်းတက်မယ်၊ ဒါပေမယ့် ဖလိုက်နဲ့တော့ မသွားချင်ဘူး၊ ကားတစ်စင်းယူသွားမယ်၊ ဒါမှ ဟိုမှာနေတဲ့အခိုက် သွားရေးလာရေး အဆင်ပြေမှာပေါ့. . ."

ပြောပြီး သူက အထုပ်ကိုဆွဲ ထလာလိုက်ကာ သူ့အခန်းရှိရာ အပေါ်ထပ်ကို တက်လာခဲ့လိုက်တယ်။ သူ့အခန်းလေးက လူမနေတာ ကြာပေမယ့်လို့ မိခင်ဖြစ်သူက မကြာမကြာ သန့်ရှင်းရေးလုပ်ပေးထားတော့ သူထွက်ခွာသွားစဉ်ကအတိုင်း ဘာမှ ပြောင်းလဲမသွား။

သူက စိတ်မောလူမောနဲ့ ခုတင်ပေါ်ကို ပက်လက်လှန်လှဲချလိုက်ကာ မကြာသေးခင်ကမှ လေဆိပ်မှာ ခွဲထွက်ခဲ့ရတဲ့ မိုးလင်းဆီကို ဖုန်းခေါ်လိုက်မိတယ်။

ဖုန်းက တစ်ချက်သာမြည်လိုက်ပြီး မိုးလင်းရဲ့အသံက ထွက်ပေါ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . သားကြီး၊ ပြော. . ."

"မင်း ပြန်ရောက်ပြီလား. . ."

"အေး. . . အခုပဲ ငါအိမ်ရောက်တာ၊ ဘယ်လိုနေလဲ အခြေအနေက. . ."

"မကောင်းဘူး၊ မနက်ဖြန်ပဲ မန်းလေး(မန္တလေး)ကိုဒိုးရမယ်၊ အဲဒါ မင်းပြင်ဆင်ထားလို့ရအောင်လို့ လှမ်းပြောတာ. . ."

"ဟား. . . မင်းမိဘတွေကတော့ စံပဲဟေ့၊ ဖြစ်ချင်လုပ်ချင်လာရင် ဇွတ်ကိုပဲ ဆိုတာထက်ကို ပိုပါလားကွာ၊ တော်သေးတယ်နော်၊ ငါတို့တွေ လိုအပ်တဲ့ အကျီတွေဘာတွေကို ဟိုမှာကတည်းက တစ်ခါတည်း ဝယ်လာမိလို့. . ."

နောက်တော့ သူက မိုးလင်းနဲ့ စကားအနည်းအကျဉ်းပြောပြီး ဖုန်းချလိုက်တယ်။ စိတ်က ကိုရီးယားမှာကျန်နေခဲ့တဲ့ ယသော်ဆီကို ဖျတ်ခနဲ ရောက်သွားတယ်။ အခုတော့လည်း သူနဲ့ယသော်က မိုင်တွေအတော်များများဝေးကွာနေခဲ့ပြီ။ ဒါပေမယ့် ကိစ္စတော့ မရှိပါဘူးလေ။ နှလုံးသားဆိုတာက ချစ်သူရှိရာအရပ်ကို မျက်နှာမူပြီး အမြဲတမ်းပြုံးနေတတ်တဲ့ သတ္တဝါတစ်ကောင် မဟုတ်လား။ မိုင်တွေဘယ်လောက်ဝေးဝေး နှစ်ယောက်စလုံးရဲ့ နှလုံးသားတွေက သက်ဆိုင်သူရှိရာကို မှန်းပြီး ပြုံးပြနေကြပါလိမ့်မယ်။







မှတ်ထား !

အချစ်ဆိုတာ

ရင်ဘတ်ထဲကို

မျက်လုံးပေါက်တွေကတဆင့်

ဘယ်တော့မှ မဝင်ဘူး



www.burmeseclassic.com

www.burmeseclassic.com

# ၇

## မန္တလေးမြို့

ကားပေါ်ကဆင်းလာတဲ့ မင်းခန့်ထည်ဝါကို အမြင်မှာတော့ မြို့ကြီးသူရဲ့ မျက်လုံးတွေက တအံ့တဩနဲ့ ပြူးကျယ်ဝိုင်းစက်သွားသလို ဦးထွန်းတင်နဲ့ ဒေါ်ကြူကြူမွှေးတို့နှစ်ယောက်လည်း ပါးစပ်အဟောင်းသားနဲ့ ကြက်သေသေသွားကြတယ်။

မသေလည်း ခံနိုင်ရိုးလား။ မင်းခန့်ထည်ဝါရဲ့ ဒီဇိုင်းကိုလည်း ကြည့်ကြဦးလေ။ နံဘေးနှစ်ဖက်မှာ ငွေရောင် အစင်းကြောင်းတွေပါတဲ့ ချည်သားဘောင်းဘီ သိမ့်မွှာ်ရောင်အပွကြီးကို အပေါ်က အဖြူရောင် စတစ်ကော်လာတစ်ထည်နဲ့ တွဲဝတ်ထားပြီး ကြယ်သီးတွေကို လည်ပင်းအထိတပ်ထား. . . ။ ပြီးတော့ အဲဒီအပေါ်ကမှ လိမ္မော်ရောင်ဇစ်ရှိတ်လက်ပြတ်ကုတ်အင်္ကျီတစ်ထည်ကို ထပ်ဝတ်ထားသေးတဲ့ ထည်ဝါက ဆံပင်တွေကိုလည်း ဂျယ်နဲ့ပိပြားနေအောင် နောက်ဘက်ကိုအပြောင်ဖြီးထားကာ ချိုစောင်းနှစ်ဖက်မှာကလည်း ဘီးကြောင်းရာနှစ်ခုကို ပေါ်အောင်ဖော်ထားသေးတာပါ။ ပြီးတော့ ထည်ဝါနဲ့အတူ စစ်ကူလိုက်လာတဲ့ မိုးလင်းကလည်း ထည်ဝါလိုဒီဇိုင်းမျိုးကိုပဲ တစ်ထပ်တည်းဆင်မြန်း



www.burmeseclassic.com

www.burmeseclassic.com

လာတာ။ ဒါပေမယ့် မိုးလင်းကတော့ အထက်အောက် အနီရောင်တောက်တောက်တွေကို ဝတ်လာတာပါ။ ဒီတော့ နှစ်ယောက်သားဟာ မြင်လိုက်တာနဲ့ ဝင်းခနဲထင်းခနဲဖြစ်နေကာ အဝေးကများမြင်လိုက်ရရင်တော့ မသိရင် ဘုန်းတော်ကြီးနှစ်ပါး ဆွမ်းခံကြွလာသလားအောက်မေ့ရတယ်။

အဲဒီတော့ မြို့ကြီးသူတို့ သားအမိသားအဖသုံးယောက်လုံး မျက်ကလူးဆန်ပျာနဲ့ ရှော့(ခ်)ရိုက်ကုန်ကြတော့တာပေါ့။

မင်းခန့်ထည်ဝါကတော့ ခပ်တည်တည်ပဲ ကားပေါ်ကနေဆင်းလိုက်ပြီးတာနဲ့ ဦးထွန်းတင်ကို ဦးတစ်ချက်ညွှတ်လိုက်ပြီး. . .

"အန်ညောင်းဟာစယ်ယို. . . အောဘောဂျီ"

လို့ အကျယ်ကြီး အော်နှုတ်ဆက်လိုက်ကာ ဦးထွန်းတင်ကို ဆွဲဖက်လိုက်တယ်။ ဒီတော့မှ ဦးထွန်းတင်က မင်သက်နေရာကနေ သတိဝင်လာပြီး သိုင်းဖက်ထားတဲ့ ထည်ဝါ့လက်တွေထဲကနေ ရုန်းထွက်လိုက်ကာ. . .

"မောင်. . . မောင်ထည်ဝါ. . . ဘာပြောလိုက်တယ်"

လို့ နားမရှင်းသလို ပြန်မေးတယ်။ ဒီတော့ ထည်ဝါက "ဒါလေးတောင် မသိဘူးလား ညံ့လိုက်တာဗျာ. . . "ဆိုတဲ့ ပုံစံမျိုးနဲ့ ခေါင်းတရမ်းရမ်းလုပ်လိုက်ရင်း. . .

"အောဘောဂျီကလည်း၊ ဒါလေးတောင် မသိဘူးလား၊ အန်ညောင်းဟာစယ်ယိုဆိုတာ ကိုရီးယားလို မင်္ဂလာပါလို့ ပြောတာလေဗျာ"

လို့ ပြောပြီး တစ်ဆက်တည်းလိုပဲ ဒေါ်ကြူကြူမွှေးကိုလည်း ရွှေ့ခနဲဆွဲဖက်လိုက်ကာ. . .

"အောမောနီ. . . အန်ညောင်းဟာစယ်ယိုပါ"



လို့ လုပ်ပြန်တယ်။ ဒီတော့ ဒေါ်ကြူကြူမွှေးခမျာလည်း ထည်ဝါ့လက်တွေထဲကနေ ခပ်မြန်မြန်ရုန်းထွက်လိုက်ရကာ. . .

"ဩော်. . . အင်း. . . အင်းပါကွယ်၊ မင်. . . မင်္ဂလာပါ"

လို့ ပြန်ပြောလိုက်ရတယ်။ ဦးထွန်းတင်ရဲ့ မျက်နှာကြီးက အီလည်လည်ကြီး ဖြစ်သွားတယ်။ ဒီအခိုက်မှာပဲ ထည်ဝါ့ရဲ့အကြည့်က သနပ်ခါးပါးကွက်ကြားနှစ်ဖက်နဲ့ နောက်နားမှာရပ်နေတဲ့ မြို့ကြီးသူဆီကိုရောက်သွားပြန်ကာ. . .

"အန်ညောင်းဟာစယ်ယို. . . "

ဆိုပြီး လက်နှစ်ဖက်ကို ဆန့်တန်းကာ ပြေးဖက်မယ်လုပ်တယ်။ မြို့ကြီးသူကလည်း အလန့်တကြားဟန်နဲ့ နောက်ကိုခြေနှစ်လှမ်းလောက် ဆုတ်သွားတယ်။ ဒါပေမယ့် ဦးထွန်းတင်ကလည်း ဒီတစ်ခါတော့ လျှင်ပါတယ်။ မိန်းမကိုသာ မမီလိုက်လို့ အဖက်ခံလိုက်ရပေမယ့် သမီးကိုတော့မရဘူး. . . ဆိုတဲ့ ပုံမျိုးနဲ့ ထည်ဝါ့ရဲ့ရှေ့ကနေ ပိတ်ကာဝင်ရပ်ထားလိုက်ရင်း. . .

"ဩော်. . . မောင်ထည်ဝါတို့ အိမ်ထဲဝင်ကြရအောင်လေကွာ၊ စကားက အိမ်ထဲရောက်မှ ပြောလို့ရပါတယ်၊ နော်. . . အိမ်ထဲကို အရင်ဝင်ရအောင်. . . လာလာ. . . "

ဆိုပြီး ပခုံးဖက်ခေါ်သွားတယ်။

"နေ. . . နေဦးလေ အောဘောဂျီရဲ့၊ မြို့ကြီးသူကို နှုတ်မဆက်ရသေးဘူး၊ ခ. . . ခဏ"

"ဩော်. . . နောက်လည်းတွေ့ရဦးမှာပဲကွာ၊ ပြီးမှ နှုတ်ဆက်စမ်းပါ၊ လာလာ. . . အိမ်ထဲကိုအရင်ဝင်ရအောင်"

ဦးထွန်းတင်က ဇွတ်ဆွဲခေါ်တော့ ထည်ဝါ့ခမျာ ယက်ကန်



www.burmeseclassic.com

www.burmeseclassic.com



ယက်ကန်နဲ့ ပါသွားတယ်။ အဲဒီနောက်ကမှ မိုးလင်းအပါအဝင် ကျန်တဲ့ လူတွေလည်း လိုက်ဝင်သွားကြတယ်။

ဧည့်ခန်းထဲကိုရောက်လို့ ထိုင်ပြီးကာစရှိသေးတယ်၊ ထည်ဝါက လည်ပင်းအထိတပ်ထားတဲ့ အင်္ကျီကြယ်သီးနှစ်လုံးလောက်ကို ဖြုတ်လိုက်ပြီး. . .

"အိုက်လိုက်တာ. . . အိုက်လိုက်တာ အောဘောဂျီရာ၊ အဲယားကွန်းလေး အအေးထပ်တင်ပေးပါလား၊ ကိုရီးယားမှာ အနေကြာလာတော့ ဒီကအပူရှိန်ကို မခံနိုင်လို့ပါ"

မိုးလင်းကလည်း လက်နှစ်ဖက်နဲ့ ယပ်ခတ်သလိုလုပ်လိုက်ရင်းကနေ. . .

"ဟုတ်တယ်. . . ဟုတ်တယ်၊ မန်းလေး(မန္တလေး)က အတော်ပူတယ်၊ လူကို ရေနွေးဆူဆူထဲ ထည့်ပြုတ်နေသလိုပဲ"

ဆိုတော့ ဒေါ်ကြူကြူမွေးကပဲ "ဩော်. . . အေး. . . အေးပါကွယ်" ဆိုပြီး အဲယားကွန်းကို အအေးထပ်တင်ပေးတယ်။ မြို့ကြီးသူကတော့ ထည်ဝါနဲ့မိုးလင်းတို့ နှစ်ယောက်ကိုကြည့်ပြီး ငိုရမလို ရယ်ရမလိုဖြစ်နေပုံမျိုးနဲ့ ခိုးလို့ခုလုကြီးကိုဖြစ်လို့။

ဦးထွန်းတင်ကတော့ ထည်ဝါတို့နှစ်ယောက်ကို တစ်လှည့်စီကြည့်လိုက်ရင်း. . .

"မောင်ထည်ဝါတို့ဒီဇိုင်းက ဆန်း. . . ဆန်းတယ်နော်၊ မြင်လိုက်တာနဲ့ ဘယ်နေရာရောက်ရောက် ထင်းခနဲဖြစ်နေမှာပဲ"

"ဒါပေါ့. . . အောဘောဂျီရဲ့၊ ဒါက အခုကမ္ဘာမှာ အရမ်းကိုခေတ်စားနေတဲ့ ဂန်းနမ်းစတိုင်(လ်)သီချင်းထဲမှာ အဆိုတော် PSY ဝတ်ထားတဲ့ ဖက်ရှင်ဒီဇိုင်းလေ၊ သားတို့လည်း ခေတ်နဲ့အညီလိုက်ဝတ်





ထားတာ၊ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီးထဲမှာ ကမ္ဘာကြီးက စက္ကန့်နဲ့အမျှ တိုးတက်ပြောင်းလဲနေတာဆိုတော့ ခေတ်နောက်မှာ ပြတ်ကျန်နေခဲ့လို့မရဘူးလေ အောဘောဂျီရဲ့. . ."

"ဩော်. . . အေးပါကွာ၊ ကောင်း. . . ကောင်းပါတယ်"

"ဩော်. . . ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါက ကျွန်တော့်သူငယ်ချင်းလေ၊ မိုးလင်းလို့ခေါ်တယ်၊ ကျွန်တော်အဖော်ခေါ်လို့ ပါလာတာ"

"တွေ့ရတာ ဝမ်းသာပါတယ်ကွာ၊ ဘာမှအားမနာနဲ့နော်၊ ဒီအိမ်မှာ ကိုယ့်အိမ်လိုသဘောထားပြီး လွတ်လွတ်လပ်လပ်နေ၊ ဟုတ်ပြီလား. . ."

ဒေါ်ကြူကြူမွေးရဲ့ စကားအဆုံး မိုးလင်းက ဦးတစ်ချက်ညွတ်ပြလိုက်ကာ. . .

"ဟုတ်. . . ဟုတ်ကဲ့ အာကျီးမ. . ."

လို့ဆိုတယ်။ မြို့ကြီးသူကတော့ ခေါင်းတရမ်းရမ်း။ ထည်ဝါနဲ့ မိုးလင်းကတော့ ရယ်ချင်စိတ်တွေကို မနည်းအောင့်အည်းထားရတယ်။ မန္တလေးမြို့ရဲ့ အပူရှိန်အောက်မှာ ကုတ်အင်္ကျီကြီးတွေ ဝတ်ထားရတာလည်း အတော်လေးကို ပူအိုက်လှပြီ။ ဒါကြောင့် အင်္ကျီတွေ အမြန်ချွတ်ချပစ်လိုက်ချင်လာတဲ့ ထည်ဝါက. . .

"ဒါနဲ့ ကျွန်တော်တို့က ဘယ်အခန်းမှာ နေရမှာလဲဟင်၊ ခရီးပမ်းလာတော့ ခဏလောက်နားချင်လို့ခင်ဗျာ"

လို့မေးလိုက်တယ်။ ဒီတော့မှ ဦးထွန်းတင်က ခေါင်းတစ်ချက်ညိတ်ရင်း. . .

"ဩော်. . . အေး၊ ဟုတ်သားပဲ၊ ခရီးပမ်းလာကြမှာပေါ့၊ နား



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၊ လာလာ. . . မင်းတို့နေရမယ့်အခန်းကို ဦး . . . လိုက်ပြမယ်"

ဆိုပြီး အခန်းတစ်ခုထဲကို လိုက်ပို့တော့ ဧည့်ခန်းထဲမှာ မြို့ကြီးသူတို့ သားအမိနှစ်ယောက်ပဲ ကျန်ခဲ့တော့တယ်။ ဒီတော့မှ မြို့ကြီးသူက ဒေါ်ကြူကြူမွေးအနား အသာကပ်လိုက်ရင်း. . .

"အမေ. . . သူတို့ပုံစံက ဘယ်လိုကြီးလဲ၊ ဦးနှောက်တွေရောမှန်ကြရဲ့လား မသိဘူး"

"ဩော်. . . မှန်ပါတယ် သမီးရယ်၊ ကိုရီးယားမှာတောင် လုပ်ငန်းတွေလုပ်နေတဲ့ သူတွေပဲဟာ"

"ဟုတ်ရဲ့လား အမေရယ်၊ အူကြောင်ကြောင်ဒီဇိုင်းတွေနဲ့"

"ဩော်. . . သမီးကလည်း၊ ကြားသွားပါဦးမယ်"

ဒီအချိန်မှာပဲ ဦးထွန်းတင်လည်း ပြန်ရောက်လာတယ်။

"မမွေးရေ. . . ထမင်းစားဖို့ ပြင်ထားလိုက်တော့လေ၊ သူတို့နားပြီး ခဏနေရင် ထမင်းစားလိုက်ကြရအောင်လို့. . ."

ထည်ဝါနဲ့ မိုးလင်းကတော့ အခန်းထဲကနေ ဦးထွန်းတင် ထွက်သွားတာနဲ့ အခန်းတံခါးကို ချက်ချပိတ်လိုက်ကာ နှစ်ယောက်သား လက်ဖဝါးချင်း ဖျောင်းခနဲရိုက်လိုက်ကြပြီး ခုတင်ပေါ်မှာ ခြေပစ်လက်ပစ်လှဲချလိုက်ကြတယ်။ ပြီးမှ သူတို့လုပ်ရပ်ကိုသူတို့ တွေးမိပြီး အသာကျိတ်ကာ ရယ်လိုက်မိကြတယ်။ အင်း. . . ရှေ့ဆက်တော့ ဘာတွေဖြစ်လာဦးမယ်မသိ။

ထထထ



# ဂန္ဓာဝိတင်-လ

ခြံထဲက ဒန်းစင်ပေါ်မှာ ထိုင်ကာ နှစ်ယောက်သားတွတ်ထိုးနေကြတုန်းမှာပဲ ခြံရှေ့က ဆိုင်ကယ်ဟွန်းတီးသံကြောင့် ထည်ဝါက အိမ်ကြီးဘက်ကို တစ်ချက်လှည့်ကြည့်မိပေမယ့် လူရိပ်လူယောင်မတွေ့ရဘူး။ ဒါနဲ့သူက ထိုင်ရာက ထလိုက်ကာ. . .

"ဧည့်သည်ထင်တယ်ကွ. . . လာလာ. . . တံခါးသွားဖွင့်ပေးရအောင်. . ."

ဆိုပြီး ခြံတံခါးနားဆီ လျှောက်သွားဖြစ်တယ်။ ခြံတံခါးကို ဖွင့်ကြည့်လိုက်တော့ အပြင်မှာ ရောက်နေတာက ကောင်မလေးတစ်ယောက်ပါ။ အသားဖြူဖြူ မျက်နှာခပ်ပြည့်ပြည့်နဲ့။ ဒင်းလေးက ဆိုင်ကယ်ပေါ်က မဆင်းဘဲ ဆိုင်ကယ်ကိုခွထားလျက်ကြီးကနေ ဟွန်းတီးနေတာ။ သူ့တို့ကိုလည်း မြင်ရော ကောင်မလေးမျက်နှာက တအံ့တဩဖြစ်သွားပုံပါပဲ။

ထည်ဝါက ကောင်မလေးကို ဦးတစ်ချက်ညွှတ်ပြလိုက်ရင်း. . .

"အန်ညောင်းဟာစယ်ယို. . ."



www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ ကောင်မလေးမျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားကာ. . .

"ရှင် ! "

ခနဲဖြစ်သွားတယ်။ ပြီးတော့မှ ခေတ်ရဲ့သမီးပျိုဖြစ်တဲ့သူမက ဆိုင်ကယ်ပေါ်ကနေ(ကိုရီးယားကားတွေလည်း အတော်လေးကြည့်ထားပုံပါပင်) ပဲ ခေါင်းတစ်ချက်ညွတ်ပြလာကာ. . .

"ဩော်. . . ဟုတ်. . . အဲ. . . အညာဆေးရှီး. . . အညာဆေးရှီးပါ"

လို့ ပြန်လုပ်တယ်။ ခေါင်းမှာကလည်း ဟဲ(လ်)မက်ကြီးနဲ့ဆိုတော့ ကောင်မလေးပုံစံက ရယ်ချင်စရာ။ ဒါပေမယ့် ထည်ဝါရော၊ မိုးလင်းရောကတော့ ခပ်တည်တည်ပုံပဲ ဖမ်းထားလိုက်တယ်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲဗျာ. . . "

"ဟို. . . မြို့ကြီးသူ. . . ကျွန်တော်က မြို့ကြီးသူ့ သူငယ်ချင်းပါ"

"ဩော်. . . သူ့"

ထည်ဝါ့စကားတောင် မဆုံးသေး၊ အနားကို ဟဲ(လ်)မက် အပြာရောင်ကြီးဆောင်းထားတဲ့ မြို့ကြီးသူ ရောက်လာတယ်။ နှစ်ယောက်သားက တစ်နေရာရာကို သွားမယ့်ဟန်ပါပင်။

"ကြာလိုက်တာ ဖြူမရယ်. . . ငါက နင်ချက်ချင်းလာမယ်ဆိုလို့ စောင့်နေတာ. . . "

မြို့ကြီးသူ့ စကားအဆုံး ဖြူမက. . .

"ဟို. . . ဟို. . . "

ဆိုပြီး စကားကိုရှေ့မဆက်နိုင်ဘဲ သူတို့နှစ်ယောက်ကို လက်



ညှိုးထိုးပြတယ်။ ဒီတော့မှ မြို့ကြီးသူက သူတို့နှစ်ယောက်ကို တစ်ချက်ပြုံးပြလာရင်းက. . .

"ဟုတ်သားပဲ. . . အခန့်သင့်တုန်း တစ်ခါတည်းမိတ်ဆက်ပေးရမယ်၊ ဖြူမ. . . ဒါ ရန်ကုန်က ညီ့သည်တွေလေ၊ သူက ကိုမင်းခန့်ထည်ဝါတဲ့၊ သူက ကိုမိုးလင်းတဲ့၊ ကိုထည်ဝါတို့လည်း မှတ်ထားပေါ့၊ ဒါ. . . ကျွန်တော့်သူငယ်ချင်း ဖြူဖြူထွန်းမြင့်တဲ့၊ ကျွန်တော်ကတော့ ဖြူမ,လို့ပဲခေါ်တယ်"

မြို့ကြီးသူ့စကားအဆုံး သူတို့က "တွေ့ရတာဝမ်းသာပါတယ်" တွေ ဘာတွေ လုပ်လိုက်ရတယ်။ ဒီတော့ ဖြူဖြူထွန်းမြင့်ကလည်း ခေါင်းကိုပြတ်ကျလုမတတ် ဆက်ကာဆက်ကာညိတ်ရင်း. . .

"ဟုတ်. . . ဟုတ်. . . ဟုတ်. . . ကျွန်တော်လည်း တွေ့ရတာဝမ်းသာပါတယ်. . . "

လို့ဆိုတယ်။ မြို့ကြီးသူက. . .

"ကျွန်တော်တို့က အပြင်သွားမလို့ဗျာ၊ ခင်ဗျားတို့ လိုက်ဦးမလား"

"ဩော်. . . မလိုက်တော့ပါဘူး၊ သွားပါ. . . သွားပါ. . . "

"ဟုတ်. . . ဒါဆို သွားဦးမယ်နော်"

"ဟုတ်ကဲ့. . . "

နောက်တော့ ဖြူဖြူထွန်းမြင့်က ဆိုင်ကယ်ပေါ်က ဆင်းပေးလိုက်ကာ. . .

"မိန်းမ. . . လမ်းမှာ ဆပ်ပလိုင်းချက်ရှိတယ်၊ နင်က လိုင်စင်ရှိတော့ နင်စီးခဲ့၊ ငါ့မှာ ဒီရောက်ဖို့အရေး ကွေ့ပတ်ပြီးလာခဲ့ရတာ၊ ရော့ သော့. . . "



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးသူက ဖြူဖြူထွန်းမြင့် ကမ်းပေးတဲ့သော့ကိုယူလိုက်ကာ ဆိုင်ကယ်ကို ခွလိုက်ပြီး စက်နှိုးတယ်။ ဖြူဖြူထွန်းမြင့်လည်း နောက်က တက်ပြီးရော ဆိုင်ကယ်လီဗာကို ဗျင်းခနဲဆွဲကာ ထွက်လာလိုက်တော့ တယ်။

လမ်းရောက်တော့ ဖြူဖြူထွန်းမြင့်က မြို့ကြီးသူရဲ့ခါးကို နောက် ဘက်ကနေ အတင်းကုတ်တယ်။

"ဟဲ့. . . ဖြူမ၊ ကုတ်မနေနဲ့. . . ဟိုရောက်ရင် အကုန်ပြောပြ မယ်၊ ခဏနေဦး"

"ဟီးဟီး. . . တကယ်ပြောတာနော်"

"အေးပါဆို. . ."

ဒီတော့မှ ဖြူဖြူထွန်းမြင့်က နောက်ဘက်မှာ ငြိမ်သွားသလို မြို့ကြီးသူကလည်း ဆိုင်ကယ်လီဗာကို နည်းနည်းထပ်ဆွဲလိုက်တယ်။ သူမတို့နှစ်ယောက်ရဲ့ ဦးတည်ရာက ကန်တော်ကြီးနားက မိုးကောင်း အသုပ်ဆိုင်ကို. . .။





ဖြူဖြူထွန်းမြင့်က အလကားရတဲ့ ရေနွေးကြမ်းကို အကြမ်းပန်းကန်လုံးထဲ လျှံကျလုမတတ် ငှဲ့ထည့်လိုက်ရင်းကနေ မြို့ကြီးသူကို မျက်လုံးလှန်ကြည့်လာရင်း. . .

"မိန်းမ. . . ပြောတော့လေဟယ်၊ ဟိုနှစ်ယောက်အကြောင်းကို၊ ဒီမှာ သိချင်လှပြီ"

လို့ဆိုတော့ မြို့ကြီးသူက စိတ်ကုန်တယ်ဆိုတဲ့ မျက်နှာပေးမျိုးနဲ့ မျက်နှာကို တစ်ချက်ရွဲ့လိုက်ကာ. . .

"ပြောရမယ်ဆိုရင်တော့ နင်မြင်တဲ့အတိုင်းပဲလေ၊ နှစ်ယောက်စလုံး ဘာပုံတွေမှန်းကို မသိဘူး၊ ကျပ်မှ ပြည့်ကြရဲ့လားမသိ"

"နင်ကလည်း၊ ရုပ်ကလေးတွေကတော့ ချောရှာပါတယ်၊ သူများနိုင်ငံမှာတောင် အလုပ်သွားလုပ်နေသေးတာပဲ၊ အရည်အချင်းကလည်း မဆိုးလောက်ပါဘူး၊ ဒါပေမယ့်. . . ပြောစရာက တစ်ခုပဲ၊ ဟီးဟီး. . . အဝတ်အစား. . . အဝတ်အစား. . ."





www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ဖြူဖြူထွန်းမြင့်က တဟားဟား အော်ရယ်တယ်။ မြို့ကြီးသူကလည်း စောစောကတွေ့လာရတဲ့ နှစ်ယောက်ဝတ်ထားတဲ့ အဝတ်အစားတွေကို မျက်လုံးထဲမှာ ပြန်မြင်ယောင်ကြည့်ကာ ပြုံးမိတယ်။ နှစ်ယောက်စလုံးက အောက်က စကတ်လိုလို ဘောင်းဘီလိုလို ပွယောင်းယောင်းဟာကြီးကို ဝတ်ထားကာ အပေါ်ကလည်း အဖတ်အဖတ်တွေ အများကြီးပါတဲ့ ကုတ်အင်္ကျီအကျပ်ကြီးတွေနဲ့။ ဆံပင်တွေကလည်း ဂျယ်တစ်ဘူးလုံးနဲ့များ ပုံသွင်းထားသလားမသိပါဘူး။ ပိပြားကာ ဂျို(ချို)စောင်းနှစ်ဖက်မှာကလည်း ဘီးခွဲရာနှစ်ခုစီနဲ့။ စေ့စေ့ကြည့်လေ ကြောင်တောင်တောင်နိုင်လေလေ. . . ရယ်ချင်စရာကောင်းလေလေပါပဲ။

"မသိပါဘူးဟယ်. . . သူတို့ပြောတာကတော့ ဂန်းနမ်းစတိုင်လ် သီချင်းထဲမှာ အဆိုတော် PSY ဝတ်ထားတဲ့ဒီဇိုင်းလို့ပြောတာပဲ၊ ဟိုက အဆိုတော်ဆိုတော့ ဘာလုပ်လုပ်သင့်တော်တယ်၊ ပြီးတော့ သီချင်းထဲမှာပဲ ဝတ်တာ၊ သူတို့က မချွတ်တမ်းကို ဘယ်နေရာသွားသွား ဝတ်နေတဲ့ပုံပဲ. . . PSY ဝတ်တာကလည်း သူတို့လောက် ကြည့်ရမဆိုးပါဘူး၊ သူတို့ဟာက ကြောင်တောင်တောင်ကြီးနဲ့ စိတ်ပျက်စရာကြီးပါဟယ်. . ."

"အံမယ်. . . မိန်းမ၊ ပြီးမှ ချစ်စရာကြီးပါဟယ် ပြောလာမှာ မြင်ယောင်သေးတယ်. . . နော"

ဖြူဖြူထွန်းမြင့်စကားကြောင့် မြို့ကြီးသူက နှာခေါင်းကို တမင်တကာ ရှုံ့လိုက်ရင်း. . .

"ဟွန်း. . . ဒီပုံကြီးကလား ချစ်စရာ. . ."

လို့ဆိုတော့ ဖြူဖြူထွန်းမြင့်က ခေါင်းတညိတ်ညိတ်လုပ်လိုက်





ရင်း. . .

"အင်းပါ. . . အင်းပါ၊ ပြောထားဦးပေါ့၊ အစားကိုကုန်အောင်စား စကားကိုကုန်အောင်မပြောနဲ့တဲ့ စကားတောင်ရှိသေးတယ်၊ ပြီးတော့မှတ်ထားဦး၊ အချစ်ဆိုတာက ရင်ဘတ်ထဲကို ဝင်တဲ့အခါ မျက်လုံးပေါက်တွေကနေ ဘယ်တော့မှ မဝင်ဘူး. . . သဘောပေါက်လား"

ဖြူဖြူထွန်းမြင့်စကားကြောင့် မြို့ကြီးသူက သဘောတကျပြုံးလိုက်မိကာ. . .

"တယ်ဆိုတဲ့စာပါလား. . . ဘယ်ဝတ္ထုထဲက အလွတ်ကျက်ထားတာပါလိမ့်နော်"

"အောင်မယ်. . . အဲဒါ ကိုယ်ပိုင်ဒဿနစစ်စစ်ပါနော်၊ စာရေးဆရာ ရာဇဝင်ကိုက သူ့ဝတ္ထုထဲမှာ ထည့်သုံးချင်လို့ပေးသုံးပါဆိုတာတောင် သူ့ဒဿနဆိုပြီး ထင်ယောင်ထင်မှား အဖြစ်မခံနိုင်လို့ ပေးသုံးတာမဟုတ်ဘူး. . . ဟဲဟဲ"

နှစ်ယောက်သား ရယ်လိုက်မိကြတယ်။ ရယ်သံက အတော်ကျယ်သွားတော့ ဘေးလူတွေကတောင် သူမတို့ဆီကြည့်လာကြတယ်။ ဒါပေမယ့် နှစ်ယောက်စလုံးက ဘယ်သူ့ကိုမှ ဂရုမစိုက်။ " သေမှာမကြောက်လို့ ပေတစ်ရာတလျှောက်. . .ဆိုင်ကယ်ကို နှစ်ယောက်တည်းစီးပြီး ဒီအထိအသုပ်လာစားတာ " ဆိုတဲ့ ဒီဇိုင်းတွေနဲ့။

"ဒါနဲ့ နင့်အိုပါးက ဒီမှာ ဘယ်လောက်ကြာကြာနေမှာတဲ့လဲ"

"မပြောတတ်ပါဘူး ဖြူမရယ်၊ ရည်ရွယ်ချက်ကတော့ ငါနဲ့ရင်းနှီးအောင်လို့ ရင်းနှီးမှုလာယူတာလို့ပြောတာပဲ"

"ဘာပဲဖြစ်ဖြစ် နင်တို့နှစ်ယောက်က ယူရမှာပဲ မဟုတ်လား၊ အနေးနဲ့အမြန်ပဲ ကွာမှာပေါ့"



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## ရွာလေဝီဂို

"လူကြီးတွေရဲ့ အစီအစဉ်အတိုင်းဆိုရင်တော့ အဲဒီအတိုင်းပဲ၊ ဒါပေမယ့် သူ့ပုံကြည့်ပြီး ယူရမှာ အတော်ရင်လေးတယ်၊ ကျွန်မမှာ ချစ်သူရှိတယ်လုပ်ရအောင်ကလည်း ရွာနားကမြက် ရွာနွားမစားတာပဲလား၊ မန္တလေးသားတွေကပဲ မျက်စိကန်းနေကြတာလား မသိဘူး၊ ဒီလောက်ချောတဲ့ငါ့ကို မမြင်ကြဘူး. . . ဟီးဟီး. . . "

မြို့ကြီးသူ့ စကားအဆုံး ဖြူဖြူထွန်းမြင့်ခမျာ သောက်နေတဲ့ ရေနွေးသီးပြီး "အဟွတ်. . . ဟွတ်. . . ဟွတ်. . . "တွေ ဖြစ်ကုန်တယ်။

ပြီးမှ ရင်ဘတ်ကိုလက်တစ်ဖက်နဲ့ ဖိထားရင်းကနေ. . .

"အောင်မငှလေး မိန်းမရယ်. . . ငါတော့ ရေနွေးသီးပြီးသေတော့မှာပဲ၊ ဒီလိုလုပ်ပါလား၊ ညည်းမကြိုက်ရင် လက်ရှောင်နေလိုက်လေ၊ အိုပါးကို ငါဝင်လုံးလိုက်မယ်. . . ယူပြီးရင် ကိုရီးယားကိုသွားရမှာဆိုတော့ အပိုင်ပဲ၊ သူ့ကိုဒီမှာယူပြီး ဟိုရောက်ရင် ကွာလိုက်မယ်. . . ပြီးမှ အိုပါးရိန်းကို ထပ်ယူမယ်. . . ဟီးဟီး. . . "

ပြောပြီး ဖြူဖြူထွန်းမြင့်က သွားသုံးဆယ့်တစ်ချောင်း(တစ်ချောင်းက ဂန်းနမ်းစတိုင်လ်သီချင်းကိုဖွင့်ပြီး သူမအိပ်ရာပေါ်မှာ မြင်းစီးသလိုခုန်ကရင်း ခုတင်ပေါ်ကပြုတ်ကျကာ ကျိုးသွားလို့ မရှိတော့ပါ) လုံးပေါ်အောင် တဟီးဟီးအော်ရယ်ပြန်တယ်။ မြို့ကြီးသူကတော့ ဖြူဖြူထွန်းမြင့်ကို ကြည့်ရင်း ခေါင်းတရမ်းရမ်း. . . ။



## ဂန်းနမ်းစတိုင်-လ်

"ကိုထည်ဝါတို့ပျင်းနေပြီလား. . . "

အပြုံးတစ်ခု အပြောတစ်ခုနဲ့ရောက်လာတဲ့ မြို့ကြီးသူကို ထည်ဝါနဲ့ မိုးလင်းတို့က စကားတွတ်ထိုးနေရာကနေ လှည့်ကြည့်လိုက်မိကြတယ်။ မြို့ကြီးသူက ရေချိုးပြီးကာစ ဖြစ်ဟန်ရှိကာ ပါးနှစ်ဖက်မှာက သနပ်ခါးပါးကွက်ကြားကြီးနှစ်ခုနဲ့။

"ညစာ စားရအောင်လေ၊ ဗိုက်ဆာနေကြရောပေါ့"

"ဩော်. . . ဟုတ်"

နှစ်ယောက်သားထိုင်ရာကထပြီး မြို့ကြီးသူနဲ့ ရင်ဘောင်တန်းကာ အိမ်ကြီးဘက် လျှောက်လာဖြစ်ကြတယ်။ မြို့ကြီးသူက သူတို့ဘက်ကို ဘေးတိုက်အနေအထားကနေ စောင်းငဲ့ကြည့်လာကာ. . .

"ကိုထည်ဝါတို့ မန္တလေးမြို့ထဲ အန့်ရောက်ဖူးလား. . . "

"ဩော. . . မန်းလေး(မန္တလေး)ကို မရောက်တာ သုံးနှစ်ကျော် လေးနှစ်နီးပါးလောက်ရှိပြီ၊ ဘယ်နေရာမှာ ဘာတွေပြောင်းလဲနေပြီလဲ တောင်မသိပါဘူး. . . "



www.burmeseclassic.com

www.burmeseclassic.com



"သွားချင်တဲ့ နေရာရှိရင်ပြောလေ. . . ကျွန်တော်လိုက်ပို့မှာပေါ့"

"သွားချင်တဲ့နေရာဆိုရင်တော့ မဟာမြတ်မုနိဘုရားကြီးကို အရင်ဆုံးသွားဖူးချင်တယ်ဗျာ့. . . တစ်ခေါက်ပဲရောက်ဖူးသေးတာ၊ နောက်မှ ကျန်တဲ့နေရာတွေ လျှောက်သွားတော့မယ်"

"ဟုတ်ပါပြီ. . . သွားချင်တဲ့နေရာမှန်သမျှ ကျွန်တော်လိုက်ပို့ပေးပါ့မယ်. . ."

စကားတပြောပြောနဲ့ သုံးယောက်သား အိမ်ထဲပြန်ဝင်လာခဲ့ကြတယ်။ ဦးထွန်းတင်နဲ့ ဒေါ်ကြူကြူမွှေးတို့က ထမင်းဝိုင်းမှာ ရောက်နှင့်နေကြပြီ။







နှလုံးသားက ခေါင်းမာတယ်

သူလုပ်ချင် ဖြစ်ချင်ပြီဆိုရင်

ဘယ်အရာနဲ့မှ တားလို့မရဘူး

ဘယ်သူ့စကားကိုမှလည်း နားမထောင်ဘူး

သူကပဲ အမိန့်တွေပေးသွားတတ်တာပါ



www.burmeseclassic.com

www.burmeseclassic.com









# ၄

မန္တလေးမြို့

"ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ၊ ဒုတိယံပိဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဒုတိယံပိ. . ."

မနက်လေးနာရီလောက်အချိန်ကြီးမှာ သံပြိုင်ထွက်ပေါ်လာတဲ့ ဘုရားရှိခိုးသံကြီးကြောင့် ဦးထွန်းတင်နဲ့ ဒေါ်ကြူကြူမွေးတို့နှစ်ယောက် အိပ်ပျော်နေရာကနေ လန့်နိုးလာကြတယ်။

"ဟင်! ဘာ. . . ဘာသံလဲ. . . မီး. . . မီးလောင်တာလားမသိဘူး. . ."

"ဘယ်. . . ဘယ်ကအသံကြီးတုန်းတော့်"

အဲလန့်တကြားရေရွတ်သံတွေနဲ့အတူ နှစ်ယောက်သားက ခုတင်ပေါ်မှာ ဝုန်းခနဲထထိုင်လိုက်မိကြတယ်။

"တတိယံပိဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ တတိယံပိဓမ္မံသရဏံ ဂစ္ဆာမိ၊ တတိယံပိ. . ."

အသံကြီးက ရိုးရိုးအော်နေတဲ့အသံဆိုရင် အဲဒီလောက်ကျယ်မှာ မဟုတ်ဘူး။ အခုဟာက မိုက်တွေ ဆောင်းဘောက်တွေနဲ့ကို အော်နေတာမို့လို့ ဟိန်းထွက်နေတာ။

"ဒါ. . . ဒါ ဘုရားရှိခိုးနေတဲ့အသံတော့်၊ ဒီအချိန်ကြီးမှာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကများ ဒီလောက်အကျယ်ကြီး အလိုက်ကန်းဆိုးမသိ ဘုရားရှိခိုးနေရတာလဲ မသိဘူးတော်"

"ဟုတ်ပါ့ကွာ၊ ဒါနဲ့နေစမ်းပါဦး. . . ငါ ဒီအသံတွေကိုကြားဖူးသလိုပဲ၊ သေချာနားထောင်စမ်းပါ. . ."

နှစ်ယောက်သားက စိတ်ညစ်ရတဲ့ကြားကနေ အသာငြိမ်ကာ ဘုရားစာရွတ်သံကို နားစွင့်ကြတယ်။

"ဩကာသ. . . ဩကာသ. . . ဩကာသ. . . ကာယကံ၊ ဝစီကံ၊ မနောကံ. . ."

"ဟင်! ဒါ. . . ဒါ. . . မောင်ထည်ဝါတို့နှစ်ယောက်အသံမဟုတ်လား၊ သေချာနားထောင်စမ်း. . ."

ဦးထွန်းတင်ရဲ့ စကားအဆုံးမှာတင်ပဲ ဒေါ်ကြူကြူမွှေးကလည်း အသံတွေကို ကျက်မိသွားကာ ဦးထွန်းတင်ရဲ့ပေါင်ကို ဘုန်းခနဲပုတ်လိုက်ရင်း. . .

"ဟုတ်ပါ့တော်. . . ဟုတ်ပါ့၊ ဒါ. . . ဟို ဂိလာနစတိုင်လ်နှစ်ယောက်ရဲ့အသံ"

"ဩော်. . . မင်းကလည်း၊ ဘယ်က ဂိလာနစတိုင်လ်ရမှာလဲ၊ ဂန်းနမ်းစတိုင်လ်လုပ်ပါကွ"

"အို. . . မသိဘူးတော်၊ အဲဒီနှစ်ယောက်အသံပဲ. . ."

"လာလာ. . . သွားကြည့်ရအောင်ကွာ၊ စိတ်ညစ်ပါတယ်. . . အိပ်ကောင်းတုန်းရှိသေးတယ်"

ပွစိပွစိရေရွတ်ကြကာ ဘုရားခန်းဆီကို ထွက်လာရင်း လမ်းခုလတ်ကိုရောက်တော့ သူတို့လိုပဲ အိပ်မှုန်စုံမွှားနဲ့ ထလာတဲ့ မြို့ကြီးသူကိုတွေ့လိုက်ရတယ်။





"ဟင်. . . ဖေဖေတို့ ဘယ်သွားမလို့လဲ"

"ဘယ်သွားရမှာလဲ. . . ဒီလောက်ဆူညံနေတဲ့ အသံကြီးကိုမကြားဘူးလား၊ ဘုရားခန်းကိုသွားမလို့လေ. . ."

"ဘုရားခန်းထဲကို သမီးရောက်လာပြီ ဖေဖေရဲ့၊ ဘုရားခန်းထဲမှာ မရှိဘူး"

"ဟင်. . . ဒါဆို ဘယ်နေရာမှာ ဘုရားရှိခိုးနေတာတုန်း. . ."

"သူတို့အခန်းထဲမှာ ဖြစ်မှာပေါ့တော်၊ လာလာ. . . သွားကြည့်ရအောင်၊ အောင်မလေး. . . အိမ်ကြီးတောင် ပွင့်ထွက်သွားမှာကြောက်ရတယ်"

သုံးယောက်သားက နားတွေကို လက်နှစ်ဖက်နဲ့အုပ်ကာ ထည်ဝါတို့နှစ်ယောက်ရှိတဲ့ အခန်းဆီကို ပြေးကြတယ်။ ဘုရားရှိခိုးသံကြီးက သူတို့နှစ်ယောက်အခန်းနားကို နီးလာလေလေ ပိုပြီးကျယ်လာလေလေပါပဲ။

"သေချာတယ်. . . သေချာတယ်၊ သူတို့ ဒီထဲကနေ အော်နေတာ. . ."

ဒေါ်ကြူကြူမွှေးက ပြောလည်းပြော တံခါးဘုကိုပါ လှည့်ဖွင့်လိုက်တယ်။ ဒါပေမယ့် တံခါးက အထဲက လော့(ခ်)ချထားတာဆိုတော့ ပွင့်မသွားဘူး။

"တံခါးက လော့(ခ်)ချထားတယ်တော့"

"မေမေကလည်း ဘာလို့ဖွင့်မှာလဲ၊ သူတို့ဘာသာ ဘုရားရှိခိုးနေတာကို"

"အသာချောင်းကြည့်ရအောင်လို့လေ"

"ဟာ. . . မေမေက မကောင်းပါဘူး၊ သူတို့ဘာသာ ဘုရားရှိ





www.burmeseclassic.com

www.burmeseclassic.com

ခိုးနေတဲ့ဟာကို၊ ကြားထဲက အလကားနေရင်း ငရဲရနေဦးမယ်၊ တော်ပြီ တော်ပြီ၊ သမီးကတော့ ပြန်အိပ်တော့မယ်"

"ဟဲ့. . . ဒီလောက်ပွက်လောရိုက်နေတာကို ဘယ်လိုလုပ် ပြန်အိပ်မှာလဲ"

"နားထဲကို ဂွမ်းဆို့အိပ်မယ်မေမေရယ်. . . သွားပြီ၊ ငရဲတော့ မယူချင်ပါဘူး"

မြို့ကြီးသူက ပြောလည်းပြော အခန်းဆီကိုလည်း ပြန်လျှောက်သွားတော့ ဦးထွန်းတင်နဲ့ ဒေါ်ကြူကြူမွှေးတို့နှစ်ယောက်ပဲ အခန်းဝမှာ ကျန်ခဲ့တော့တယ်။

"ကဲ. . . တော်နဲ့ကျုပ်ပဲ ကျန်ခဲ့တော့တယ်၊ ဘယ်လိုလုပ်ကြမလဲ"

"ဘာလုပ်ရမှာလဲကွာ၊ သူတို့က ကုသိုလ်ယူပြီး ဘုရားတရားအလုပ်လုပ်နေတာ ငါတို့က သွားပြောလို့မှ မကောင်းတာ၊ ငါတို့လည်း သမီးပြောသလိုပဲ နားထဲကို ဂွမ်းဆို့ပြီး ပြန်အိပ်ကြတာပေါ့. . . လာပါကွာ. . . လာလာ"

ဦးထွန်းတင်က ဒေါ်ကြူကြူမွှေးရဲ့လက်ကို ဆွဲကာ အခန်းဆီကို ပြန်လျှောက်သွားတယ်။ အခန်းထဲရောက်တော့ နှစ်ယောက်သားနားတွေထဲကို ဂွမ်းတွေထိုးထည့်ကာ ခေါင်းအုံးတွေကို နားနှစ်ဖက်မှာ အပေါ်အောက်ဖိကပ်ထားလိုက်မိကြတယ်။

ထည်ဝါတို့ အခန်းထဲမှာတော့ ထည်ဝါနဲ့မိုးလင်းက မိုက်တစ်ယောက်တစ်လုံးနဲ့ အိပ်ရာပေါ်မှာ ပက်လက်လှန်အနေအထားကနေ ဘုရားစာအုပ်တစ်ယောက်တစ်အုပ်ကိုင်ရင်း ဘုရားစာတွေကို သံပြိုင်အော်နေကြတော့တယ်။



မဟာမြတ်မုနိဘုရားကြီးကို ဖူးပြီးတော့ ဈေးဆိုင်တန်းတွေဘက်ကို လေးယောက်သား လျှောက်ကြည့်ဖြစ်ကြတယ်။ တစ်နေရာအရောက်မှာတော့ မိုးလင်းက ရုတ်တရက်ကြီး ပျောက်ချင်းမလှ ပျောက်သွားတယ်။

"ဟာ. . . ဟိုကောင် မိုးလင်းရော. . ."

ထည်ဝါ့ရဲ့ အထိတ်တလန့်စကားအဆုံး မြို့ကြီးသူနဲ့ ဖြူဖြူထွန်းမြင့်တို့က ပြုံးစိစိတွေဖြစ်ကုန်ကြကာ. . .

"ပါသွားပြီနဲ့တူတယ်. . ."

"ဗျာ!. . . ဘယ်ကိုပါသွားတာလဲဗျာ့"

ထည်ဝါ့စကားအဆုံး မြို့ကြီးသူနဲ့ ဖြူဖြူထွန်းမြင့်တို့က ဝါးခစ်ခစ်ရယ်ကြပြန်တယ်။ ပြီးမှ. . .

"လာလာ. . . ခင်ဗျားသူငယ်ချင်း ဘယ်ပါသွားတယ်ဆိုတာပြမယ်"

ဆိုပြီး သူမတို့နှစ်ယောက်က ရှေ့ကဦးဆောင်ကာ လာရာလမ်းအတိုင်း နောက်ကြောင်းကို ပြန်လှည့်သွားကြပြီး ဘယ်ညာနှစ်ဖက်မှာရှိတဲ့ ဗေဒင်ဟောခန်းတွေထဲကို ရှာကြည့်ကြတော့တယ်။ တစ်နေရာအရောက်မှာတော့. . .

"ဟော့ကောင်. . . ငါဒီမှာ"





www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့အသံနဲ့အတူ မိုးလင်းကို ဗေဒင်ဟောခန်းတစ်ခုထဲမှာ တွေ့လိုက်ရတယ်။ မိုးလင်းမျက်နှာကြီးက အီလည်လည်ကြီးနဲ့။

ပြုံးစိစိဖြစ်နေကြတဲ့ သူမတို့နှစ်ယောက်နဲ့ ထည်ဝါတို့က မိုးလင်းအနောက်နားမှာ အသာဝင်ထိုင်လိုက်ကြတယ်။ ဗေဒင်ဆရာကတော့ စာအုပ်တစ်အုပ်ထဲမှာ ဘာတွေကိုမှန်းမသိ ရေးခြစ်ပြီးတွက်နေတယ်။ ဒါနဲ့ ထည်ဝါက မိုးလင်းအနား အသာတိုးကပ်သွားလိုက်ရင်း လေသံသဲ့သဲ့နဲ့. . .

"မင်းက ဗေဒင်ယုံလို့လား. . ."

"မယုံပါဘူးကွာ၊ ဒါပေမယ့် ငါက ဘာမပြောညာမပြောနဲ့ ငါ့လက်ကိုဖျတ်ခနဲဆွဲပြီး ဒီထဲခေါ်ချသွားတာ၊ ရောက်လည်းရောက်ရော မွေးသက္ကရာဇ်ပြောဆိုပြီး သူ့ဘာသာတွက်နေတော့တာပဲ"

"ဟာင်. . . ဘယ်လိုကြီးလဲဟ"

မိုးလင်းက ခေါင်းကို ခါပြတယ်။ ဒီအချိန်မှာပဲ ဗေဒင်ဆရာက ပါဝါမျက်မှန်အထူကြီးကို ပင့်တင်လိုက်ကာ မိုးလင်းကိုကြည့်လိုက်ရင်းက. . .

"ကိုယ့်ညီရဲ့ဇာတာက သူဌေးဇာတာပဲကွ၊ မွေးကတည်းက အခုအချိန်ထိ ခြေမွေးမီးမလောင် လက်မွေးမီးမလောင်နေလာခဲ့ရတယ်၊ ဟုတ်တယ်မလား. . ."

ဗေဒင်ဆရာ့စကားကြောင့် မိုးလင်း မျက်နှာကြီးက အီလည်လည်ကြီးဖြစ်သွားရကာ. . .

"ဗျာ! ဆ. . . ဆရာကလည်း ကျွန်တော်က ယောကျ်ားလေးလေ၊ ဘယ်လိုလုပ် ခြေမွေးလက်မွေးမီးလောင်မှာလဲဗျာ. . ."

"ပြန်မပြောပါနဲ့၊ မှန်တယ်မမှန်ဘူးဆိုတာကိုပဲ ဖြေပါ၊ ပြောတာမှန်ရဲ့လား"

"ဟုတ်. . . မှန်. . . မှန်ပါတယ်"

မြို့ကြီးသူနဲ့ ဖြူဖြူထွန်းမြင့်တို့ဆီက ရယ်သံ ခပ်ကျိတ်ကျိတ်ထွက်လာတယ်။

"အိုး. . . အခုအချိန်အထိ ရည်းစားထားတိုင်းမှာ ကိုယ်က ချည်းပဲ စဖွင့်ပြောခဲ့ရတယ်၊ ဟုတ်တယ်မလား"

"ဗျာ. . . ကျွန်တော်က ယောက်. . . ယောကျ်ားလေးလေ၊ ဒီတော့"

"မှန်တယ် မမှန်ဘူးပဲ ပြောပါ၊ ကျန်တာတွေ မပြောပါနဲ့"

"ဟုတ်. . . မှန်. . . မှန်ပါတယ်"

"မှန်ရမယ်လေ၊ မှန်ရမယ်၊ သေချာကြည့်(ဗေဒင်ဆရာက သူ့မျက်နှာကိုသူ လက်ညှိုးထိုးညွှန်ပြကာ)၊ အင်္ဂလန်ကနေ ဒီဗေဒင်ပညာကို သင်လာခဲ့တာ၊ နှယ်နှယ်ရရမှတ်လို့လား၊ ဟိုမှာလည်းကြည့်လိုက်ဦး၊ (ဗေဒင်ဆရာက သူနဲ့ ရုပ်ရှင်မင်းသမီး မိုးပြည့်ပြည့်မောင် တွဲရိုက်ထားတဲ့ နံရံက ဓာတ်ပုံကို လက်ညှိုးထိုးပြလိုက်ပြန်ရင်း) မြင်လား၊ ရုပ်ရှင်မင်းသမီး မိုးပြည့်ပြည့်မောင်တောင်မှ ကိုယ့်ဆီကို တကူးတက ဗေဒင်လာမေးတဲ့အထိ ကိုယ့်နာမည်က သတင်းကြီးတာ. . ."

ဗေဒင်ဆရာပြတဲ့ မိုးပြည့်ပြည့်မောင်နဲ့တွဲရိုက်ထားတဲ့ ဓာတ်ပုံဆိုတာက တော်တော်ကြီးကိုဟောင်းနွမ်းနေပါပြီ။ ပြီးတော့ မိုးပြည့်ပြည့်မောင်က သူ့ဆီကို တကူးတကဗေဒင်လာမေးတယ် ဆိုတာကလည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်၊ ဘုရားဖူးလာရင်း ကြုံလို့ အပျင်းပြေ ဝင်မေးသွားတာပဲ ဖြစ်မှာ။ ဒါမှမဟုတ်. . . မင်းသမီးနဲ့ ဓာတ်ပုံတစ်ပုံလောက် ရိုက်ပါရစေဆိုပြီး ခွင့်တောင်းရိုက်ယူထားတာလည်း ဖြစ်နိုင်တာပါပဲ။







www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မိုးလင်းကတော့ ပြီးပြီးရော ဆိုတဲ့သဘောနဲ့. . .

"ဟုတ်. . . ဟုတ်ကဲ့"

လုပ်လိုက်တယ်။ ဒီတော့မှ ဗေဒင်ဆရာက မိန့်မိန့်ကြီးပြုံးလိုက်ရင်း ဗေဒင်ဆက်ဟောတယ်။

"အင်း. . . ဆက်ဟောရရင်တော့ ငါ့ညီထားခဲ့ဖူးတဲ့ရည်းစားတွေ အကုန်လုံးက မိန်းကလေးတွေချည်းပဲ၊ ဟုတ်တယ်မလား"

"ဗျာ ! "

ဒီတစ်ခါတော့ မြို့ကြီးသူတို့ နှစ်ယောက်သာမက ထည်ဝါပါအတော်ရယ်ချင်သွားရပြီး နောက်ဘက်ကိုလှည့်ကာ ရယ်ချင်စိတ်ကို မနည်းအပိုးသတ်လိုက်ရတယ်။

"မဗျာနဲ့၊ မှန်တယ်မမှန်ဘူးပဲဖြေ. . ."

"ဟုတ်. . . ဟုတ်ကဲ့၊ မှန်. . . မှန်ပါတယ်ဆရာ"

မမှန်ပါဘူးဆိုရင် ကိုယ်ကပဲ အခြောက်ဖြစ်ရဦးမှာဆိုတော့ မိုးလင်းခမျာ မှန်လိုက်ရပြန်တယ်။ စိတ်လည်း အတော်လေးကို ညစ်သွားရတယ်။

"အင်း. . . စီးပွားရေးနဲ့အချစ်ရေး ပြီးသွားပြီဆိုတော့ ဒီတစ်ခါ ကျန်းမာရေးကို ဟောပေးမယ်. . . ကျန်းမာရေးက"

ဗေဒင်ဆရာက စကားကို ခဏဖြတ်ထားလိုက်ကာ စာရွက်လွတ်ပေါ်မှာ ဘာတွေမှန်းမသိ လျှောက်ခြစ်နေလိုက်ပြီးမှ. . .

"ဩော. . . ကျန်းမာရေးကတော့ အဆိုးသိပ်မရှိပါဘူး၊ သိသာထင်ရှားတာကို ဟောရမယ်ဆိုရင် ဆောင်းတွင်းတွေမှာ မင်းတစ်ကိုယ်လုံး ချမ်းစိမ့်စိမ့်ဖြစ်နေတတ်တယ်. . . ဟုတ်တယ်မလား"

မရယ်ဘဲ မနေနိုင်တော့တဲ့ မြို့ကြီးသူနဲ့ ဖြူဖြူထွန်းမြင့်တို့က





ဟောခန်းအပြင်ကို ကသောကမျောထွက်သွားကြကာ တသောသောရယ်ကြတော့တယ်။ ဒီတစ်ခါတော့ မိုးလင်းလည်း စိတ်လျှော့လိုက်လေဟန်နဲ့(စိတ်ညစ်ခြင်း ဂိတ်ဆုံးရောက်သွားတာလို့ ပြောရင်လည်းရပါတယ်) ဗေဒင်ဆရာ့ရှေ့က စားပွဲကို လက်ဖဝါးနဲ့ ဘုန်းခနဲ ရိုက်ချလိုက်ကာ. . .

"မှန်လိုက်တာဆရာရယ်. . . သွေးထွက်အောင်ကို မှန်တယ်ဗျာ၊ မလေးစားဘဲကို မနေနိုင်တော့ဘူး၊ တကယ်ပြောတာ. . ."

"မှန်ရမယ်လေ. . . မှန့်ရမယ်၊ မိုးပြည့်ပြည့်မောင်တောင် လာမေးရသေးတာပဲ၊ ကိုယ့်ပညာက နှယ်နှယ်ရရမှတ်လို့လား၊ ဒီပညာကို စက်ာပူကနေတောင် သွားသင်ထားတာ"

"ဟင်! ဆ. . ဆရာစောစောကပြောတော့ အင်္ဂလန်ကနေသင်လာတာဆို"

"လျှာမရှည်နဲ့၊ ငါ့ဟောခန်းထဲက ကန်တော့ပွဲမှာ အမွှေးတိုင်ကုန်နေလို့ စက်ာပူကိုသွားဝယ်ရင်းနဲ့ မထူးပါဘူးဆိုပြီး စက်ာပူမှာပါ ပညာသင်လာခဲ့တာ. . . ဘာသိလို့လဲ"

"ဩော်. . . ဒီလိုလား. . . ဟုတ်ဗျာ့"

"ပါးစပ်ပိတ်ထား၊ ဆက်ဟောမလို့၊ ရှေ့လာမယ့် နွေရာသီကျရင် မင်းခန္ဓာကိုယ်မှာ ပူအိုက်တဲ့ ခံစားမှုတစ်ခုကို ခံစားရလိမ့်မယ်၊ အဲဒီတော့ ယတြာချေတဲ့အနေနဲ့ အဲဒီအချိန်ရောက်ရင် အကျႌပါးပါးဝတ်ပါ၊ အဲယားကွန်းအခန်းထဲမှာနေပါ. . . ဟုတ်ပြီလား"

"ဟုတ်ကဲ့. . . ဆရာ၊ ကျွန်တော်အဲဒီယတြာကို ချေဖြစ်အောင်ချေလိုက်ပါ့မယ်"

"ကဲ. . . ဒါဆို ဘာသိချင်သေးလဲ၊ သိချင်တာရှိရင် မေး"

"ဘာ. . . ဘာမှ မသိချင်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ပြီးတာပဲ၊ ကိုယ်က သူများတွေလို မဟုတ်တာတွေ လျှောက်ပြောပြီး ဟောခကို နင်းကန်တောင်းတတ်တဲ့သူ မဟုတ်ပါဘူး ကွ၊ မင်းကိုလည်း ကုသိုလ်ယူလိုက်တယ်လို့ပဲ သဘောထားပါတယ်၊ အဲဒါ ကြောင့် ဟောခတစ်ပြားမှ မယူတော့ပါဘူးကွာ. . ."

မမျှော်လင့်ထားတဲ့စကားကို ကြားလိုက်ရတာဆိုတော့ မိုးလင်း မျက်လုံးတွေက အရောင်တွေတောက်သွားပြီး. . .

"ဟား. . . ဝမ်းသာလိုက်တာဆရာရယ်၊ ကျွန်တော့်ကို အလ ကားဟောပေးတာပေါ့၊ ဒါဆို ကျွန်တော်ပြန်တော့မယ်နော် ဆရာ. ."

ဆိုပြီး မိုးလင်းရော ထည်ဝါရောက ထိုင်ရာကနေ ထပြန်ကြဖို့ လုပ်တယ်။ ဒီမှာတင်ပဲ ဗေဒင်ဆရာက အလန့်တကြားဟန်နဲ့ သူ့ရှေ့ က စားပွဲပေါ်ကနေ ခန္ဓာကိုယ်ကိုကိုင်းကာ မိုးလင်းလက်တစ်ဖက်ကို လှမ်းဆွဲထားလိုက်ရင်း. . .

"နေ. . . နေဦးလေ၊ နေကြပါဦး၊ ကိုယ်ပြောတဲ့စကားကို ဆုံး အောင်နားထောင်ကြစမ်းပါဦး. . ."

"ဩော်. . . မသိပါဘူး၊ ကျွန်တော်တို့က ဟောလို့ပြီးသွားပြီ အောက်မေ့လို့ဗျာ."

"ဟော. . . ဟောလို့က ပြီးသွားပါပြီ၊ ဒါပေမယ့် ယတြာချေဖို့ လိုသေးတယ်ဗျာ့၊ သေချာကြည့်တော့ ငါ့ညီရဲ့ ဇာတာမှာက အညံ့လေး တွေ နည်းနည်းရှိနေတယ်လေ၊ အဲဒါကြောင့် ယတြာချေပေးရမယ်"

"ဩော်. . . ဒီလိုလား၊ ဟုတ်. . . ဟုတ်. . . ယတြာက ဘယ် လိုချေရမှာလဲ၊ ပြောပါခင်ဗျာ."

"ဟဲဟဲ. . . သိပ်မခက်ပါဘူးကွာ၊ ဒီလိုပါ၊ ငါ့ညီရဲ့အညံ့တွေ ကျေသွားအောင် ကိုးနဝင်းချေတဲ့အနေနဲ့ အစ်ကိုရဲ့ကန်တော့ပွဲထဲကို





အလှူငွေသဘောမျိုးလေး ထည့်ပေးခဲ့ဖို့ပါ. . ."

မိုးလင်းနဲ့ ထည်ဝါတို့က တစ်ယောက်ကိုတစ်ယောက် ကြည့် လိုက်မိကြတယ်။

"ဘယ်. . . ဘယ်လောက်ထည့်ရမှာလဲ"

"ဩော်. . . သိပ်မများပါဘူးကွာ၊ ကိုးနဝင်းချေရမှာဆိုတော့ ကိုးနဝင်းလည်း ကျေသွားအောင်၊ အနန္တောအနန္တငါးပါးကိုလည်း ဦးထိပ်ထားရာ ရောက်သွားရလေအောင် ကိုးဂဏန်း ငါးလုံးလောက်ပဲ ထည့်ခဲ့ပါ. ."

"ဗျာ ! ကိုးဂဏန်းငါးလုံး. . ."

"ဟုတ်တယ်လေကွာ၊ ကိုးသောင်းကိုးထောင်ကိုးရာကိုးဆယ့် ကိုးကျပ်ပေါ့. . ."

မိုးလင်းနဲ့ ထည်ဝါတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြပြန်တယ်။ ဗေဒင်ဆရာတော့ ရိုက်ပြီလို့လည်း တွေးလိုက် မိကြပြန်သေးတယ်။ မိုးလင်းက ဗေဒင်ဆရာကို စပ်ဖြဲဖြဲပုံစံလေးနဲ့ ကြည့်လိုက်ရင်း. . .

"ဆ. . . ဆရာ. . . ဟို. . . ဒီယတြာက မချေလို့မရဘူးလား"

"နိုးနိုးနိုး. . . မရဘူး၊ မချေရင် မင်းဘဝကြီး ဇောက်ထိုးမိုးမျှော် ဖြစ်သွားမှာပေါ့၊ ချေမှကိုဖြစ်မှာ. . ."

ထည်ဝါ မနေသာတော့ဘူး။ ဝင်ပါမှ ဖြစ်တော့မယ်ဆိုတာကို တွေးလိုက်မိပြီး. . .

"ဟော့ကောင်. . . မင်းကလည်းကွာ၊ မင်းဘဝကြီး ဇောက်ထိုး မိုးမျှော်ဖြစ်မယ့်ကိစ္စကို ဘာလို့တွန့်တိုနေတာလဲ၊ ချေလိုက်စမ်းပါ၊ ဒါပေ မယ့် မင်းပိုက်ဆံက မြို့ကြီးသူဆီမှာ မလား၊ သူတို့က အပြင်မှာလေ၊ လာလာ. . . သွားယူရအောင်၊ ခဏ. . . ခဏနော်ဆရာ၊ ကျွန်တော်တို့





www.burmeseclassic.com

www.burmeseclassic.com

အပြင်မှာ ပိုက်ဆံသွားယူလိုက်ဦးမယ်၊ ကိုးဂဏန်းငါးလုံးနော်ဆရာ. . . ဟုတ်တယ်မလား. . .”

ဆိုပြီး မိုးလင်းကို အသာလက်ကုတ်ခေါ်လာခဲ့လိုက်ပြီး အပြင်ကို ထွက်လာခဲ့လိုက်တယ်။ မြို့ကြီးသူနဲ့ ဖြူဖြူထွန်းမြင့်က ဗေဒင်အခန်းနဲ့ မလှမ်းမကမ်းမှာ စကားတွတ်ထိုးပြီး ရပ်စောင့်နေကြတာ။ ဒါနဲ့ထည်ဝါက မိုးလင်းကို ပခုံးနဲ့တစ်ချက်တွန်းတိုက်လိုက်ရင်း. . .

“ပြေးမယ်. . . ဟေ့ကောင်၊ မင်းက ဖြူဖြူထွန်းမြင့်ကို တာဝန်ယူ၊ ငါက မြို့ကြီးသူကို တာဝန်ယူမယ်”

ဆိုပြီး နှစ်ယောက်သားက မြို့ကြီးသူတို့ အနားကိုရောက်တော့ ဘာမပြောညာမပြောနဲ့ တစ်ယောက်စီလက်ဆွဲကာ. . .

“ပြေးဟေ့. . . ပြေးဟ”

ဆိုပြီး ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင်ပြေးကြတော့တယ်။ သူမတို့နှစ်ယောက်ကလည်း ယက်ကန်ယက်ကန်နဲ့ သူတို့ဆွဲပြေးရာနောက်ကို ပါလာကြပြီး ကားပေါ်ရောက်တော့မှ ဖြစ်ကြောင်းကုန်စင်ကို ပြန်ပြောပြကြရင်း တသောသောရယ်မိကြတော့တယ်။

“ခင်ဗျားတို့က လည်သားပဲ၊ ကျွန်တော်တို့နှစ်ယောက်က ခင်ဗျားတို့ကို ကောင်းကောင်းခံရတော့မယ်မှတ်နေတာ၊ ဒီဘုရားစောင်းတန်းမှာက အဲဒီလိုပဲ၊ ဘာမပြောညာမပြောနဲ့ ဗေဒင်ခန်းထဲကို ဆွဲသွင်းကြတော့တာ၊ မသိတဲ့လူဆို ခံရပြီသာမှတ်၊ တကယ်ဟောတတ်တဲ့သူတွေလည်းရှိပါတယ်၊ ဒါပေမယ့် လုပ်စားနေတဲ့လူတွေကလည်း တစ်ပုံကြီးပဲ၊ အဲဒီဗေဒင်ဆရာလို ကိုးဂဏန်းငါးလုံး ယတြာချေခိုင်းတတ်တဲ့ ဗေဒင်ဆရာတွေကလည်း ဒုနဲ့ဒေးပဲ. . .”



ကွန်ပျူတာဖန်သားပြင်မှာပေါ်လာတဲ့ ယသော်ရဲ့မျက်နှာက အလိုမကျမှုတွေ အတိုင်းသားနဲ့။ မျက်ခုံးနှစ်ဖက်ကလည်း တွန့်ချိုးထားပါသေးတယ်။

“ဘယ်လိုလဲ. . . မန်းလေး(မန္တလေး)သူရဲ့ အလှကြောမှာ မျောနေပြီလား ဟုတ်လား. . . ပြောစမ်းပါဦး”

“ဟာကွာ. . . ယသော်ကလည်း၊ တွေ့တာနဲ့ ခနဲ့ဖို့ပဲချောင်းနေတော့တာပဲ၊ ဒီကတော့ ဝေးနေတဲ့ ချစ်သူလေးမျက်နှာကိုကြည့်ပြီး ရင်တခုန်ခုန်နဲ့ ကြည်နူးလိုက်မယ်တွေးထားတာကို၊ သွားပါပြီကွာ၊ စကားပြောရမှာတောင် ဖီးလ်မလာတော့ဘူး”

သူ့စကားအဆုံး ယသော်ရဲ့မျက်ခုံးတွေဟာ ပိုမိုကျုံ့သွားပြီး တစ်ဖက်နဲ့တစ်ဖက် ထိကပ်သွားကြကာ လူကလည်း ကွန်ပျူတာထဲက ခုန်ထွက်လာတော့မယ့်ပုံစံမျိုးနဲ့. . .

“ဘယ်လာမလဲ၊ ဒီကိုဘယ်လိုလုပ်ပြီး ဖီးလ်က လာတော့မလဲ၊ အဲဒီမှာ လာစရာဖီးလ်က ရှိနေတာကိုး”



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်တွေ အတော်လေးကိုပဲ ရှုပ်သွားရတယ်။ သူမရဲ့ ဒီလိုရစ်တတ်တဲ့အကျင့်တွေက ဘယ်တော့များမှ ဖျောက်မှာပါလိမ့်။ သူက စိတ်ပျက်တယ်ဆိုတဲ့ ဒီဇိုင်းနဲ့ ဘာမှမပြောဘဲ ကွန်ပျူတာထဲက သူမမျက်နှာကြီးကိုပဲ ဒီအတိုင်း ရှုတည်တည်ကြီးနဲ့ကြည့်နေလိုက်တော့ သူမကပဲ စကားကိုဆက်ပြောတယ်။

"ဒါနဲ့ ရှင့်မိဘတွေကိုရော ယသော်အကြောင်း ဖွင့်ပြောပြီးပြီလား၊ သူတို့က ဘာပြောလဲ"

"မပြောရသေးပါဘူးကွာ၊ အဲဒီက ပြန်လာပြီးကတည်းက ရန်ကုန်မှာကို နေခွင့်မပေးဘူး၊ ဒီကိုတန်းလွှတ်လိုက်တာ"

"အဲဒါ ထည်ဝါမပြတ်သားလို့လေ၊ ထည်ဝါလုပ်နေပုံကိုက မဟုတ်တာ၊ ပြောစရာရှိတာကို မပြောဘဲ နေ့ရွှေ့ညရွှေ့လုပ်နေတာကိုး၊ ဘာလဲ ထည်ဝါ့မိဘတွေအမြင်မှာ ယသော်က အဲဒီမန်းလေးသူကို မယှဉ်နိုင်ဘူးလို့ ထည်ဝါထင်နေတာလား၊ ပြောစမ်းပါ၊ အဲဒီမန်းလေးသူက ယသော့်ထက် ဘယ်နေရာမှာများ ပိုသာနေလို့လဲ. . . ပြော"

"ကျွတ်. . . မဟုတ်ပါဘူးကွာ ယသော်ကလည်း၊ ထင်ရာမြင်ရာတွေကို စွတ်စွတ်ပြောနေတော့တာပဲ၊ ဒီမှာ အလိုလိုနေရင်း ခေါင်းစားနေရတဲ့အထဲ ယသော်ကပါ ခေါင်းစားနေပြန်ပြီ"

"ဟာ. . . ယသော်က စားနေတာမဟုတ်ဘူး၊ ထည်ဝါက စားနေတာ၊ တကယ်က ပြောသင့်တာကို ပြောလိုက်ရင် ပွဲက ခဏလေးနဲ့ပြီးသွားရမှာ၊ ထည်ဝါ့ဘာသာ ပတ်ဝေ့နေလို့ ဇာတ်က ရှည်နေတာ၊ တကတည်း. . . သူကပဲ စိတ်တိုရတယ်ရှိသေးတယ်၊ ကျွတ်. . ."

သူမစကားအဆုံးမှာတင်ပဲ သူ့ကွန်ပျူတာမျက်နှာပြင်မှာပေါ်နေတဲ့ သူမမျက်နှာကြီးက ပျောက်သွားကာ မှောင်အတိကျသွားတယ်။





သူမက သူမ lap top ကို ထောင်ထားရာကနေ ပါဝါမပိတ်ပဲ ဒီအတိုင်းနဲ့ ခေါက်ချိုးနေရာကနေ ပိတ်ချလိုက်ပြန်ပုံပါပင်။ ဒီတော့ သူကလည်း "နေကွာ"ဆိုတဲ့ဒီဇိုင်းနဲ့ အင်တာနက်လိုင်းကိုပိတ်ချလိုက်ကာ ထိုင်ရာကထလာလိုက်ရင်း ခုတင်ပေါ်မှာ ပက်လက်လှန်လှဲချလိုက်တယ်။ ဒီတော့မှ နားမှာ နားကြပ်တပ်ပြီး ငြိမ့်နေတဲ့မိုးလင်းက နားက နားကြပ်ကို ဖြုတ်လိုက်ကာ သူ့ဘက်စောင်းကြည့်လာရင်း. . .

"ဘယ်လိုလဲ၊ တော်တော်မှ အရစ်ခံလိုက်ရရဲ့လား"

"ဟင်း. . . ထုံးစံအတိုင်းပဲပေါ့ကွာ၊ မင်းသိပြီးသားပါ"

"သိပါ့ကွာ၊ သိပါ့၊ ကမ္ဘာ့အရစ်ဆုံးလူသားဆိုပြီး ဂင်းနစ်စံချိန်ပေးရင် မင်းရည်းစားက ပြိုင်ဘက်ကင်းရမှာ၊ မင်းမို့လို့ ဒီလောက်အထိသည်းခံနိုင်တယ်၊ မင်းနေရာမှာ ငါသာဆိုရင် စိတ်မရှည်တာနဲ့ ပြတ်တာကြာပြီ"

"ဒါတော့ ဒါပေါ့ကွာ. . . ဒါပေမယ့်"

"ချစ်တာကိုးလို့ ပြောဦးမလို့လား၊ မင်းအချစ်ကရော ဘယ်လောက်အထိ သည်းခံနိုင်မှာတဲ့လဲ၊ ကြည်နူးနေရမယ့် သမီးရည်းစားဘဝမှာတောင် ဒီလောက်လှည့်ပတ်အရစ်ခံပြီး စိတ်ညစ်နေရတာ ယူများယူပြီးသွားရင် ဘယ်လိုလုပ်မလဲ၊ နေ့စဉ်နဲ့အမျှ မနက်နေထွက်ကနေ ည နေဝင်တဲ့အထိ ရစ်လို့ကို အဆုံးသတ်မှာမဟုတ်ဘူး၊ မင်းလည်း မြန်မြန် ခေါင်းမွေးဖြူပြီး အဘိုးကြီးအိုဖြစ်မှာပဲ၊ ရုပ်ကလေးချောသလောက် တော်တော်ရစ်တဲ့ 'ဂျပန်ဝက်အူမ"

မိုးလင်းရဲ့ ပွစိပွစိအပြောစကားကြောင့် သူက ပြုံးမိတယ်။ ပြီးတော့ မျက်လုံးထဲမှာ ယသော့်မျက်နှာကို မြင်ယောင်ကြည့်မိပြန်တယ်။

ယသော့်အချစ်ကိုရဖို့ တစ်နှစ်နီးပါးလောက် သူ့ဘက်က အ





www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကဲ့

တော်လေးကို ကြိုးစားယူခဲ့ရတာပါ။ ယသော်နဲ့သူက ကိုယ့်ကုမ္ပဏီအသီးသီးအတွက် ကိုရီးယားရုံးခွဲတွေမှာ ရုံးလာထိုင်ကြရင်းကနေ တွေ့ခဲ့ကြတာပါ။ နောက်တော့ တစ်ယောက်နဲ့တစ်ယောက် ခင်မင်သွားကြရာကနေ ချစ်သူတွေအဖြစ်ကို ရောက်ရှိခဲ့ကြတာ။ အဲဒီလိုချစ်သူဖြစ်ဖို့ကိုလည်း သူမရဲ့ ရစ်နည်းပေါင်းများစွာကို သူ့ဘက်က အလူးအလဲခံပြခဲ့ပြီးတော့ ကြိုးစားယူခဲ့ရတာပါ။ ဒါပေမယ့် အဲဒီအချိန်တွေတုန်းကတော့ သူမရဲ့ ရစ်ပုံရစ်နည်းလေးတွေက ချစ်စရာလေးတွေလို့ ထင်ခဲ့မိတာလေ။ စိတ်ရှုပ်စရာလို့လည်း မမြင်မိပါဘူး။ အခုတော့မှ သူမရစ်နည်းတွေက သူ့စိတ်တွေကို ရှုပ်ထွေးလာစေခဲ့တာ။

"ခေါင်းမွေးဖြူလည်း မတတ်နိုင်ဘူးလေကွာ၊ ငါ့နှလုံးသားက သူ့ကို ရွေးချယ်ထားပြီပဲလေ၊ နှလုံးသားက ခေါင်းမာတယ်ကွ၊ သူလုပ်ချင်ဖြစ်ချင်ပြီဆိုရင် ဘာနဲ့မှ တားလို့မရဘူး၊ ဘယ်သူ့စကားကိုမှလည်း နားမထောင်ဘူး၊ သူကပဲ အမိန့်တွေကို ပေးပေးသွားတတ်တာ. . ."



ဂနန်းစိတ္တင်-လ

လက်မထပ်ခင်အချိန်အထိ

ရည်းစား၊ ဟားဖြစ်ခဲ့ခြင်းဟာ

ဂုဏ်ယူစရာပါ...

ဒါမှ ကိုယ်တစ်ဘဝလုံး၊

လက်တွဲရမယ့်သူတစ်ယောက်တည်းကိုပဲ

ကိုယ့်ရဲ့ရှိသမျှအချစ်တွေအကုန်လုံးကို

တစ်စုတစ်စည်းတည်းပေးလိုက်နိုင်မှာလေ

နောင်တစ်ချိန်ပြန်တွေးကြည့်ရင်

အဲဒီလူရဲ့ အချစ်သမိုင်းက

ဘယ်လောက်ဂုဏ်ယူစရာကောင်းသလဲ...





www.burmeseclassic.com

www.burmeseclassic.com





# ၇

## မန္တလေး

Breakfast စားပြီး ခြံထဲဆင်းလာတော့ ပေါက်တီကိုအောက်မှာ ဆိုင်ကယ်ကို အဝတ်တစ်ခုနဲ့သုတ်နေတဲ့ မြို့ကြီးသူကို တွေ့လိုက်ရတယ်။ ပါးနှစ်ဖက်မှာ သနပ်ခါးပါးကွက်ကြားနှစ်ခုကို အပြည့်ကွက်ထားပြီး ပါတိတ်ဝမ်းဆက်အညိုရောင်လေးနဲ့ သူမပုံစံက မျက်စိအေးစေတာတော့ အမှန်ပါပဲ။

"ဘယ်သွားမလို့တုန်းဗျာ. . ."

ဆိုပြီး သူက သူမအနားကိုလျှောက်သွားလိုက်တော့ သူမက ဆိုင်ကယ်သုတ်နေရာကနေ မော့ကြည့်လာကာ. . .

"ဩော်. . . ကျွန်တော်လား၊ 78 ဈေးသွားမလို့ဗျာ၊ ဝယ်စရာလေးနည်းနည်းရှိလို့လေ၊ ပျင်းနေရင် လိုက်ခဲ့ပါလား"

"တကယ်လား၊ လိုက်တော့လိုက်ချင်တယ်၊ ဒါပေမယ့်. . . ဟိုဟာလေ၊ ကိုယ်က ဆိုင်ကယ်မစီးတတ်ဘူး. . ."

သူ့စကားအဆုံး သူမက အရေးမကြီးသလိုပုံစံမျိုးနဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား မစီးတတ်တော့ ဘာဖြစ်လဲဗျာ့၊ ကျွန်တော်စီးမှာပေါ့၊ ကျွန်တော့်နောက်ကလိုက်ခဲ့လေ"

"အိုခေ. . . ဒါဆိုခဏစောင့်၊ ကိုယ်အဝတ်အစားသွားလဲလိုက်ဦးမယ်"

ပြောပြီးသူက အိမ်ထဲပြန်ဝင်လာခဲ့လိုက်ကာ အပေါ်ထပ်က သူ့အခန်းရှိရာကို တဝုန်းဝုန်းပြေးတက်လာခဲ့လိုက်တယ်။ အခန်းထဲရောက်တော့ မိုးလင်းက gtalk မှာ ကောင်မလေးတစ်ယောက်နဲ့ အီနေရာကနေ သူ့ကိုတစ်ချက်လှမ်းရှိုးလာရင်း. . .

"ပျာပျာ ပျာပျာနဲ့ ဘာဖြစ်လာတာတုန်း. . ."

"ဘာမှ မဖြစ်ဘူး၊ မြို့ကြီးသူနဲ့ shopping ခဏလိုက်သွားမလို့၊ မင်းဘာမှာဦးမလဲ. . ."

"shopping! . . ."

"အင်းလေကွာ၊ ဒါအခွင့်အရေးကောင်းကွ၊ ဒီလိုနှစ်ယောက်တည်း သွားရမယ့်အချိန်မှာ သူစိတ်ပျက်သွားအောင် လုပ်ရမယ်"

ပြောပြီး သူက မျက်စိမှိတ်ပြလိုက်တော့ မိုးလင်းကလည်း သဘောပေါက်သွားတဲ့ မျက်နှာပေးမျိုးနဲ့ ခေါင်းတဆတ်ဆတ်ညိတ်ကာ ကွန်ပျူတာရှေ့ကနေ ထလာတယ်။ နောက်တော့ သူတို့ အထူးချုပ်လာတဲ့ ဝတ်စုံတွေအများကြီးထဲကနေ အနက်ရောင် ဝတ်စုံတစ်စုံကို ထုတ်ပေးလာကာ. . .

"ရော့. . . အဲဒါကိုဝတ်သွား"

တဲ့။ ဝတ်စုံက အထက်အောက်အနက်ရောင်တွေချည်းကိုမှ အောက်ကဘောင်းဘီက စကတ်မှန်း၊ ဘောင်းဘီမှန်းမကွဲလောက်အောင် လုံးဝအပွကြီးဖြစ်နေကာ အောက်ခြေအနားတွေကကျတော့ မျှော့တွေ





နဲ့ အရှုံ့လုပ်ထားတာ။ ဒီတော့ ဝတ်လိုက်တာနဲ့ ခြေထောက် နှစ်ချောင်းမှာ မီးပုံးပျံကြီးတစ်ဖက်တစ်လုံး စွပ်ထားသလိုပါပဲ။ အပေါ်က အင်္ကျီကကျတော့ အောက်တစ်လွှာက ကိုယ်ကျပ်ဖြစ်ကာ အပေါ်တစ်လွှာကကျတော့ အဖတ်အဖတ်တွေအများကြီးပါတဲ့ ဝေ့စစ်ကုတ်ပုံစံ ခပ်ပွပွပါ။ ဒါတွေကိုဝတ်ပြီး ခေါင်းကဆံပင်ကို ဂျို(ချို)စောင်းနှစ်ဖက်မှာ ဘီးခွဲရာနှစ်ခုပေါ်အောင်ထည့်ဖြီးကာ အပေါ်တည့်တည့်က ဆံပင်တွေကိုကျတော့ အရင်ကလို ပိပြားနေအောင်မဖြီးဘဲ ရှိသမျှအကုန်ထောင်လိုက်တယ်။ ပြီးတော့ လည်ပင်းနဲ့လက်တွေမှာ အဖြူရောင်ပုလဲပုတီးတွေ ပတ်လိုက်တဲ့ အခါမှာတော့ ဒီဇိုင်းက မူးမေ့ချင်လောက်အောင်ဖြစ်သွားပါတော့တယ်။

အားလုံးဝတ်ပြီးသွားတော့ မိုးလင်းက ထည်ဝါ့ကို ခြေအစ ခေါင်းအဆုံး အထက်အောက်နှစ်ခါလောက်ကြည့်ကာ လက်မထောင်ပြလိုက်ရင်း. . .

"အိုခေ. . . ရပြီ၊ လစ်တော့၊ မင်းအစွမ်းအစ ဘယ်လောက်ရှိတယ်ဆိုတာကို နားထောင်ဖို့ငါစောင့်နေမယ်သားကြီး၊ လုပ်ထည့်လိုက်တော့. . ."

"ကစ်ပြီကွာ၊ ကစ်ပြီ၊ အပီကစ်ပြီ. . ."

ပြောကာ သူက လှေကားထစ်တွေကနေ အောက်ကိုတဒုန်းဒုန်းပြေးဆင်းလာခဲ့လိုက်တော့တယ်။ အိမ်ရှေ့က ဆိုင်ကယ်နားကိုရောက်လို့ သူ့ပုံစံကို မြို့ကြီးသူ မြင်သွားတဲ့အခါမှာတော့ သူမရဲ့မျက်နှာက မသိမသာရှုံ့မဲ့သွားတာကို တွေ့လိုက်ရတယ်။ ဒါပေမယ့် ဘာမှတော့ မပြော။

"စောင့်ရတာကြာနေပြီလား. . . သွားရအောင်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဟုတ်"

သူမက သူ့ဘက်ကို ဆိုင်ကယ်ဦးထုပ်တစ်လုံး ကမ်းပေးလာရင်း က. . .

"ဒီ. . . ဒီဟာဆောင်းခဲ့ပါ၊ ဆပ်ပလိုင်းချက်နဲ့ တိုးနေမှာစိုးလို့"

သူက သူမပေးတဲ့ ဆိုင်ကယ်စီးဦးထုပ်ကို ယူလိုက်ပြီး မဆောင်းသေးဘဲ လက်ထဲမှာသာ ကိုင်ထားရင်းက. . .

"ဟို. . . ဆပ်ပလိုင်းချက်နားတွေ့မှ ဆောင်းမယ်လေ၊ ကေ. . . ကေပျက်မှာစိုးလို့ပါ"

သူ့စကားကြောင့် သူမက တစ်ဖက်လှည့်ကာ ရယ်တယ်။ ပြီးမှ သူ့ဘက်ပြန်လှည့်လာကာ. . .

"သွားရအောင်လေ၊ လာလာ. . . တက်"

တက်ဆိုမှ ခက်တော့တယ်။ မိန်းကလေးဖြစ်တဲ့ သူမက ရှေ့ကမောင်းမှာဆိုတော့ သူက နောက်ကနေ ခွထိုင်လို့က မသင့်တော့ဘူး။ ဒီတော့ သူက မိန်းကလေးတွေထိုင်သလို ဘေးတစောင်းပဲတက်ထိုင်လိုက်မိတယ်။ ဒီတော့ ဝတ်ထားတဲ့ အဝတ်အစားရယ်၊ ထိုင်နေရတဲ့ပုံစံရယ်ကို သူ့မျက်လုံးထဲမှာ ကိုယ့်ကိုကိုယ် ပြန်မြင်ယောင်ကြည့်မိရင်း အတော့်ကို ကသိကအောက်ကြီး ခံစားလိုက်ရတယ်။

မသိရင်. . . မိတ်ကပ်ပြင်တဲ့ မာမီလိုလို၊ တောင်ပြိုးပွဲကိုလာတဲ့ နတ်ကတော်လိုလိုပါပဲ။





ဒီလိုနဲ့ 78 ကိုရောက်တော့ ထည်ဝါက မြို့ကြီးသူ့နောက်ကနေ တကောက်ကောက်လိုက်ကာ သူမစိတ်ပျက်သွားအောင် ဘယ်လိုလုပ်ရမလဲ ဆိုတာကို အငေသအလဲအကြံထုတ်နေမိတယ်။ သူတို့နှစ်ယောက်သွားလေရာမှာ ရှိတဲ့လူတွေက သူ့ကိုကြည့်ပြီး ပြုံးစိစိလုပ်ကြပေမယ့် သူမကတော့ ဘယ်လိုမှ မခံစားရပုံပါပင်။

ဒီလိုနဲ့ လျှောက်ပတ်နေကြရင်းကနေ သူမက အဝတ်အစားဆိုင်တစ်ခုထဲကို ဝင်သွားတဲ့အခါမှာတော့ သူ့ခေါင်းထဲကို အကြံတစ်ခုက လင်းခနဲဝင်ရောက်လာတယ်။ ဒါနဲ့သူက အဝတ်အစားတန်းတစ်ခုအနားမှာ ခါးလေးထောက်ပြီး တစ်နေရာကိုငေးနေတဲ့ ကောင်မလေးတစ်ယောက်အနားကို လှစ်ခနဲလျှောက်သွားလိုက်ရင်း. . .

"ဟား. . . ဒီအရုပ်မလေးမှာ ဝတ်ထားတဲ့အင်္ကျီလေးက မြို့ကြီးသူနဲ့ အတော်လိုက်မှာပဲ၊ မြို့ကြီးသူအတွက် ကျွန်တော်ဝယ်ပေးမယ်၊ ချွတ်လိုက်မယ်နော်. . . "





www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး သူက ကောင်မလေးရဲ့အင်္ကျီကို ဆွဲချုတ်ဖို့လုပ်လိုက်တယ်။ ဒီတော့မှ ကောင်မလေးက မျက်လုံးပြူးမျက်ဆံပြူး အလန့်တကြားနဲ့. . .

"ဟင်. . . အို. . . ရှင်. . . ရှင်ဘာလုပ်တာလဲ"

"ဟင်! ဟာ. . . လူလား၊ ဆော. . . ဆောရီးပါဗျာ"

"ဘာဆောရီးလဲ၊ ရှင်. . . ရှင် လူယုတ်မာ. . ."

"ဟာ. . . မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က အ. . . အရုပ်မ, မှတ်လို့ပါ. . ."

ကောင်မလေးက အရောင်းစာရေးတော့ ဟုတ်ပုံမပေါ်။ သူမက ဒီဆိုင်က အရောင်းစာရေးမလေးတွေ ဝတ်ထားတဲ့ ယူနီဖောင်းနဲ့မဟုတ်။ လုံးဝကို အလွှင့်ဒီဇိုင်းနဲ့။

"ဘာအရုပ်မနဲ့ လွဲတာလဲ၊ မဟုတ်တာတွေ လာပြောမနေနဲ့၊ ဒါမျိုးတွေ ရိုးနေပြီ၊ ရှင် တမင်လုပ်တာ၊ ရှင့်ကို ရဲစခန်းပို့မယ်၊ ရဲလက်အပ်မယ်. . ."

"ဟာ. . . မ. . . မဟုတ်"

ကောင်မလေးက သူ့စကားကို ဆုံးအောင်နားမထောင်ဘူး။ ပက်ဝန်းကျင်ကို တစ်ချက်ဝေ့ဝဲကြည့်ပြီး ကြုံးအော်တယ်။

"လာကြပါဦးရှင်. . . လာကြပါဦး၊ ဒီမှာ ကျွန်မကို မဖွယ်မရာလာလုပ်နေပါတယ်၊ ဒီလူပါ. . . ဒီလူပါ၊ ဝိုင်းဖမ်းပေးကြစမ်းပါ၊ လာကြပါဦးရှင်. . . လာကြပါဦး"

သူက ဒီလောက်အခြေနေထိ တွေးမထား။ တောင်းပန်လိုက်ရင်ပြီးသွားမယ်လို့ပဲ တွေးထားတာပါ။ ဒါပေမယ့် သူတွေးထားတာထက် အခြေအနေက ပိုဆိုးလာတော့ သူလည်း ဇောချွေးပျံလာပြီး ထွက်ပြေး





ဖို့ပြင်လိုက်တယ်။ ဒါပေမယ့် ကောင်မလေးက သူ့ထက်ပိုလျင်နေတော့ သူ့အင်္ကျီကို နောက်ဘက်ကနေ ဆွဲထားလိုက်ရင်း. . .

"ဘယ်ပြေးမှာလဲ၊ ရှင်ဘယ်ပြေးမှာလဲ၊ ဒီလိုလွယ်လွယ်နဲ့ ပြေးလို့ ဘယ်ရမလဲ၊ လာကြပါဦးရှင်. . . လာကြပါဦး. . ."

အခြေအနေက ရုတ်ရုတ်သဲသဲဖြစ်သွားတယ်။ မလှမ်းမကမ်းက မြို့ကြီးသူကို အကူအညီရလိုရငြား လှမ်းကြည့်မိတော့ သူမပုံစံကလည်း မျက်လုံးတပြူးပြူးနဲ့ ဘာလုပ်ရမှန်းမသိတဲ့ပုံ။ ဒါနဲ့သူက ရှုပ်ပါတယ်ကွာဆိုပြီး နည်းနည်းအားစိုက်ရုန်းလိုက်တော့ ကောင်မလေးဆွဲထားတဲ့ အင်္ကျီက လွတ်ထွက်သွားတယ်။ ဒီမှာတင်ပဲ သူလည်း ဆိုင်ပြင်ကို ပြေးထွက်လာခဲ့လိုက်ကာ နောက်ကိုလှည့်မကြည့်စတမ်းပုံစံနဲ့ လွတ်ရာကျွတ်ရာကို ပြေးထွက်လာခဲ့လိုက်တယ်။

ဒါတောင် ကောင်မလေးက နောက်ကနေ တကြော်ကြော်အော်ပြီးပါလာသေးတာ။ သူက ဆိုင်ကြိုဆိုင်ကြားတွေထဲ ပတ်ဝင်ပြေးပြီး မျက်ခြည်ဖြတ်လိုက်တော့မှ ကောင်မလေးနဲ့ မျက်ခြည်ပြတ်သွားတော့တယ်။ ဒီတော့မှ သူလည်း အသက်ကိုဝဝရှူလိုက်မိတော့တယ်။ ဒီအချိန်မှာပဲ သူ့ဖုန်းမှာ ring tone ထည့်ထားတဲ့ ဂန်းနမ်းစတိုင်လ် သီချင်းသံက ထွက်လာတယ်။

"ဟေး. . . sexy lady. . . အိုး. . . အိုး. . အို. . . . အိုပါဂန်းနမ်းစတိုင်လ်. . . ဟေး. . . sexy lady. . . အု. . . အုအု . . . အိုပါဂန်းနမ်းစတိုင်လ်. . ."

ဖုန်းနံပါတ်ကိုကြည့်လိုက်တော့ မြို့ကြီးသူရဲ့ ဖုန်းနံပါတ်။

"ဟယ်လို. . ."

"ကိုထည်ဝါ. . . ခင်ဗျား ဘယ်နားမှာလဲ၊ အဆင်ပြေရဲ့လား"





www.burmeseclassic.com

သူမအမေးကြောင့် သူက ရယ်ချင်သွားရရင်း. . .

"အဟင်း. . . ပြေတယ်၊ ပြေတယ်၊ လွတ်လာပြီ၊ ကျွန်တော်အခု Season ရှေ့နားမှာ ရောက်နေတယ်ဗျာ့"

"ဩော. . . ဟုတ်ပြီဟုတ်ပြီ၊ ဒါဆို အဲဒီဆိုင်ထဲကနေပဲ ဝင်စောင့်နေလိုက်လေ၊ ကျွန်တော် အဲဒီကိုလာခဲ့လိုက်မယ်. . . ဟုတ်လား"

"အိုခေ. . . အိုခေ. . ."

ဒါနဲ့သူလည်း Season ထဲဝင်ထိုင်ကာ သူမအလာကို စောင့်နေလိုက်တယ်။ သိပ်မကြာလိုက်ပါ။ ရယ်ချင်ပက်ကျိဖြစ်နေကဲ့မျက်နှာနဲ့ သူမက ရောက်လာတယ်။

"အောင်မလေး. . . ကျွန်တော့်မှာ လန့်သွားတာပဲ၊ ခင်ဗျားကလည်း တော်တော်မြွေဖမ်းတယ်နော်၊ လူနဲ့ အရုပ်နဲ့တောင် လွဲရတယ်လို့၊ လေတယ်ဗျာ. . . တကယ်ပဲ"

"မလွဲပါဘူးကွာ၊ တမင်လုပ်လိုက်တာပါ"

ဆိုတဲ့စကားကိုတော့ သူက စိတ်ထဲကနေပဲ ပြောဖြစ်လိုက်ပြီး အပြင်မှာတော့ ဘာမှမပြောဘဲ ရယ်ကျဲကျဲသာလုပ်နေလိုက်တယ်။

"ကောင်မလေးက တစ်ယောက်တည်းလာတာမို့လို့သာပေါ့၊ သူ့ရည်းစားတို့ဘာတို့များ ပါလာရင် ခင်ဗျားတော့ ဆေးရုံပဲရောက်မလား၊ ရဲစခန်းပဲရောက်မလား. . . တစ်ခုခုပဲ"

ပြောပြီးသူမက မြင်ယောင်ကြည့်မိသွားဟန်နဲ့ ခေါင်းမော့ကာ ရယ်ပြန်တယ်။ သနပ်ခါးပါးကွက်ကြား၊ ပါတိတ်ဝမ်းဆက်ဝတ်ပြီး ခေါင်းမော့ကာ ရယ်လိုက်တဲ့ သူမပုံစံက သူ့မျက်လုံးတွေထဲမှာ သစ်သွားတာတော့ အမှန်ပါပဲ။ ပြီးတော့ တစ်ပြိုင်တည်းလိုလိုပဲ သူ့စိတ်ထဲမှာ တစ်ခုခုကို သိချင်စိတ်တွေက တဖွားဖွားကိုပဲ ပေါ်ပေါက်လာတော့တယ်။





အဲဒီလိုဖြစ်လာရင်လည်း သိပ်ကြာကြာမျိုသိပ်မထားတတ်တဲ့ သူက သူမကို ဖွင့်မေးဖို့ပြင်လိုက်တယ်။

"မြို့ကြီးသူကို ကိုယ်. . . မေးစရာရှိတယ်၊ အမှန်အတိုင်းဖြေမလား. . ."

သူ့စကားအဆုံး သူမက ပြုံးလိုက်ရင်း. . .

"ဘာလဲ. . . ရည်းစားရှိခဲ့ဖူးလား၊ ဒါမှမဟုတ် လက်ရှိမှာ ရည်းစားရှိနေသလားဆိုတာကို မေးမလို့မှလား. . ."

သူမစကားကြောင့် သူ့မျက်ခုံးတွေက အပေါ်ကို ပင့်တက်သွားရတယ်။

"ဝိုး. . . ကိုယ်မေးမှာကို ဘယ်လိုလုပ်သိနေတာလဲ"

"မြို့ကြီးသူပဲဟာ၊ တော်ာသူမှတ်နေလား၊ ဒီလောက်တော့ အကင်းပဲရှိသေးတယ်"

သူမစကားကြောင့် သူ့မှာ သဘောတကျ ရယ်မိပြန်သေးတယ်။ ပြီးမှ. . .

"ကဲ. . . ဒါဆိုလည်း ဖြေတော့လေကွာ၊ လိမ်တော့ မလိမ်နဲ့နော်"

"အင်း. . . အမှန်အတိုင်းဖြေရမယ်ဆိုရင်တော့ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ဖြစ်နေတော့မှာပဲ၊ အခုအရွယ်အထိ ရည်းစားမထားဖူးဘူးဆိုရင် လိမ်တယ်ထင်ဦးမယ်၊ ဒါပေမယ့် ဒါအမှန်တရားတစ်ခုပဲဗျာ့၊ အံ့မယ်. . ဒီလိုပြောလိုက်လို့ အထင်တော့မသေးလိုက်နဲ့ဦးနော်၊ ဟွန်း. . . ကြိုက်မယ့်သူမရှိလို့ မထားတာမဟုတ်ဘူး၊ ဝါသနာမပါလို့ကို မထားတာ၊ ဒါလည်း ဂုဏ်ယူစရာတစ်မျိုးပဲ မဟုတ်လား. . ."

"ဟင်! ရည်းစားမထားဖူးတာနဲ့ ဂုဏ်ယူစရာနဲ့က ဘာဆိုင်လို့

www.burmeseclassic.com



လဲ. . .”

သူ့စကားကြောင့် သူမက “အ့ရန်ကော ရန်ကုန်သားရယ်”ဆိုတဲ့ အကြည့်မျိုးနဲ့ကြည့်လာရင်း. . .

“ဂုဏ်ယူစရာပေါ့ဗျာ၊ လက်မထပ်ခင်အချိန်အထိ ရည်းစားတစ်ယောက်မှ မထားခဲ့တော့ ကိုယ်လက်ထပ်လိုက်တဲ့သူတစ်ယောက်တည်းကိုပဲ ဘယ်သူ့ကိုမှ ခွဲဝေမပေးခဲ့ရသေးတဲ့ ကိုယ့်အချစ်တွေ အကုန်လုံးကို တစ်လုံးတစ်ခဲတည်း ပေးလိုက်နိုင်တာပေါ့၊ နောင်တစ်ချိန် ကိုယ့်အချစ်သမိုင်းကို ပြန်ကြည့်ရင် ဒီလောက်ဂုဏ်ယူစရာကောင်းတဲ့ ကိစ္စရှိပါဦးမလား. . . ဟုတ်တယ်ဟုတ်”

သူမစကားကြောင့် သူ့စိတ်တွေတောင် လှုပ်ရှားသွားသလိုပါပင်။ ဘယ်လောက်ပြောင်မြောက်တဲ့ ခံယူချက်လေးပါလိမ့်။

ဒီလိုနဲ့ သူတို့နှစ်ယောက်က နောက်ထပ်ငါးမိနစ်လောက်စကားပြောကြပြီးတော့ Season ထဲက ပြန်ထွက်လာခဲ့လိုက်ကြတယ်။ ဒါပေမယ့် ဖြစ်ချင်တော့ ယောင့်ချီးတစ်ခုကို ချီးအကွေ့မှာ တစ်ဖက်ကလာတဲ့လူတစ်ယောက်ကို သူက အင့်ခနဲနေအောင် ဝင်တိုက်လိုက်မိတယ်။ သူတိုက်လိုက်မိတဲ့ အရှိန်က နည်းနည်းပြင်းသွားတော့ တစ်ဖက်လူက နောက်ဖက်ကို ဖင်ထိုင်ရက်လဲကျသွားသလို လက်ထဲက အထုပ်တွေကလည်း ကြမ်းခင်းပေါ်မှာ ပြန့်ကျဲသွားတယ်။

တိုက်လိုက်မိတာကတော့ ယောကျ်ားသားတစ်ယောက်ပါပဲ။ ဒါပေမယ့် ကိုယ်က လဲမကျဘဲ တစ်ဖက်ကလူက လဲကျသွားတာဆိုတော့ နည်းနည်းအားနာသွားတာရယ်၊ ရုတ်တရက်ဆိုတော့ တောင်းပန်ဖို့ကိုပဲ သူ့အာရုံထဲမှာ ပေါ်လာတာတွေရယ်ပေါင်းပြီး သူပါးစပ်က စကားတစ်ခွန်း လှစ်ခနဲထွက်သွားတယ်။ ထွက်သွားတာကတော့





တောင်းပန်တဲ့စကားပါပဲ။ ဒါပေမယ့် ဗမာလိုမထွက်ဘဲ တစ်ခုခုဆိုအကျင့်ပါနေတဲ့ သူ့ပါးစပ်က ကိုရီးယားလိုပဲ ထွက်သွားတယ်။

“ဟာ. . . ဂွဲဆုံး(င်) ဟမ်မနီသာ. . . ဂွဲဆုံး(င်) ဟမ်မနီသာ”

ဆိုပြီး ပါးစပ်ကပြောလည်းပြော လက်ကလည်း အဲဒီလူကို ဆွဲထူပေးဖို့ ပြင်လိုက်တယ်။ ဒါပေမယ့် သူ့လုပ်ရပ်က အရာမထင်လိုက်ဘဲ သူ့လက်ကို တစ်စုံတစ်ယောက်က “ဖြောင်း”ခနဲပုတ်ချတာကို ခံလိုက်ရတယ်။ ဒီမှာတင်ပဲ သူက တင်းသွားပြီး ခပ်ကုန်းကုန်းဖြစ်နေရာကနေ ပုတ်ချလိုက်တဲ့လူကို ဆတ်ခနဲမော့အကြည့်မှာတော့. . .။

အားလားလား. . . နှုတ်ခမ်းနီရဲရဲ မိတ်ကပ်အဖွေးသားနဲ့ အခြောက်မကြီး။ မျှော်လင့်မထားတဲ့ ပုံကြီးကို တွေ့လိုက်ရတာဆိုတော့ သူ့ပါးစပ်က ရေရွတ်သံတစ်ခုကလည်း ကိုယ့်ကိုကိုယ် မထိန်းလိုက်နိုင်သေးခင်မှာပဲ ထွက်သွားတော့တယ်။

“ဟင်. . . အခြောက်မ”

“ဟုတ်တယ်. . . ဟုတ်တယ်. . . ကိုယ့်ဘာသာခြောက်တာဘာဖြစ်လဲ၊ ငါ့ဘာသာခြောက်တာ ဘယ်သူ့ကို ဒုက္ခပေးနေလို့လဲဟဲ့၊ ငါခြောက်တာက သိက္ခာရှိရှိ မြန်မာလိုပဲခြောက်တာ၊ ညည်းကမှ ခြောက်တာတောင် ကိုယ့်ဟာနဲ့ကိုယ်မခြောက်ဘဲ သူများဟာ ငှားခြောက်တဲ့ ကောင်မ. . . ကိုရီးယားအခြောက်မ”

အခြောက်မ အသံက အကျယ်ကြီး။ ရှက်စိတ်ကြောင့် သူ့တစ်ကိုယ်လုံး ပူထူသွားတယ်။

“ဟား. . . ခင်ဗျား ဘာတွေလာပြောနေတာလဲ၊ ဘယ်သူက ခြောက်နေလို့လဲ”

“မယ်လေး(အောင်မလေးကို ဆိုလိုသည်). . . လာသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



လာသေးတယ်၊ ဒီအဆင်နဲ့ဒီအဆင်ကို လာလုပ်မနေနဲ့၊ ကျုပ်တို့က သွားစပေါက်ပါပြီဆိုကတည်းက ခြောက်လာတာပါတော်၊ ကြည့်လိုက်တာနဲ့ ဘယ်သူဘယ်အဆင်ဆိုတာ သိပြီးသား၊ ခြောက်တာတောင် ပေါ်ပေါ်တင်တင် မခြောက်ရဲဘဲနဲ့များ၊ သူများစားခွက်ကို(အခြောက်မက လဲကျနေရာက ပြန်ထပြီး အထုပ်တွေလိုက်ကောက်နေတဲ့ ကောင်လေးကိုမျက်စိစွေကြည့်လိုက်ရင်းမှ) လာလုချင်နေသေးတယ်၊ ဒါမျိုးတော့ လာမလုပ်နဲ့၊ ကျားမကြောက်လို့ သွားပေါက်ကတည်းက ခြောက်လာတဲ့ အခြောက်ဟဲ့၊ ဘာမှတ်နေလဲ. . . "

အခြောက်မအသံက ပိုကျယ်လာတော့ လူတွေက ပြုံးစိစိနဲ့ ကွက်ကြည့်ကြည့်။ ထည်ဝါလည်း အတော်ရှက်လာသလို မြို့ကြီးသူကလည်း အသာလက်ကုတ်ကာ သွားဖို့အချက်ပြတယ်။ ဒါနဲ့သူက ဘ.ာမှ ပြောမနေတော့ဘဲ လှည့်ထွက်သွားဖို့ပြင်လိုက်တယ်။ ဒါပေမယ့် မရ။ အခြောက်မက သူ့ရှေ့ကနေ ပိတ်ရပ်ထားလိုက်ရင်း. . .

"အောင်မယ်. . . အောင်မယ်၊ ဒီလိုနှိုက်မြည်းပြီး စားပြီးနားမလည်လုပ်သွားလို့ ဘယ်ရမလဲ၊ ငါ့သူငယ်လေးကို ငါက ဖူးဖူးမှုတ်ထားတာဟဲ့၊ ညည်းနဲ့တိုက်မိတဲ့ အရှိန်က ပြင်းတော့ ငါ့သူငယ်လေး ဘာတွေဖြစ်သွားပြီလဲ မသိဘူး၊ တစ်ခုခုဖြစ်ပြီး ဒီည ဂျူတီမဆင်းနိုင်ရင် ဘယ်လိုလုပ်မလဲ"

ထည်ဝါစိတ်တိုလာပြီ။ ဒါနဲ့ ခပ်ရွဲ့ရွဲ့ပဲ ပြန်ပြောချလိုက်တော့တယ်။

"သူဂျူတီ မဆင်းနိုင်တော့လည်း နောက်တစ်ယောက်ခေါ်လိုက်ပေါ့ဗျာ. . . ကဲ"

သူ့စကားလည်းဆုံးရော အခြောက်မက တပ်ထားတဲ့ အတု





တွေ အကုန်ပြုတ်ကျမတတ် တဆွေ့ဆွေ့ခုန်ပြီး တဆတ်ဆတ်ခါသွားတယ်။

"မယ်လေး(အမလေး). . . ညည်း. . . ညည်း မိုက်ရိုင်းလှချည်လား၊ ဟှင်(ဟင်. . . မဟုတ်ရပါ၊ ဟထိုးသံပါသော ဟှင် ဖြစ်ပါသည်) ငါပြောတဲ့ ဂျူတီဆိုတာက ဟိုဂျူတီကိုပြောတာမဟုတ်ဘူးဟဲ့၊ သူက စားသောက်ဆိုင်မှာ ညဘက်သီချင်းဆိုတာမို့လို့ အဲဒီဂျူတီကိုပြောတာ၊ ဟွင်း(ဟွန်း). . . ပြောတော့ဖြင့် မခြောက်ဘူးလေးဘာလေးနဲ့၊ ဒါမျိုးတွေကျတော့ သိပ်သိနေတယ်၊ ကိုယ်တိုင်ကွင်းဆင်းဖူးတယ်ဆိုတာ အသိသာကြီး. . . "

အနီးအနားက ရယ်သံတွေ ခပ်သဲ့သဲ့ထွက်ပေါ်လာတယ်။ ထည်ဝါက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်းကနေ. . .

"ခင်ဗျား. . . ဖယ်တော့နော်၊ ကျုပ်ထိုးမိတော့မယ်"

"မယ်လေး(အမလေး). . . ဒီကလည်း ဆွဲချင်နေတာပါနော်"

"ဟာ. . . ခင်ဗျားဘာစကားပြောတာလဲ"

"ဘာပြောလို့လဲ. . . တရားစွဲမှာကို ပြောတာ၊ ညည်းတော့ ပုလင်းကွဲချင်းစိတ်မဝင်စားပါဘူး၊ သိပ်ဖြစ်မနေနဲ့"

ထည်ဝါသည်းမခံနိုင်တော့ဘူး။ ဒါနဲ့. . .

"ကဲ. . . လူသတ်မိတော့မယ်၊ ဖယ်စမ်းပါ. . . ချဉ်ပေါင်ရိုးမ တုတ်ထိုးမရယ်"

လို့ သွားကြားထဲကထွက်တဲ့ လေသံနဲ့ပြောကာ ရှေ့ကနေပိတ်ရပ်ထားတဲ့ အခြောက်မကို တွန်းဖယ်ပစ်လိုက်ရင်း လွတ်ရာကျွတ်ရာကို ထွက်လာခဲ့လိုက်တယ်။ ဒီတော့မှ မြို့ကြီးသူကလည်း နောက်ကနေ မပြေးရုံတမယ် ခြေလှမ်းတွေနဲ့ လိုက်ပါလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ဆိုင်တစ်ဆိုင်မှာ အပ်ထားခဲ့တဲ့ အထုပ်အချို့ကို ယူပြီး ဝယ်စရာရှိတာ အနည်းငယ်ထပ်ဝယ်ကာ ဆိုင်ကယ်ရပ်ထားရာဆီကို နှစ်ယောက်သား ပြန်လာခဲ့ကြတယ်။ သူမက ဆိုင်ကယ်ကိုရှေ့ကခွတော့ သူက နောက်ကနေ အထုပ်အပိုးတွေကိုင်ပြီး တင်ပါးလွှဲတက်ထိုင်လိုက်တယ်။ ဖြစ်ချင်တော့ ဆိုင်ကယ်တွေရပ်ထားတဲ့အနားကို စောစောက အခြောက်မက ရောက်လာပြန်တယ်။

"မယ်လေး(အမလေး). . . ကြည့်ပါလား. . ဆိုင်ကယ်စီးတာ တောင်မှ နောက်ကစီးတာ၊ ဒါများ သူ့ကိုယ်သူ အစိုတဲ့၊ ရေစိမ်ပွက များ. . . ဟွင်းဟွင်း"

ဒီတစ်ခါတော့ ထည်ဝါလည်း စိတ်တွေကို လျှော့ထားလိုက်ကာ ဘာမှ ပြန်ပြောမနေတော့။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့သာ မှတ်လိုက်တော့တယ်။ သူကိုက ဒီနေ့ ကံနိမ့်နေတာဖြစ်မှာပါလို့ မှတ်ယူထားလိုက်ရင်း မြို့ကြီးသူကိုပဲ သူဖြစ်ချင်တာတစ်ခု ပြောလိုက်တယ်။

"ကိုယ့်ကို ညနေကျရင် ဆိုင်ကယ်စီးသင်ပေးပါလား. . ."





"လီဗာကို သာသာလေးပဲဆွဲ ကိုထည်ဝါ၊ တအားကြီးဆွဲထားရင် ဂီယာထိုးလိုက်တာနဲ့ ဆိုင်ကယ်က ဆောင့်ထွက်သွားလိမ့်မယ်၊ ဒီလောက်လေးပဲဆွဲ. . . ဟုတ်ပြီလား"

ပြောရင်း ဆိုင်ကယ်ပေါ်ခွထိုင်ကာ လီဗာကို တဗျင်းဗျင်း ဆွဲနေတဲ့ ထည်ဝါ့လက်ကိုဖယ်ပြီး သူမက လီဗာကို ခပ်မျှင်းမျှင်းလေးဆွဲပြတယ်။ ဒီတော့မှ ထည်ဝါက နားလည်သွားသလိုပုံစံနဲ့ ခေါင်းတဆတ်ဆတ်ညိတ်ကာ. . .

"ဪ. . . ဒီလိုလား၊ အိုခေ. . . အိုခေ. . . အာရား ဒရော့စော်ယို. . ."

လို့ပြောလိုက်ပြီး သူမဆွဲပြသလို လီဗာကို ခပ်မျှင်းမျှင်းလေး ဆွဲလိုက်တယ်။

"အင်း. . . ဟုတ်ပြီ၊ အဲလောက်က ထိန်းရတာ အနေတော်ပဲ၊ ဒါဆို ဂီယာထိုးလိုက်တော့၊ နံပါတ်ဝမ်းထည့်လိုက်၊ ရှေ့ကိုနင်း"





www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းကိုတစ်ချက်ညိတ်လိုက်ကာ သူမပြောသလိုပဲ ဂီယာတံကို ရှေ့ဘက်တစ်ချက်ထိုးထည့်လိုက်တယ်။ ဒါပေမယ့် လက်က ဆွဲထားတဲ့လီဗာကို လျှော့ချလိုက်တော့ စက်ကသေသွားတယ်။

"ဩော် . . . ခင်ဗျားကလည်း၊ လက်က လီဗာကို လျှော့မပစ်လိုက်နဲ့လေဗျာ၊ စက်သေသွားပြီတွေ့လား၊ လီဗာကိုလည်း သာသာလေး ဆွဲထားရသေးတယ်ဗျာ့ . . . ဖယ်ဖယ် . . . ကျွန်တော်တစ်ပတ်စီးပြမယ်၊ သေချာကြည့်ထား"

သူက ဆိုင်ကယ်ပေါ်က ဆင်းပေးလိုက်တော့ သူမက ဆိုင်ကယ်ပေါ်ကို တက်ထိုင်ကာ စက်နှိုးလိုက်တယ်။ မိုးလင်းကတော့ ဝရန်တာပေါ်ကနေ ထည်ဝါဆိုင်ကယ်စီးသင်တာကိုကြည့်ရင်း ခေါင်းတရမ်းရမ်း။ ဦးထွန်းတင်ကလည်း မလှမ်းမကမ်းက နှင်းဆီပင်ကို ရေလောင်းရင်းကနေ တစ်ချက်တစ်ချက် လှည့်ပြန်ကြည့်လာကာ ပြုံးတယ်။

မြို့ကြီးသူက ဆိုင်ကယ်ကို ခြံထဲမှာတင် တစ်ပတ်လှည့်ကာ စီးပြလိုက်တယ်။ သူမ စီးပြတာကိုမြင်တော့လည်း ထည်ဝါ့စိတ်ထဲမှာ ဆိုင်ကယ်စီးရတာက ဘာမှမခက်။ ကိုယ်တိုင်စီးမယ်လုပ်မှသာ . . .။

"မြင်လား . . . ကျွန်တော်စီးတာကို၊ ဘာခက်လို့လဲဗျာ၊ ခင်ဗျားတို့ကားမောင်းတာကမှ ကလပ်တွေရော၊ ဘာတွေရော၊ ရှုပ်ယှက်ခတ်နေတာ၊ ဆိုင်ကယ်စီးတာက ရှင်းရှင်းနဲ့လွယ်လွယ်လေးပါ၊ လာ . . . ကျွန်တော်စီးပြသလို ပြန်စီးကြည့်"

သူက ရယ်ကျဲကျဲလုပ်ကာ ဆိုင်ကယ်ပေါ်ပြန်တက်ပြီး စက်နှိုးလိုက်တယ်။ ပြီးတော့ သူမ,ပြသလို လီဗာကို ခပ်မျှင်းမျှင်းလေးဆွဲထားရင်းကနေ ဂီယာတစ်ချက်ထိုးလိုက်တယ်။ ဒီအထိတော့ အဆင်ပြေပြေပါပဲ။





"အိုခေ . . . ရပြီ၊ လီဗာကို သာသာလေးဆွဲပြီးတော့ ထွက်လိုက်တော့ . . ."

သူမစကားအဆုံး သူက ဆိုင်ကယ်လီဗာကို တစ်ချက်ဆွဲချလိုက်တယ်။ ဒါပေမယ့် သူက ဆိုင်ကယ်လီဗာကို အချိန်အဆ မသိသေးတော့ တအားဆွဲမိသွားတယ်။ ဒီမှာဘင်ပဲ ဆိုင်ကယ်က လေးညို့ကထွက်တဲ့ မြားတစ်စင်းလို ဝှီးခနဲပြေးတော့တာပဲ။

သူ့ရင်ထဲအေးခနဲဖြစ်သွားကာ အလန့်တကြားနဲ့ မျက်စိစုံမှိတ်ပြီး "အား . . . . "ခနဲ အကျယ်ကြီးအော်ကာ ပါသွားတော့တယ်။ သူ့လိုပဲ မြို့ကြီးသူကလည်း အလန့်တကြားနဲ့ အော်တယ်။ မိုးလင်းကတော့ သွားပြီ ဆိုတဲ့အသိနဲ့ တစ်ဖက်ကိုမျက်နှာလွှဲထားလိုက်မိတယ်။

"ကိုထည်ဝါ . . . ဘရိတ်နင်း . . . ဘရိတ်နင်း . . ."

မြို့ကြီးသူရဲ့ အသံကိုလည်း သူမကြားတော့ဘူး။ ကြောက်အားလန့်အားနဲ့ အကျယ်ကြီးကြုံးအော်ပြီး လက်ကလည်း လီဗာကို အလန့်တကြားနဲ့ ဂိတ်ဆုံးထိ တင်းနေအောင်ဆွဲကာ ပါသွားရင်းကနေ တစ်နေရာ အရောက်မှာတော့ တစ်စုံတစ်ခုကိုသွားတိုးမိဟန်နဲ့ ဆိုင်ကယ်က တုန့်ခနဲ ရပ်သွားတယ်။

ဒီတော့မှ သူက အကြောက်အလန့်ပြေသွားကာ ဘရိတ်အုပ်ရမှာကို သတိရပြီး ရှေ့ဘရိတ်ကို တင်းနေအောင်ဆွဲထားလိုက်ကာ ဘာကိုများတိုက်မိတာပါလိမ့်ဆိုတဲ့ အတွေးနဲ့ စုံမှိတ်ထားတဲ့မျက်စိတွေကို နှစ်ဖက်စလုံး မဖွင့်ဘဲ ဖြည်းဖြည်းချင်း အသာလေး တစ်ဖက်လောက်ဖွင့်ကြည့်လိုက်တဲ့ အခါမှာတော့ . . .။

"ဟင် ! "

မှိတ်နေတဲ့ မျက်လုံးတွေ စုံလုံးပြူးကျယ်သွားရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့မှာ မတ်တပ်ကြီး မျက်ဖြူဆိုက်နေတာက ဦးထွန်းတင်။ လက်ထဲမှာက ရေပိုက်ကြီးကို ကိုင်လို့။ ဒါပေမယ့် ဆိုင်ကယ်ရှေ့ဘီးက ဦးထွန်းတင်ရဲ့ ပေါင်ကြားထဲမှာ။ ဦးထွန်းတင်ခမျာ. . . အသံတောင်ကောင်းကောင်း မထွက်နိုင်ရှာဘူး။

"အု. . . အု. . . အု. . ."

လောက်သာ အသံထွက်ပြီး မျက်ဖြူဆိုက် တက်နေတာ။ ရုတ်တရက်ဆိုတော့ သူလည်း ဘာလုပ်လို့ဘာကိုင်ရမှန်း မသိ။ မြို့ကြီးသူကို လှည့်ကြည့်မိတော့ သူမကလည်း ပါးစပ်အဟောင်းသားနဲ့ မျက်လုံးကြီးပြူးပြီး ကြက်သေသေလို့။

ဒီအခိုက်မှာပဲ ဦးထွန်းတင်က မတ်တပ်ကြီး "အု. . . အု. . ." နဲ့ တက်နေရာကနေ မြက်ခင်းပေါ်ကို အတောင့်လိုက်ကြီး လဲကျသွားကာ "ဂစ်. . . ဂစ်. . ."ဆိုပြီး ပုံစံတစ်မျိုးနဲ့ ပြောင်းတက်တော့တယ်။

ဒီတော့မှ မြို့ကြီးသူက သတိဝင်လာကာ . . . "အမေ !"ဆိုပြီး ပြေးလာသလို သူကလည်း ဆိုင်ကယ်ကို ဒေါက်ထောက်ရင်းကနေ အလန့်တကြားအော်လိုက်တယ်။

"အောဘောဂျီ ! "





"ဟား. . . ဟား. . . ဦးထွန်းတင်နဲ့ မြို့ကြီးသူတို့ နှစ်ယောက်တော့ မင်းကိုတော်တော်လေး လန့်သွားမှာပဲနော်၊ ဦးထွန်းတင်ခမျာ အိပ်ရာပေါ်ကတောင် အခုထိမဆင်းနိုင်သေးဘူး. . ."

မိုးလင်းစကားကြောင့် ထည်ဝါက ညနေက အဖြစ်ကို ပြန်မြင်ယောင်ရင်း မအီမသာပြုံးမိတယ်။

"ဦးထွန်းတင်ကိုက ငါတမင်ရည်ရွယ်ပြီး လုပ်တာမဟုတ်ရပါဘူးကွာ၊ သူ့ဘာသာ ဖြစ်သွားတာ၊ အသက်မထွက်သွားတာ တော်သေးတယ်၊ ငါတော်တော်လန့်သွားတာ"

"ဘာပဲဖြစ်ဖြစ်. . . ဒါလည်း အလွဲကောင်းပဲပေါ့ကွာ၊ အခုလောက်ဆိုရင် မင်းကို သူ့စိတ်ထဲမှာတော့ မှတ်မှတ်ထင်ထင်ဖြစ်သွားလောက်ပြီ၊ ရာဇဝိရာဇ်အရေးတော်ပုံကျမ်းထဲကလို ရာဇဝိရာဇ်က ဗညားဒလပေးတဲ့ နဖူးကဒဏ်ရာကြောင့် မှန်ကြည့်တိုင်း ဗညားဒလကိုသတိရသလိုမျိုး ဦးထွန်းတင်ကလည်း ဆီးသွားတိုင်း မင်းကို သတိတရ မေတ္တာပို့နေတော့မှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ကို

မိုးလင်းစကားကြောင့် ထည်ဝါ့မျက်လုံးထဲမှာ ဦးထွန်းတင်ဖြစ်နေမယ့် ပုံစံကြီးကို မြင်ယောင်ကြည့်မိလိုက်တယ်။


ဦးထွန်းတင်က ဘိုထိုင်အိမ်သာကြွေခွက်ကြီးပေါ်မှာ ထိုင်ရင်း မျက်နှာကြီးက ရှုံ့မဲ့ကာ ပါးစပ်ကလည်း ပွစိပွစိရေရွတ်နေလိုက်သေးတယ်။

"အား. . . ကျွတ်. . . ကျွတ်. . . ကျွတ်. . . ဟင်း. . . ဂန်းနမ်းစတိုင်လ်. . . ဂန်းနမ်းစတိုင်လ်. . . ဒင်းပေးတဲ့ဒဏ်ရာ. . . ဟင်း. . . အား. . ."

မိုးလင်းနဲ့ ထည်ဝါတို့နှစ်ယောက်က အတွေးတူသွားတဲ့အလား နှစ်ယောက်သား အိပ်ရာပေါ်မှာ ပက်လက်လှန်အိပ်နေရင်းကနေ အူလှိုက်သည်းလှိုက် ရယ်လိုက်မိကြတော့တယ်။



## ဂန်းနမ်းစတိုင်လ်



သူမအတွက်တော့
အချစ်ဆိုတာက...
တစ်ခါမှ မရောက်ဖူးသေးတဲ့...
နယ်ပယ်သစ်တစ်ခုပါကွယ်



www.burmeseclassic.com

www.burmeseclassic.com





# ၆

## မန္တလေး

ဒိမ်အပေါ်ထပ်ဆီကနေ လွင့်ပျံ့လာတဲ့ အမွှေးတိုင်နံ့တထောင်းထောင်းကြောင့် ထည်ဝါနဲ့မိုးလင်းတို့က ဇဝေဇဝါဟန်နဲ့ အပေါ်ထပ်ဆီကို တက်လာခဲ့လိုက်ကြတယ်။ ဘုရားရှိခိုးခန်းထဲက ထွက်လာတဲ့ အမွှေးတိုင်နံ့ဆိုရင်လည်း ဒီလောက်တော့ အနံ့တထောင်းထောင်း ထနေမှာမဟုတ်။ အခုဟာက အမွှေးတိုင်အတော်များများကို ထွန်းညှိထားလို့ ထွက်လာတဲ့အနံ့မျိုး။

ဒီလိုနဲ့ အပေါ်ထပ်ဆီကိုတက်လာရင်း လှေကားတစ်ဝက်လောက်အရောက်မှာ အပေါ်ထပ်ကဆင်းလာတဲ့ မြို့ကြီးသူနဲ့ ဆုံမိကြတယ်။

"ဘာလုပ်နေကြတာလဲဗျာ၊ အမွှေးတိုင်နံ့တွေက မွှန်ထူနေတာပဲ. . ."

ထည်ဝါ့အမေးစကားအဆုံး မြို့ကြီးသူက အပေါ်ထပ်ဆီကို လှည့်ပြန်ကြည့်လိုက်ရင်းက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့အိမ်မှာ နတ်ကန္နားပေးမလို့လေ၊ ကျွန်တော်တို့က အခုလိုပဲ တစ်နှစ်တစ်ခါ အိမ်မှာ နတ်ပွဲပေးနေကျလေ ကိုထည်ဝါရဲ့၊ နတ်မေးချင်ရင်သွားလေ၊ ဝါသနာပါလား. . ."

မြို့ကြီးသူရဲ့အမေးကို နှစ်ယောက်စလုံးက ခေါင်းရမ်းပြမိကြတယ်။

နောက်တော့ သူမက အောက်ထပ်ကို ပျာပျာပျာပျာနဲ့ ပြေးဆင်းသွားသလို သူတို့နှစ်ယောက်ကလည်း ဝါသနာမပါဘူးဆိုပေမယ့် နည်းနည်းတော့ စပ်စုချင်ကြသေးလေရာ အမွှေးတိုင်နံ့ တထောင်းထောင်းထနေတဲ့ အခန်းဆီကို အသာသွားချောင်းကြည့်မိကြတယ်။

"ဟင်. . ."

ထည်ဝါ့မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားရတယ်။ နတ်ပွဲပေးတဲ့ အခန်းထဲမှာရောက်နေတဲ့ နတ်ကတော်က ဟိုတစ်နေ့က78မှာ သူနဲ့ရန်ဖြစ်ခဲ့တဲ့ အခြောက်မကြီး။ အခုကျတော့လည်း ခေါင်းလေးတရမ်းရမ်းနဲ့ နတ်ကတော်ဖြစ်လို့။ ဟိုတစ်နေ့ကတော့ သူငယ်ကတော်လုပ်နေပြီးတော့။ အခန်းထဲမှာ ဦးထွန်းတင်ကိုတော့ မတွေ့ရ။ ဒေါ်ကြူကြူမွှေးကတော့ နတ်ကတော်အခြောက်မ,ရှေ့မှာ လက်အုပ်ကလေးချီပြီး ဘာတွေ တတွတ်တွတ်မေးနေတယ်မသိ။ ပြီးတော့ သူတို့နှစ်ယောက်မမြင်ဖူးတဲ့ အဒေါ်ကြီးသုံးလေးယောက်ကိုလည်း တွေ့ရတယ်။

ဒီလိုနဲ့ နတ်ကတော်ကို ကြည့်နေရင်း ကြည့်နေရင်းကနေ ထည်ဝါ့ခေါင်းထဲမှာ အကြံအစည်တစ်ခုက လှစ်ခနဲဝင်ရောက်လာတယ်။ ဒါနဲ့ ထည်ဝါက မိုးလင်းကို အသာလက်ကုတ်အချက်ပြကာ အခန်းထဲကို ပြန်လာခဲ့လိုက်တယ်။





ဒေါ်ကြူကြူမွှေးက လက်အုပ်ကလေးချီထားရင်းကနေ နတ်ကတော်ဆီက ထွက်လာမယ့်စကားကို ငံ့လင့်နေတယ်။ နတ်ကတော် ချာချာကလည်း တင်ပျဉ်ခွေထိုင်ထားရင်းကနေ ခေါင်းကလေးတရမ်းရမ်းနဲ့ရှိနေတယ်။ ဒါပေမယ့် ဘာစကားမှတော့ မပြောသေးဘူး။ ဒါနဲ့ ဒေါ်ကြူကြူမွှေးကပဲ စမေးရတော့တယ်။

"ဟုတ်ကဲ့. . . အခု သမီးတော်တို့အိမ်ကို ကြွလာတာက ဘယ်လိုပုဂ္ဂိုလ်မျိုးပါလဲဘုရား. . ."

ဆိုတော့မှ နတ်ကတော်ချာချာက ခေါင်းလေးတရမ်းရမ်းနဲ့ ပြန်ပြောတယ်။

"အလို သမီးတော်ရယ်. . . ဖေကျော့်ကိုတောင် မမှတ်မိတော့ဘူးလား၊ ဖေကျော်ကတော့ သမီးတို့မိသားစုကို တစ်နှစ်တာပတ်လုံး စီးပွားလာဘ်လာဘတွေ တိုးတက်အောင် ကြည့်ရှုစောင့်ရှောက်လိုက်ရတာ၊ သမီးတော်ကတော့ ဖေကျော့်ကို မေ့နေတယ်ပေါ့လေ. . ."

နတ်ကတော်ချာချာရဲ့ စကားလည်းဆုံးရော ဒေါ်ကြူကြူမွှေး တစ်ယောက် ငယ်ထိပ်မြွေပေါက်သလို ခံစားလိုက်ရကာ ပြူးပြူးပျာပျာ ဖြစ်သွားရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"မ. . . မဟုတ်ရပါဘူး ဖေကျော်ရယ်. . . သမီးတော်က ဖေကျော့်ကို ဘယ်မေ့ပါ့မလဲဘုရား၊ မမေ့လို့ပဲ သမီးတော်က ဖေကျော့်ကို နေ့စဉ်နေ့တိုင်း မပြတ်ပြေလည်ရအောင် ဘလက်လေဘယ်ဆက်ထားတာပေါ့ဘုရား"

"အိမ်း. . . ဒါဆိုလည်း ကောင်းပေသားပဲ. . . ကောင်းပေသားပဲ၊ ဖေကျော့်အလိုက်ကို သိတဲ့သမီးကြီးကို ဖေကျော်ကလည်း ဒီအတိုင်းကြည့်မနေပါဘူးကွယ်၊ စီးပွားလာဘ်လာဘတွေ ဒီထက်ပို တိုးသထက်တိုးတက်သထက်တက်အောင် ကြည့်ရှုစောင်မတော်မူပေးရမှာပေါ့. . . ဒါပေမယ့် ဖေကျော်အခုတော့ အချိန်သိပ်မရဘူးကွယ်၊ ဖေကျော်သွားစရာရှိလို့ အမြန်ပြန်မှ ဖြစ်မယ်ကွဲ့. . ."

"ဖေကျော်က ဘယ်ကိုများကြွမြန်းစရာရှိလို့လဲဘုရာ့"

နတ်ကတော်ချာချာက တကယ်နတ်မဝင်ဘဲ နတ်ဝင်ချင်ယောင်ဆောင်နေတာဆိုတော့ သူ့စိတ်ထဲမှာ တွေးနေတဲ့အကြောင်းကရာကို သူ့ပါးစပ်ကနေ လွှတ်ခနဲပြောချလိုက်မိတယ်။

"Sedona မှာ သူငယ်လေးနဲ့ချိန်းထားလို့ပါကွယ်. . ."

"ရှင်! "

"အဲလေ. . . ဟုတ်ပါဘူး၊ နတ်သဘင်အစည်းအဝေးရှိသေးလို့ပါကွယ်၊ မနဲ့လေးပေါ့၊ ဟိုတစ်နေ့က ကျင်းပတဲ့ နတ်သဘင်အစည်းအဝေးကိုကျတော့ မတက်ဘဲနဲ့ စိုင်းစိုင်းခမ်းလှိုင်ရဲ့ ဘတ်ဒေးရှိုးပွဲကို မျှော်စင်ကျွန်းမှာ သွားကြည့်တယ်လေ၊ အဲဒါကိုအပြစ်ပေးဖို့အတွက် ဒီနေ့ထပ်ပြီးတော့ နတ်သဘင်အစည်းအဝေးထပ်ကျင်းပတာ၊ အဲဒီကို အမီပြန်ရမယ်ကွဲ့"

"ဟင်. . . ဖေကျော်တို့နတ်တွေကလည်း ရှိုးပွဲတွေကြည့်တာပဲ





လား. . ."

"တစ်ခါတလေပါကွယ်. . . ပြီးတော့ ဖေကျော်က အိုင်စီပရိသတ်လေ. . . အဲဒါကြောင့် အိုင်စီရှိုးပွဲတွေလောက်ပဲကြည့်တာပါ. . . ကဲကဲ. . . အချိန်သိပ်မရတော့ဘူး သမီးတော်ရေ၊ နတ်သဘင်အစည်းအဝေးနောက်မကျရလေအောင် အချိန်တော်မလင့်ဖို့. . . ကိုင်း. . . သမီးတော်ရေ. . . ဒီဂျေဖွင့်. . ."

နတ်ကတော်ချာချာရဲ့ စကားအဆုံး ဒေါ်ကြူကြူမွှေးက အနားမှာအဆင်သင့်ချထားတဲ့ စီဒီစက်ရီမုဒ်ကို ကောက်နှိပ်လိုက်တယ်ဆိုရင်ပဲ နတ်ဒိုးသီချင်းသံက ပျံ့လွင့်လာတော့တယ်။

"ထူးလည်း ထူးတယ်×××မြူးလည်းမြူးတယ်×××ပျော်×××ပျော်×××ပျော်×××ပျော်×××တို့ကိုကြီးကျော်×××ထူးလည်းထူးတယ်×××မြူးလည်းမြူးတယ်×××ပျော်×××ပျော်×××ပျော်×××ပျော်×××တို့ဖေဖေကျော်×××"

နတ်ကတော်ချာချာက ကိုကြီးကျော်သီချင်းနဲ့အတူ ဘလက်လေဘယ်ပုလင်းကြီး လက်တစ်ဖက်ကကိုင်၊ ကျန်လက်တစ်ဖက်က ကြက်ပေါင်ကြီးတစ်ချောင်းကို ကိုင်ပြီး ကွေးကောက်နေအောင် ခုန်ပေါက်ကတယ်။ ဒေါ်ကြူကြူမွှေးအပါအဝင် ကျန်တဲ့သူတွေကလည်း နတ်ကတော်ချာချာနဲ့အတူ ဝင်ကကြတယ်။

အဲဒီလိုကနေတုန်းမှာပဲ ကိုကြီးကျော်သီချင်းကို ဖုံးလွှမ်းကာ ထည့်ဝါတို့အခန်းဘက်ဆီကနေ တအုန်းအုန်းနဲ့ထွက်လာတဲ့ သီချင်းသံက. . .

"အိုပါဂန်းနမ်းစတိုင်လ်×××ဟေး×××sexy lady×××အုအုအု×××အိုပါဂန်းနမ်းစတိုင်လ်×××"



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ဆို

ဒီသီချင်းသံလည်းကြားရော နတ်ကတော်ချာချာအပါအဝင် ကိုကြီးကျော်သီချင်းနဲ့ ကနေတဲ့လူတွေအကုန်လုံးက ရောယောင်ပြီး ကကွက်တွေ ပြောင်းသွားကြကာ ဂန်းနမ်းစတိုင်လ်သီချင်းထဲကအတိုင်း လက်နှစ်ဖက်ကို ရှေ့ဘက်ယှက်တင်ပြီး မြင်းစီးသလို ခုန်ဆွခုန်ဆွနဲ့က ကုန်ကြတယ်။ နတ်ကတော်ချာချာရဲ့ လက်ထဲမှာကိုင်ထားတဲ့ ဘလက်လေဘယ်နဲ့ ကြက်ပေါင်တစ်ချောင်းကလည်း ဘယ်ချောင်ကိုလွင့်သွားမှန်းမသိဘူး။

အဲဒီလိုကနေရင်းကနေ ဂန်းနမ်းစတိုင်သီချင်းသံက ရုတ်တရက် ရပ်သွားတော့ သူတို့နဂိုဖွင့်ထားတဲ့ ကိုကြီးကျော်သီချင်းသံက ပြန်ထွက်လာတယ်။ ဒီတော့ သူတို့ရဲ့ကကွက်က ကိုကြီးကျော်ဖြစ်သွားပြန်ရော။

"ထူးလည်းထူးတယ်×××မြူးလည်းမြူးတယ်×××ပျော်××× ပျော်×××ပျော်×××ပျော်×××တို့ကိုကြီးကျော်×××"

အဲဒီလို ကိုကြီးကျော်သီချင်းနဲ့ ကနေတုန်းမှာပဲ စောစောက ရပ်သွားတဲ့ ဂန်းနမ်းစတိုင်သီချင်းက တအုန်းအုန်းနဲ့ ပြန်ထွက်လာပြန်တော့ အကုန်လုံးရဲ့ကကွက်တွေက ဂန်းနမ်းစတိုင်လ်မြင်းစီးကကဖြစ်သွားပြန်တယ်။

"အိုပါဂန်းနမ်းစတိုင်လ်×××ဟေး×××sexy lady×××အု××× အုအု×××အိုပါဂန်းနမ်းစတိုင်လ်×××"

အဲဒီလိုနဲ့ နတ်ပွဲက ကိုကြီးကျော်ဖြစ်လိုက် ဂန်းနမ်းစတိုင်လ်ဖြစ်လိုက်နဲ့ပဲ အဆုံးသတ်သွားရတော့တယ်။ ကိုကြီးကျော်လည်း ဘယ်ချိန်ထွက်သွားလိုက်မှန်းကို မသိ။



## ဂန်းနမ်းစတိုင်လ်

မြို့ကြီးသူရဲ့စကားအဆုံး ဖြူဖြူထွန်းမြင့်က အူလှိုက်သည်းလှိုက် ရယ်တယ်။

"ဒါဆို အန်တီမွှေး . . . တော်တော်လေး ကသိကအောက်ဖြစ်သွားမှာပေါ့နော်၊ နတ်ကတော်လုပ်တဲ့သူလည်း တော်တော်လေး ဒုက္ခရောက်သွားမှာ. . ."

"အေးပေါ့. . . ကိုကြီးကျော်လည်း ဘယ်လိုပြန်ထွက်သွားမှန်းတောင် မသိလိုက်ဘူး၊ အမေဆို နတ်ကိုင်ခံရမှာကြောက်လို့တဲ့၊ တောင်းပန်နေတာ နတ်ခန်းထဲကကို မထွက်ဘူး. . ."

"အေးဟယ်. . . နင့်အိုပါးက ပုံမှန်ရောဟုတ်ရဲ့လား မသိပါဘူး၊ တစ်ခန်းလောက်များ လွတ်နေလားလို့"

ဖြူဖြူထွန်းမြင့်စကားကို မြို့ကြီးသူက ဘာမှပြန်မပြောဘဲ ပြုံးရုံပဲ ပြုံးနေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

"ဒါနဲ့ နင်တို့နှစ်ယောက် လက်ထပ်မယ့်ကိစ္စကို ထိပ်တိုက် ဆွေးနွေးပြီးကြပြီလား"

"ဟင့်အင်း. . . တစ်ခွန်းမှကို မဟဖြစ်ကြသေးဘူး၊ သူကလည်း စ,မပြောသလို ငါကလည်း စ,မပြောချင်ဘူး၊ ဒါမျိုးက သူ့ဘက်ကစပြော ရမှာလေ. . ."

"တကယ်လို့ပေါ့ဟာ. . . သူဘက်က ပြောလာတဲ့အခါကျရင် ရော. . . နင့်ဘက်က ဘယ်လိုတုံ့ပြန်မှာလဲ၊ နင်. . . သူ့ကို ရင်မခုန် သေးဘူးလား. . ."

"သိချင်တယ်ပေါ့. . ."

"အင်းပေါ့. . . အင်း. . . ပြောပြ"

"ဟင်းဟင်း. . . သိချင်ရင် ပိတ်ကားပေါ်မှာ ဆက်ကြည့်ပေါ့၊ ဘာလို့ပြောပြရမှာလဲ၊ ပြောမပြပါဘူး. . ."

မြို့ကြီးသူရဲ့ စကားအဆုံး ဖြူဖြူထွန်းမြင့်က မျက်စောင်းထိုး ကာ ပွစိပွစိနဲ့ ဆဲရေးကိုင်းထွာတယ်။ မြို့ကြီးသူကတော့ ဖြူဖြူထွန်း မြင့်ဖြစ်သွားပုံကိုကြည့်ကာ အသာရယ်လိုက်ရင်း မျက်လုံးထဲမှာ မင်းခန့် ထည်ဝါဆိုတဲ့ ယောကျ်ားသားတစ်ယောက်ကို ပုံဖော်ကြည့်နေလိုက် တယ်။

သူမအတွက် အချစ်ဆိုတာက တစ်ခါမှ မရောက်ဖူးသေးတဲ့ နယ်ပယ်သစ်တစ်ခုပါပဲကွယ်. . .။



# ဂန္နနေ့စိတ္တင်-လ



ရည်းစားဆိုတာက တောက်ပိုးမီးလိုပဲ...
တုန့်ခနဲတောက်ပြီး...
ခဏလေးနဲ့ ဖျတ်ခနဲပြန်ငြိမ်းသွားတဲ့အရာ။

ချစ်သူဆိုတာကတော့...
ဖွဲမီးလို...
ထငွေ့ငွေ့နဲ့ အချိန်ကြာကြာလှိုက်လောင်နေတတ်တာမျိုးပါ။







www.burmeseclassic.com

www.burmeseclassic.com







# ၃

## မန္တလေး

BURMESE CLASSIC .com

ထည်ဝါနဲ့မိုးလင်းတို့က "ပါးချိုင့်လေး" စားသောက်ဆိုင်ထဲမှာ ထိုင်နေရင်းကနေ ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ဝဲကြည့်လိုက်ကြတယ်။ စားသောက်ဆိုင်ထဲမှာက နိုင်ငံခြားသားခရီးသွားတချို့ကလွဲပြီး ဘယ်သူမှ ရှိမနေကြ။ ဆိုင်အလုပ်သမားတွေကလည်း ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေကြတာဆိုတော့ သူတို့နှစ်ယောက်ကို ဘယ်သူကမှ အရေးတယူလုပ်ပြီး ကြည့်မနေကြဘူး။

အဲဒီလိုစိတ်ချရပြီဆိုတော့မှ ထည်ဝါနဲ့ မိုးလင်းတို့နှစ်ယောက်က ကြိုတင်တိုင်ပင်ထားတဲ့အတိုင်း အသင့်ယူလာတဲ့ ဝီစကီပုလင်းထဲက အရက်တွေကို နှစ်ယောက်သားရဲ့ အင်္ကျီတွေပေါ်မှာ လောင်းချလိုက်ကြပြီး အိန္ဒြေမပျက်ပြန်ထိုင်နေလိုက်ကြတယ်။ မန္တလေးရဲ့ ရာသီဥတုပူပူမှာ ကုတ်အင်္ကျီကြီးတွေဝတ်ထားရတဲ့ ဒုက္ခကလည်း မနည်းပါ။

"ဒီလောက်ဆိုရင်တော့ အဆင်ပြေမှာပါနော်. . . ငါဖုန်းဆက်လိုက်တော့မယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ဆက်လိုက်တော့"

မိုးလင်းဆီက ထောက်ခံချက်ရတာနဲ့ ထည်ဝါက မြို့ကြီးသူဆီကို ဖုန်းခေါ်လိုက်တော့တယ်။ ဖုန်းက နှစ်ချက်လောက်သာမြည်ပြီး တန်းကိုင်လာတယ်။

"ဟယ်လို. . ."

ဆိုတဲ့ ထူးသံထွက်လာတာနဲ့ ထည်ဝါက အသက်ကိုဝဝရှူလိုက်ကာ အရက်တွေတအားမူးနေသူ တစ်ယောက်လို အာလေးလျှာလေးကြီးနဲ့. . .

"ဟယ်ရို. . . မို့ချီးသူလား. . . မို့ချီးသူဘယ်ရောက်နေလဲသိဘူး"

"ကျွန်တော်လား. . . ကျွန်တော်အိမ်မှာပဲ ကိုထည်ဝါ၊ ပြောပေဘာပြောစရာရှိလို့လဲ. . ."

"အေ့. . . မို့ချီးသူအားရင် ဦးပိန်ကိုလာခဲ့ပါဦး. . . ဒီမှာကိုယ်တို့နှစ်ယောက်. . . အေ့. . . ကားမောင်းနိုင်တော့လို့. . . အေ့. . ."

"ကိုထည်ဝါ အရက်တွေသောက်ထားတာလား. . . ဟုတ်လား"

မြို့ကြီးသူရဲ့ စိုးရိမ်တကြီးအမေးကြောင့် သူ့အကြံအောင်သွားပြီဆိုတာကို သိလိုက်တော့ ထည်ဝါက မိုးလင်းကို လက်မအသာထောင်ပြလိုက်ရင်း. . .

"လာ. . . လာခဲ့နော်. . . ကျွန်တော်တို့ တောင်မင်းကြီးမြတ်စွာဘုရား လှေကားထစ်တွေပေါ်မှာ. . . အေ့. . . စောင့်နေမယ်. . . နော်. . . မြန်မြန်လာခဲ့နော်. . . အေ့. . ."

ထည်ဝါက သူမစကားကို မဖြေဘဲ သူပြောချင်တဲ့စကားကိုသာ ကုန်အောင်ပြောပြီး ဖုန်းကိုချပစ်လိုက်ပြီး တခွီးခွီးရယ်လိုက်မိတယ်။





ပြီးမှ မိုးလင်းကို ခေါင်းတစ်ချက်ဆတ်ပြလိုက်ရင်း. . .

"လာလိမ့်မယ်. . . ပီပြင်ပါစေနော် ငလင်း၊ အလိမ်ပေါ်သွားရင် ငွမ်းမှာ"

"ငါက ဘာမှ မပီပြင်စရာမရှိဘူး၊ ငါက မူးချင်ယောင်ပဲဆောင်ပြရမှာ၊ မင်းက စကားတွေပါပြောရမှာဆိုတော့ မင်းသာသတိထား၊ မင်း မပီပြင်တာနဲ့ ကွဲပြီပဲ. . ."

သူတို့နှစ်ယောက်ရဲ့ ဒီနေ့အကြံအစည်က ထည်ဝါ့မှာ ချစ်သူရှိတာကို မြို့ကြီးသူသိသွားအောင် အသိပေးဖို့ပါ။ ဒါပေမယ့် ဒီအတိုင်းအသိပေးဖို့ရာကျတော့လည်း အခက်တွေ့နေတော့ မူးချင်ယောင်ဆောင်ပြီး ပြောဖို့ ဆုံးဖြတ်လိုက်ကြတာလေ။ ချစ်သူရှိတာကိုလည်းသိ၊ အရက်သောက်တတ်တာကိုလည်းသိ. . . ဆိုတော့ မြို့ကြီးသူဘက်ကသူ့ကို သေချာပေါက်စိတ်ပျက်သွားတော့မှာ။ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဘယ်လောက်ပိုင်လိုက်တဲ့ အကြံပါလဲ။

ဒီလိုနဲ့ သူတို့နှစ်ယောက်က "ပါးချိုင့်လေး"ထဲမှာ ခဏလောက်ဆက်ထိုင်နေလိုက်ကြပြီးမှ "တောင်မင်းကြီးဘုရား"ဘက်ကိုတက်တဲ့ လှေကားတွေပေါ်မှာ ဘေးကပ်ထိုင်နေလိုက်ကြကာ မြို့ကြီးသူအလာကို စောင့်နေလိုက်တယ်။ လူတချို့ကတော့ ကုတ်အင်္ကျီအရောင်တောက်တောက်ကြီးတွေဝတ်ပြီး ကြောင်တောင်တောင်ဒီဇိုင်းနဲ့ လှေကားတွေပေါ်မှာထိုင်နေတဲ့ သူတို့နှစ်ယောက်ကို ဘာလဲဟ ဆိုတဲ့ဒီဇိုင်းနဲ့ ကြည့်သွားကြတယ်။ ဒါပေမယ့် သူတို့ကလည်း ဘာကိုမှ ဂရုမစိုက်ဘူး။ ခပ်တည်တည်ပဲ ထိုင်နေလိုက်တယ်။

သိပ်တော့ ကြာကြာမစောင့်လိုက်ရ။

"ဟော. . . ဟိုမှာ လာနေပြီ ဟော့ကောင်"



www.burmeseclassic.com

www.burmeseclassic.com

ထည်ဝါက မိုးလင်းပြရာဆီကို ကြည့်လိုက်မိတယ်။ ဟုတ်ပါတယ်။ မြို့ကြီးသူကို ပြုံးပြုံးပျာပျာပုံစံနဲ့ လျှောက်လာနေတာကို တွေ့လိုက်ရတယ်။ တစ်ယောက်တည်းတော့ မဟုတ်။ သူမရဲ့ဖွားဖက်တော်လို့ပြောရလောက်အောင် တတွဲတွဲရှိနေတတ်တဲ့ ဖြူဖြူထွန်းမြင့်လည်း ပါလာတယ်။

"ပီပြင်အောင်လုပ်နော်. . . ဟန်မပျက်စေနဲ့. . . "

"အင်းပါကွာ. . . "

နှစ်ယောက်သားတွတ်ထိုးနေရင်း မြို့ကြီးသူတို့ သူတို့အနားကိုနီးလာတာနဲ့ သူတို့နှစ်ယောက်က ခေါင်းမထောင်နိုင်တော့တဲ့ ဒီဇိုင်းမျိုးဖမ်းလိုက်ပြီး ဇက်တွေကိုချိုးချထားလိုက်ကြကာ မျက်လုံးတွေကို အသာမှိတ်လို့ မှိန်းနေလိုက်ကြတယ်။

"ကိုထည်ဝါ. . . ကိုထည်ဝါ. . . "

မြို့ကြီးသူက ပခုံးကိုကိုင်လှုပ် နှိုးလာတော့မှ ထည်ဝါက မျက်လုံးလေးကို ဖြည်းဖြည်းချင်းဖွင့်လိုက်ပြီး မြို့ကြီးသူကို ကြည့်ပေးလိုက်ကာ. . .

"အင်း. . . အော. . . မိချိုးသူ. . . ရောက်ပြီလား. . . "

"ဘယ်လိုဖြစ်ရတာလဲဗျာ. . . ဒီလောက်တောင် သောက်ရတယ်လို့. . . "

"ကိုယ်. . ကိုယ်နည်းနည်းများသွားလို့. . . ခေါင်းမထောင်နိုင်တော့ဘူး. . . အဲဒါ. . . လှမ်းခေါ်လိုက်တာ. . . ချောတီး. . . ချောတီးဘာကွာ. . . နော်. . . "

မြို့ကြီးသူက ထည်ဝါ့ပုံကိုကြည့်လိုက်ကာ ခေါင်းကိုတဗျင်းဗျင်းကုတ်လိုက်ရင်း. . .

"တော်တော်မူးနေတာပဲ. . . လာလာ. . . ကျွန်တော်တွဲပေးမယ်၊ ကားပေါ်သွားရအောင်၊ ကားက ဘယ်နားမှာရပ်ထားတာလဲ. . . "

မြို့ကြီးသူရဲ့ အမေးကို ထည်ဝါက ပါးစပ်ကမဖြေ။ ခေါင်းငိုက်စိုက်ချထားရင်းကနေ ကားရပ်ထားရာနေရာကို လက်ညှိုးလေးပဲထိုးလိုက်တယ်။

မြို့ကြီးသူက သက်ပြင်းကို ဟင်းခနဲချလိုက်ရင်း ဘေးနားမှာရပ်ကာ နှာခေါင်းတရှုံ့ရှုံ့ဖြစ်နေတဲ့ ဖြူဖြူထွန်းမြင့်ကို လှည့်ကြည့်လိုက်ပြီး. . .

"ဖြူမ. . . နင်က ကိုမိုးလင်းကိုတွဲဟာ၊ ငါ သူ့ကိုတွဲခဲ့မယ်၊ ကားဆီသွားရအောင်"

"ဟင်! တွဲ. . . တွဲရမှာလား. . . "

"အေးပေါ့. . . ဒီလောက်ဖြစ်နေတာ၊ ဘယ်လိုလုပ် သူတို့လမ်းလျှောက်နိုင်မှာလဲ"

"ကိုယ်တိုင်တော့ မတွဲပါရစေနဲ့ဟာ၊ နိုင်မှာလဲမဟုတ်ဘူး၊ နင် ဒီနားမှာ ခဏနေခဲ့ဦး၊ ငါ အကူအညီ သွားတောင်းကြည့်လိုက်ဦးမယ်၊ ခဏလေး. . . "

ပြောပြောဆိုဆို ဖြူဖြူထွန်းမြင့်က လှေကားထစ်တွေပေါ် ခပ်သွက်သွက်တက်ကာ ပျောက်ကွယ်သွားပြီး ခဏကြာတော့ ယောကျ်ားလေးနှစ်ယောက်နဲ့အတူ ပြန်ရောက်လာတယ်။ အဲဒီယောကျ်ားသားနှစ်ယောက်ရဲ့ အကူအညီနဲ့ပဲ ထည်ဝါနဲ့မိုးလင်းတို့ကို ကားပေါ်အရောက် ပို့လိုက်ကြရတယ်။

ကားပေါ်ရောက်တော့လည်း မိုးလင်းနဲ့ထည်ဝါတို့က သဏ္ဍာန်လုပ် သရုပ်တူရလေအောင် နောက်ခန်းထဲမှာ တုံးလုံးပက်လက်



www.burmeseclassic.com

www.burmeseclassic.com



တွေ နေလိုက်ကြတယ်။

မြို့ကြီးသူကတော့ နောက်ခန်းတံခါးကို ဆွဲပိတ်လိုက်ပြီး ဖြူဖြူထွန်းမြင့်ဘက်ကို လှည့်ကြည့်ကာ. . .

"ဖြူမ. . . နင်က ငါတို့ယူလာတဲ့ဆိုင်ကယ်ကို စီးခဲ့လိုက်ဟာ၊ ဒီကားကို ငါမောင်းခဲ့လိုက်မယ်. . ."

"အေးအေး. . . ပြီးရော. . . ပြီးရော. . . ဟိုနှစ်ယောက်က လမ်းရောက်မှ ပြဿနာလည်းရှာနေဦးမယ်"

ဖြူဖြူထွန်းမြင့်စကားကြောင့် မြို့ကြီးသူက ပြုံးလိုက်ရင်း. . .

"သူတို့ကိုယ်သူတို့တောင် မလှုပ်နိုင်တော့ပါဘူးဟယ်. . . စိတ်ချပါ"

"အေး. . . ဒါဆို ငါသွားပြီ"

ဆိုင်ကယ်ရပ်ထားခဲ့ရာဆီ ဖြူဖြူထွန်းမြင့်လျှောက်သွားတော့မှ မြို့ကြီးသူလည်း ကားပေါ်တက်ရတယ်။ ကားတံခါးကို ဆွဲပိတ်ပြီး ကားစက်ကိုမနှိုးသေးဘဲ နောက်ခန်းထဲကို အသာစောင်းငဲ့ကြည့်တော့ ဘသားချောနှစ်ယောက်က တုံးလုံးပက်လက်။ ဒါနဲ့ မြို့ကြီးသူက ခေါင်းကိုအသာရမ်းပြီး ကားစက်နှိုးဖို့ ရှေ့ကိုပြန်အလှည့်မှာပဲ ထည်ဝါ့ဆီက စကားသံ တစ်ခုထွက်လာတယ်။

"ယသော်. . . ယသော်. . . ရက်စက်တယ်ကွာ. . ."

ရုတ်တရက်တော့ မြို့ကြီးသူက စကားသံကိုသေချာမကြားလိုက်။ ဒါနဲ့ကားစက်ကို မနှိုးသေးဘဲ ထည်ဝါ့ဆီက ဆက်ထွက်လာမယ့် စကားသံကို စောင့်ပြီးနားထောင်နေလိုက်တယ်။

"ယသော်. . . ယသော်ရာ. . . ကိုယ်က မင်းကိုပဲချစ်တာပါကွာ၊ ဒါကို ဘာဖြစ်လို့ မယုံရတာလဲ. . . အေ့. . ."





ထည်ဝါ့စကားအဆုံး မြို့ကြီးသူက "ယသော်"ဆိုတဲ့ နာမည်တစ်ခုကို ခပ်တိုးတိုး သံယောင်လိုက် ရွတ်ကြည့်မိတယ်။ ပြီးတော့ ထည်ဝါ့ကို တစ်ချက်ထပ်ကြည့်မိပြန်တယ်။ ဒါပေမယ့် ထည်ဝါက ငြိမ်သွားပြီ။

နောက်တော့ သူမက ခေါင်းတစ်ချက်ကို အသာရမ်းထုတ်ပစ်လိုက်ရင်း ကားစက်နှိုးကာ မောင်းထွက်လာခဲ့လိုက်တယ်။ ဒါပေမယ့် သူမနားထဲမှာက ယသော်ဆိုတဲ့ နာမည်တစ်ခုကို ထပ်ခါထပ်ခါပြန်လည်ကြားယောင်နေမိဆဲပါပဲ။

ဒီလိုနဲ့အိမ်ပြန်ရောက်တော့ သူမမိဘတွေနဲ့ ဖြူဖြူထွန်းမြင့်တို့က ပေါ်တီကိုအောက်မှာ အဆင်သင့်ပဲ စောင့်နေကြတာကိုတွေ့ရတယ်။ နောက်တော့ ထည်ဝါတို့နှစ်ယောက်ကို သူတို့အခန်းထဲကို အရောက်တွဲပို့ကြရပြန်တယ်။

တွဲပို့တဲ့တစ်လမ်းလုံး မိုးလင်းက ဇက်ကျိုးကျဟန်ကြီးနဲ့ စကားတစ်ခွန်းမှ မပြောပေမယ့်လို့ ထည်ဝါကတော့ အာလေးလျှာလေးကြီးနဲ့. . .

"ဆောတီး. . . ဆောတီးပါ အောဘောဂျီရယ်. . . ကျော်(ကျွန်တော်ကို ပြောရာတွင် မပီခြင်း)က စိတ်ညစ်လို့နည်းနည်းဆို နည်းနည်းလေးပဲ. . . အေ့. . . သောက်လိုက်တာပါအောဘောဂျီရယ်. . ."

ဆိုတာမျိုး. . .။

"အောမောနီ. . . ကျော်(ကျွန်တော်)တောင်းပန်တယ်နော်၊ ဂွဲဆုံး(င်)ဟမ်နီသာ. . . အေ့. . . ဂွဲဆုံး(င်)ဟမ်နီသာ. . ."

ဆိုတာမျိုးတွေကို ဝါရစပ်ပြောလာတော့တယ်။ ဒေါ်ကြူကြူမွှေးကတော့ အရက်နံ့ကြောင့် မျက်နှာကြီးက ရှုံ့မဲ့လို့။ ဦးထွန်းတင်က



www.burmeseclassic.com

www.burmeseclassic.com



လည်း ခေါင်းတရမ်းရမ်း။ ဖြူဖြူထွန်းမြင့်ကလည်း နှာခေါင်းကြီးရှုံ့ပွ ရှုံ့ပွနဲ့ အတော်စိတ်ပျက်နေတဲ့ပုံ။ မြို့ကြီးသူကတော့ ယသော်. . . ယသော်. . . ဆိုတဲ့ နာမည်တစ်ခုကြားထဲမှာ အတွေးတွေ လုံးလည်ချာလည်လိုက်လို့။

ထည်ဝါနဲ့ မိုးလင်းတို့ကတော့ တကယ့်အရက်နာကျနေတဲ့ ဒီဇိုင်းနဲ့ ခုတင်ပေါ်မှာ ခြေပစ်လက်ပစ်လှဲချလိုက်ကြပြီး တွဲပို့ပေးကြတဲ့ မြို့ကြီးသူတို့ လူတစ်စု အခန်းထဲက ပျောက်ကွယ်သွားတော့မှ နှစ်ယောက်သား ဝုန်းခနဲထကာ ခုတင်ပေါ်မှာ ဂန်းနမ်းစတိုင်လ်မြင်းစီးအကကို ကဗျာလွှတ်ကလိုက်ကြတယ်။





ပြာလဲ့လဲ့မီးရောင်လေးသာထွန်းထားတဲ့ အိပ်ခန်းထဲက ခုတင်ပေါ်မှာ လူးလှိမ့်ရင်း အိပ်လို့မရနိုင်သေးတာက မြို့ကြီးသူ။

သူမရဲ့နားထဲမှာ "ယသော်" ဆိုတဲ့ နာမည်တစ်ခုကိုပဲ ထပ်ခါတလဲလဲကြားယောင်နေတော့တာ။ ယသော်တဲ့။ အဲဒီမိန်းကလေးဟာ ကိုထည်ဝါနဲ့ ဘယ်လိုများပတ်သက်နေတာပါလဲ။ အဖြစ်နိုင်ဆုံးကတော့ ယသော်ဟာ ကိုထည်ဝါ့ချစ်သူမိန်းကလေးပဲ ဖြစ်ပါလိမ့်မယ်။ ဒါဆို ကိုထည်ဝါက သူ့မှာ ချစ်သူရှိရဲ့သားနဲ့ လူကြီးတွေရဲ့ အစီအမံတွေထဲကို ဘာလို့ ခေါင်းအသာလျှိုပြီးတော့ ဝင်လာရတာလဲ။ သူ့ဘက်က ပွင့်ပွင့်လင်းလင်း ပြောပြီးတော့ မိမိနဲ့ကိစ္စကို ငြင်းပါတော့လား။

ပြီးတော့ မိမိကိုယ်တိုင်ကရော. . .။

မိမိရဲ့စိတ်တွေကရော. . . ကိုထည်ဝါ့မှာ ချစ်သူရှိတယ်ဆိုတာကိုသိလိုက်ရတာနဲ့ ဘာလို့များ အခုလို ဆောက်တည်ရာမရဖြစ်နေရတာလဲ။ ဘာလို့ တည်တည်ငြိမ်ငြိမ်မရှိရတာလဲ။

ကျွတ်. . .။

သူမက ခေါင်းကို အသာရမ်းမိတယ်။





www.burmeseclassic.com

www.burmeseclassic.com



## ရှာရဝေဒ်အဆို

တကယ်ဆို သူမဘက်က ဘာကိုမှကို ခေါင်းစားနေစရာ အကြောင်းမရှိဘူးလေ။ သူ့မှာ ချစ်သူရှိတော့ရော ဘာဖြစ်လဲ။ ကိုယ်နဲ့ ဘာမှမှ ဆိုင်သေးတာမှ မဟုတ်တာ ဆိုတဲ့ စိတ်မျိုး ကိုယ့်ဘက်ကထားနိုင်ရမှာ မဟုတ်ဘူးလား။ အခုတော့. . . ။

သူမက အိပ်မရတဲ့အဆုံး အိပ်ရာထဲက ထလာကာ ဝရန်တာဘက်ကို ထွက်လာခဲ့ပြန်တယ်။ သူမစိတ်ထဲမှာ တစ်ခုခုကို အလိုမကျသလို ခံစားနေရတာကို ခံစားမိနေပါလျက်နဲ့ အဲဒါဟာ ဘာဆိုတာကို အဖြေထုတ်လို့မရတာက အတော့်ကိုခံစားရခက်စေတယ်။

သူမ. . .

ကိုထည်ဝါနဲ့ ထိပ်တိုက်ဆွေးနွေးဖို့တော့ လိုအပ်နေပါပြီ။ အဖြေတစ်ခုခုတော့ ရနိုင်ကောင်းပါရဲ့လေ။

❀❀❀



"အခုလောက်ဆိုရင် ငါ့မှာ ချစ်သူရှိတာကို မြို့ကြီးသူ ကောင်းကောင်းသိသွားလောက်ပြီနော်. . . မိုးလင်း"

ထည်ဝါက ခုတင်ပေါ်မှာ ပက်လက်လှန်ပြီး လက်နှစ်ဖက်ကို ခေါင်းအောက်မှာ ယှက်ထိုးထားရင်းပုံစံနဲ့ ဒီစကားကိုပြောလိုက်တော့ မိုးလင်းက မျက်နှာကြက်မှာ တွဲကပ်ထားတဲ့ ညအိပ်မီးကို မှိတ်လိုက်ဖွင့်လိုက်လုပ်ကာ လက်ဆော့နေရင်းကနေ. . .

"ဒါပေါ့. . . ငါတို့အကြံ ရာနှုန်းပြည့်အောင်မြင်ပါတယ်ကွာ၊ ပူမနေပါနဲ့၊ သူတို့မရိပ်မိပါဘူး"

ဆိုတော့ ထည်ဝါက မိုးလင်းဘက်ကို စောင်းငဲ့ကြည့်လိုက်ရင်းက. . .

"သိသွားတာကတော့ ဟုတ်ပြီ. . . ငါဘာဆက်လုပ်ရမလဲဆိုတာကိုလည်း ပြောဦးလေကွာ"

"ဘာဆက်လုပ်ရမှာလဲ. . . မနက်ဖြန်ကျရင် မင်း. . . မြို့ကြီးသူနဲ့ ထိပ်တိုက်စကားပြောလိုက်တော့၊ ဒီနေ့က အင်ထရိုဝင်ထားပြီးသားဆိုတော့ စကားစဖို့က သိပ်မခက်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာတော့ အပူသားကွ၊ ပြောရမှာ"

"ဘာမှပူမနေနဲ့၊ ပြောသင့်တာကိုသာ ချင့်ချိန်ပြီးပြောလိုက်၊ ကျန်တာ သူ့ဘာသာဖြစ်သွားလိမ့်မယ်"

နှစ်ယောက်သားက စကားပြောစရာ မရှိတော့သလို ခဏငြိမ်သွားကြတယ်။ ပြီးတော့မှ မိုးလင်းက အကြံတစ်ခုရသွားဟန်နဲ့. . .

"ဒီလိုလုပ်. . . မနက်ဖြန်ကျရင် ငါတို့ မန္တလေးတောင်ကိုသွားရအောင်၊ အဲဒီမှာဆိုရင် မင်းတို့နှစ်ယောက် အေးအေးဆေးဆေးစကားပြောလို့ရတယ်၊ ဖြူဖြူထွန်းမြင့်ကို ပထုတ်ဖို့က ငါ့တာဝန်ထားလိုက်၊ ဘယ်လိုလဲ. . . ဒီအကြံမကောင်းဘူးလား. . ."

ထည်ဝါက ပက်လက်အနေအထားကနေပဲ ခေါင်းညိတ်ပြလိုက်မိတယ်။ မျက်လုံးထဲမှာ မြို့ကြီးသူရဲ့ ပုံရိပ်က ဖျတ်ခနဲ။ ရင်မောရပါလား. . . မန္တလာသူလေးရယ်. . .။





မနက်ခင်း ကော်ဖီဝိုင်းကို သူတို့နှစ်ယောက်ရောက်သွားတော့ မြို့ကြီးသူတို့ သားမိသားဖသုံးယောက်လုံးက ရောက်နေနှင့်ကြပြီ။

"သြော်. . . မောင်ထည်ဝါတို့၊ လာကြလေ. . . အခုပဲ လာနိုးတော့မလို့၊ မထလောက်သေးဘူးထင်လို့"

"ဟုတ်. . . အစောကြီးကတည်းက နိုးနေတာပါ အောဘောဂျီရဲ့၊ ခေါင်းဖြီးမလို့ဟာ ဘီးပျောက်နေလို့ရှာနေတာနဲ့ ကြာသွားတာ"

ထည်ဝါက တမင်လုပ်ထားတဲ့ စပ်ဖြဲဖြဲရုပ်နဲ့ ဂျယ်လိမ်းကာ ပြိုးပြက်နေအောင်ဖြီးထားတဲ့ ခေါင်းက ဆံပင်တစ်ချို့ကို ကိုင်ရင်းပြောလိုက်ရင်း ထိုင်ခုံမှာဝင်ထိုင်လိုက်တယ်။ မိုးလင်းကလည်း ထည်ဝါ့ဘေးမှာ အပြုံးတစ်ခုနဲ့ ဝင်ထိုင်လိုက်တယ်။ နှစ်ယောက်စလုံးရဲ့ ဆံပင်စတိုင်လ်နဲ့ အဝတ်အစားတွေက အရောင်တွေသာကွဲသွားပေမယ့် တစ်ကုမ္ပဏီထဲက ထုတ်တဲ့ အရုပ်တွေလိုအတူတူ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ထည်ဝါတို့ မနေ့က တော်တော်မူးလာတယ်နော်၊ အဲလိုပဲ ခဏခဏသောက်ဖြစ်လား"

ဒေါ်ကြူကြူမွှေးရဲ့ အမေးစကားအဆုံး ထည်ဝါက နားသယ်စပ်ကို တစ်ချက်ကုတ်လိုက်ရင်းက. . .

"ဟုတ်. . အရင်ကတော့ နည်းနည်းပါးပါးလောက်ပဲ ချဖြစ်တာပါ၊ မနေ့ကတော့ စိတ်ညစ်စရာလေးနည်းနည်းရှိတာနဲ့. . . အဟဲ"

ထည်ဝါက စကားကို ဖြတ်ချလိုက်ကာ မြို့ကြီးသူကို ကြည့်လိုက်မိတော့ သနပ်ခါးပါးကွက်ကြား အခြောက်တစ်ဖက်အစိုတစ်ဖက်နဲ့ မြို့ကြီးသူကလည်း သူ့ကိုကြည့်အလာ အကြည့်ချင်းဆုံသွားကြတယ်။ ဘာ့ကြောင့်ရယ်တော့ မသိ။ သူ့ရင်ထဲမှာ ရှိန်းခနဲ ခံစားလိုက်ရတယ်။ ဒါပေမယ့် ခဏလေးပါပဲ. . . သူမက စပြီး အကြည့်ကိုလွှဲသွားတယ်။

"အေးပေါ့ကွာ. . . လူငယ်ဘာသာဘာဝ နည်းနည်းပါးပါး သောက်တာတော့ ဦးလည်း မတားလိုပါဘူး၊ ဒါပေမယ့် မနေ့ညနေကလို လူမှန်းသူမှန်းမသိအောင်တော့ မသောက်နဲ့ပေါ့ကွာ"

စိတ်ပျက်သွားကြအောင် တမင်ပြောလိုက်တာတောင် စိတ်ပျက်သွားဟန်မပြဘဲ နည်းနည်းပါးပါးလောက်သာချဆိုတဲ့ ဦးထွန်းတင်စကားကြောင့် ထည်ဝါက ခုံအောက်ကနေ မိုးလင်းခြေထောက်ကို အသာတို့လိုက်မိတယ်။ ဒီတော့ မိုးလင်းကလည်း အသာနေဆိုတဲ့ အထာနဲ့ ထည်ဝါ့ခြေထောက်ကို ပြန်တို့တယ်။ ပြီးတော့ မိုးလင်းက မြို့ကြီးသူကို ဦးတည်ကြည့်လိုက်ကာ. . .

"မြို့ကြီးသူရေ. . . ကျွန်တော်တို့ကို ဒီနေ့ မန္တလေးတောင်ပေါ် လိုက်ပို့ပေးပါလား၊ မရောက်တာကြာပြီဗျာ၊ ခြေလျင်တစ်ခေါက်တော့ ရောက်ဖူးတယ်၊ အခု ကားနဲ့အပေါ်ထိတက်လို့ရနေပြီဆို. . ."





ဆိုတော့ မြို့ကြီးသူက သောက်မယ့်ဟန်ပြင်နေတဲ့ ကော်ဖီခွက်ကို အသာပြန်ချလိုက်ရင်း. . .

"ဟုတ်တယ်. . . ကားတွေတက်လို့ရနေပြီ၊ သွားချင်ရင် ကျွန်တော်လိုက်ပို့ပေးမယ်လေ၊ ဘယ်အချိန်လောက်သွားကြမလဲ. . ."

မြို့ကြီးသူရဲ့အကြည့်က ထည်ဝါ့ဆီရောက်လာပြန်တယ်။ ဒီတော့ ထည်ဝါက. . .

"ကိုးနာရီပတ်ဝန်းကျင်လောက်သွားရအောင်လေ၊ နေ့ခင်းဘက်ကျတော့လည်း တော်တော်ပူမှာ"

မြို့ကြီးသူက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း. . .

"ဟုတ်ပြီလေ. . . သွားတာပေါ့၊ ကျွန်တော် ဖြူဖြူ့ကိုပါ လှမ်းချိတ်လိုက်မယ်"

စကားက ပြောစရာမရှိတော့သလို တိတ်သွားကြပြန်တယ်။ ဒါပေမယ့် ခဏလေးပါပဲ။ ဦးထွန်းတင်ဆီက စကားသံထွက်လာတယ်။

"ဒါနဲ့ မကြူ. . . မနက်ဖြန်မင်းမွေးနေ့ မဟုတ်လား၊ ဘာလုပ်မယ်စိတ်ကူးလဲ. . ."

"ဘာမှထွေထွေထူးထူးတော့ မလုပ်တော့ပါဘူးတော်၊ ဘုန်းကြီးကျောင်းကို ဆွမ်းပို့တာလောက်ပဲ လုပ်တော့မယ်၊ အစကတော့ အိမ်နီးနားချင်းတွေကို အုန်းနို့ခေါက်ဆွဲလေး ချက်ပို့ဦးမလို့ပဲ၊ ဒါပေမယ့် စိတ်မပါတော့ဘူးဖြစ်နေလို့. . . တော်ပြီ"

"ကိုယ်တိုင်မချက်ချင်လည်း ဒံပေါက်အော်ဒါမှာပြီး ဝေလိုက်ပေါ့ကွာ၊ ဘာခက်တာမှတ်လို့. . ."

"အင်း. . . အခြေအနေကြည့်ဦးမယ်"

ဒေါ်ကြူကြူမွှေးရဲ့မွေးနေ့ဆိုတာကြောင့် ထည်ဝါ့ရဲ့ခေါင်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အကြံအစည်တစ်ခုက လင်းခနဲဖြစ်သွားတယ်။ ပြီးတော့ ကိုယ့်အတွေးနဲ့ကိုယ် အသာကျိတ်ပြုံးလိုက်တယ်။

ဒီအခိုက်မှာပဲ မြို့ကြီးသူရဲ့ လက်ကိုင်ဖုန်းက မြည်လာတာမို့ သူမက ကော်ဖီဝိုင်းကနေ ထထွက်သွားတယ်။ ထည်ဝါကလည်း ကော်ဖီကို အရသာခံသောက်လိုက်ရင်းက သူမနဲ့ နှစ်ယောက်တည်းတွေ့တဲ့ အခါကျရင် စကားကို ဘယ်နေရာကနေ စပြောရမလဲဆိုတာ စကားလုံးရွေးနေလိုက်တယ်။

မိုးလင်းကလည်း သူ့အတွေးနဲ့သူ ငြိမ်လို့. . . ။





မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားရင်ပြင်တော်ပေါ်ကနေ လှမ်းမြင်နေရတဲ့ မန္တလေးမြို့ကြီးကို ကြည့်နေကြရင်းကနေ မိုးလင်းက ဖြူဖြူထွန်းမြင့်ကို ဦးတည်ကြည့်လိုက်ရင်း. . .

"မဖြူဖြူ. . . ကျွန်တော့်ကို မြွေကြီးနှစ်ကောင်နားမှာ ဓာတ်ပုံတစ်ပုံလောက် လိုက်ရိုက်ပေးပါလား. . ."

ဆိုတော့ ဖြူဖြူထွန်းမြင့်က ထည်ဝါနဲ့မြို့ကြီးသူတို့ကို ဝေ့ဝဲကြည့်လိုက်ရင်းကနေ. . .

"ခဏနေရင်ပဲ အဲဒီအနားကိုသွားတော့မှာလေ၊ ပြီးမှ အတူတူသွားကြတာပေါ့၊ အဲဒီကျတော့မှ ဓာတ်ပုံကြိုက်သလောက်ရိုက်လို့ရတာပဲ. . ."

ဖြူဖြူထွန်းမြင့်က အထာမပေါက်သေးဘူး။ မိုးလင်းက မြို့ကြီးသူနဲ့ ထည်ဝါတို့ဘက်ကို မျက်စတွေဘာတွေပစ်ပျက်ပြလိုက် မျက်စိတွေမှိတ်ပြလိုက် လုပ်လိုက်တော့မှ ဖြူဖြူထွန်းမြင့်က သဘောပေါက်သွားကာ. . .

"အော. . . အင်း. . . သွားတာပေါ့၊ သွားမယ်လေ"

တွေဘာတွေဖြစ်ပြီး ပါသွားတယ်။ ဒီတော့ ထည်ဝါနဲ့ မြို့ကြီးသူတို့နှစ်ယောက်ပဲ ကျန်နေခဲ့တော့တယ်။ ထည်ဝါက အဝေးကိုငေး



www.burmeseclassic.com

နေတဲ့မြို့ကြီးသူကို ဘေးတိုက်အနေအထားကနေ တစ်ချက်စောင်းငဲ့ကြည့်လိုက်မိတယ်။ သနပ်ခါးပါးကွက်ကြားနဲ့ မြင်နေရတဲ့ မျက်နှာတစ်ခြမ်းလေးရယ်၊ လေတိုက်လို့ ဆံနွယ်တွေ နောက်ဘက်ကို လွင့်ဝဲနေတာလေးရယ်က ကဗျာတစ်ပုဒ်လိုပါပဲ။ မြင်လိုက်ရင် သူမပါးပေါ်မှာ သနပ်ခါးပါးကွက်ကြားလေးတွေကပဲ အမြဲတမ်းနေရာယူထားတတ်တာလေးက ဆေးရောင်စုံမိတ်ကပ်မလေးတွေကြားထဲမှာ တမူထူးခြားနေတာကတော့ အမှန်ပါပဲ။ ပြီးတော့ ပါတိတ်လေးတွေကို လုံလုံခြုံခြုံနဲ့ ဒီဇိုင်းဆန်းဆန်းလေးတွေ ချုပ်ကာ စွဲစွဲလမ်းလမ်းဝတ်တတ်တာလေးကလည်း ရာဇဝင်ထဲက မြို့သူဆိုတာကို သက်သေထူပြနေသလား မပြောတတ်ပါ။

သူက ငေးကောင်းကောင်းနဲ့ သတိလက်လွတ်ငေးနေမိရာကနေ ရုတ်တရက်လှည့်ကြည့်လာတဲ့ မြို့ကြီးသူရဲ့ အကြည့်တစ်ချက်ကြောင့် ရင်ထဲမှာ ဒိန်းကနဲဆောင့်ခုန်သွားကာ အကြည့်ကိုအမြန်လွှဲလိုက်ရတယ်။

ပြီးမှ ဣန္ဒြေဆယ်သလို တစ်ချက်ပြန်လှည့်ကြည့်လိုက်ကာ. . .

"မန္တလေးမြို့ကြီးကို အပေါ်စီးကနေ လှမ်းမြင်ရတာ ရင်ထဲမှာ တစ်မျိုးကြီးပဲနော်၊ ဘာကိုမှန်းမသိ လွမ်းမိသလိုလိုပဲ. . ."

ဆိုတော့ သူမက တစ်ချက်ပြုံးပြလာရင်း. . .

"ဟုတ်တယ်၊ ကျွန်တော်လည်း အဲဒီလိုပဲ ခံစားရတယ်၊ ကျွန်တော်တို့မန္တလေးမြို့ကြီးက ဘုရင်တွေထီးနန်းစိုက်ခဲ့ရာ အရပ်ဆိုတော့ ထီးရိပ်နန်းငွေ့တွေက အခုထိကိန်းအောင်းနေသေးတာလေ၊ မြို့ကြီးက တစ်နေ့တခြား ဘယ်လောက်ပဲ တိုးတက်ပြောင်းလဲလာလာ၊ အဆောက်အဦးတွေ ကားတွေဘယ်လောက်ပဲ ထူထပ်လာလာ ထီးနန်းအငွေ့ကို ဖုံးလွှမ်းမသွားနိုင်ဘူး၊ ခံစားလို့ရနေတယ်၊ အခုလို အပေါ်စီးကကြည့်ရတဲ့အခါပိုပြီးတော့ သိသာတယ်နော်၊ ကျွန်တော်ကတော့ မန္တလာသူ





ဖြစ်ရတာကို အရမ်းဂုဏ်ယူတယ်. . . သိလား"

ဂုဏ်ယူဝင့်ကြွားစွာပြောနေတဲ့ သူမစကားကြောင့် သူ့နားထဲမှာ ဇာတိမာန်သီချင်းသံကိုတောင် ကြားလာမိတယ်။ သူမပြောတာတွေကလည်း ဟုတ်တော့ဟုတ်ပါတယ်လေ။ ဒီနေရာဒေသမှာ တစ်ချိန်က မြန်မာတို့ရဲ့ သက်ဦးဆံပိုင်ဘုရင်တွေ ထီးနန်းအုပ်ချုပ်မင်းလုပ်ခဲ့တာ ရာဇဝင်မှာ အထင်အရှားမဟုတ်ပါလား။ ခေတ်ကာလတွေဘယ်လောက်ပဲကြာကြာ လူတွေရဲ့ အာရုံမှာ မန္တလေးလို့ဆိုလိုက်တာနဲ့ အဲဒီထီးတွေနန်းတွေနဲ့ ပူးတွဲပြီး ပြေးမြင်နေမိလိုက်ကြဆဲပါပဲ။

"ကိုထည်ဝါ. . . ဘာတွေများ တွေးနေတာတုန်း၊ ငြိမ်လှချည်လား. . ."

သူမစကားမှာ နှစ်မျောပြီး ကိုယ့်အတွေးနဲ့ကိုယ်လွင့်နေတဲ့ သူက သူမဆီက အမေးစကားထွက်လာမှ စိတ်က ခန္ဓာကိုယ်ဆီပြန်ကပ်တယ်။

"အဟင်း. . . စိတ်က ရာဇဝင်ထဲရောက်သွားတာ. . ."

သူ့စကားကြောင့် သူမက ပြုံးတယ်။ ဒီအပြုံးမှာလည်း ရုတ်တရက် သူငေးသွားရတာပါပဲ။ ခက်တော့နေပါပြီ။ ဒီနေ့မှ သူဘယ်လိုများဖြစ်နေပါလိမ့်။ ဒါပေမယ့် ဒီတစ်ခါတော့ သူက သူ့ကိုယ်သူ အမြန်ရုန်းထွက်လိုက်ရင်း ခေါင်းကိုရမ်းကာ အကြည့်ကို လှမ်းမြင်နေရတဲ့ အဆောက်အဦး ခေါင်းမိုးတွေပေါ် ပို့ပစ်လိုက်ရင်းက. . .

"ကိုယ်. . . မြို့ကြီးသူကို ပြောစရာတစ်ခုရှိတယ်၊ ဒါပေမယ့် ဘယ်က စပြောရမှန်းမသိလို့ ခက်နေတာ"

ဆိုပြီး စကားအစပျိုးလိုက်တယ်။ ဒီတော့ သူမက သူ့ဘက်ကို ငဲ့စောင်းကြည့်လာရင်း. . .

www.burmeseclassic.com



"ဘာလဲ. . . ခင်ဗျားချစ်သူ ယသော်အကြောင်းပြောမလို့လား ဟုတ်လား. . ."

သူမဆီက ထင်မှတ်မထားတဲ့ စကားကိုကြားလိုက်ရတာမို့ သူ့မှာ တအံ့တသြဖြစ်ကာ မျက်ခုံးတွေက အလိုလိုမြင့်တက်သွားရတယ်။ သူမသိအောင် တစ်နေ့တုန်းက အရက်မူးချင်ယောင်ဆောင်ပြီး အသိပေးထားခဲ့တာမှန်ပေမယ့်လို့ အခုလို ပြောင်ဖွင့်မေးလာလိမ့်မယ်လို့တော့ သူလုံးဝကို တွေးထင်မထားခဲ့တာ အမှန်ပါ။ ဒါပေမယ့်သူက သူဘာမှ လုပ်မထားတဲ့ပုံစံမျိုးကို တမင်ထပ်ဖမ်းလိုက်ကာ. . .

"သိ. . . သိနေတယ်! ဟုတ်လား. . ."

လို့ ပြန်မေးတော့ သူမက ပြုံးကာ အကြည့်ကို အဝေးကိုပို့လိုက်ရင်း. . .

"တစ်နေ့က ခင်ဗျားမူးပြီး ကားပေါ်မှာ အော်နေတာလေ၊ အဲဒီတုန်းက သိလိုက်တာပါ. . ."

"ဩော်. . ."

ဆိုပြီး သူက သူမမျက်နှာရိပ်မျက်နှာကဲကို အသာခိုးခတ်ရတယ်။ ဒါပေမယ့် သူကပဲ ညံ့တာလား၊ သူမကပဲ ဟန်ဆောင်ကောင်းတာလား၊ တကယ်ပဲ ဘာမှကိုမခံစားရတာလားတော့မသိ။ သူမမျက်နှာမှာ ဘာခံစားချက်ကိုမှ ရှာမတွေ့ဘူး။

"ခင်ဗျားချစ်သူက ကိုရီးယားမှာလား၊ မြန်မာပြည်မှာပဲလား"

"ဟိုမှာပါ. . ."

သူမက ခေါင်းညိတ်တယ်။

"ခင်ဗျားမှာ ချစ်သူရှိနေတာ ခင်ဗျားမိဘတွေကို အမှန်အတိုင်းပြောလိုက်လေဗျာ၊ ဘာဖြစ်လို့ အချိန်ဆွဲပြီး ဒီကိုရောက်လာသေးတာလဲ. . ."

သူက ဘာမှတောင် မပြောရ။ သူမကချည်း မေးခွန်းတွေကို ဆက်တိုက်မေးနေတော့တာပင်။ ဒီတော့သူကလည်း သက်သာတာပေါ့ ဆိုတဲ့ အတွေးနဲ့ အလိုက်သင့်လေး ပြန်ဖြေပေးနေလိုက်တော့တယ်။

"ကိုယ့်မိဘတွေရဲ့ စကားကို ကိုယ်တို့ညီအစ်ကိုနှစ်ယောက်က ဘယ်တုန်းကမှ မလွန်ဆန်ခဲ့ဘူးမြို့ကြီးသူရဲ့၊ အဲ. . . ရှင်းရှင်းပြောရရင်တော့ လွန်ဆန်လို့မရတာပေါ့၊ ကိုယ့်မိဘတွေက နည်းနည်းအစွန်းရောက်တယ်။ သူတို့သားတွေကို သူတို့ချပေးတဲ့ ပုံစံခွက်အတိုင်းပဲ ကွက်တိထွက်လာစေချင်ကြတာလေ၊ သူတို့က ဒါဆိုရင် ကိုယ်တို့က ဟိုဟာပြောင်းလို့မရဘူး၊ ကိုယ့်အစ်ကိုဆိုရင်လည်း သူတို့ပေးစားတဲ့ သူကိုပဲ ယူခဲ့ရတာ၊ ဒါပေမယ့် အဲဒီအချိန်တုန်းက အစ်ကို့မှာက ချစ်သူမှမရှိဘဲ၊ အဲဒီတော့ မိဘတွေစီစဉ်တာကို လွယ်လွယ်ကူကူပဲလက်ခံလိုက်နိုင်ခဲ့တာပေါ့၊ ဒါပေမယ့် ကိုယ့်မှာက. . ."

သူက စကားကိုဆက်မပြောတော့ဘဲ ဖြတ်ချပစ်လိုက်တယ်။ သူဆက်မပြောပေမယ့်လို့ နောက်ဆက်တွဲထွက်လာမယ့် စကားဟာ "ချစ်သူနဲ့လေ" ဆိုတဲ့စကားဖြစ်ကြောင်းကို သူမကောင်းကောင်း သဘောပေါက်မှာပါ။

"အဲဒါနဲ့ပဲ. . . မန္တလေးကိုဒိုးလာပြီး ကျွန်တော်အပါအဝင် ကျွန်တော့်မိဘတွေက ခင်ဗျားကိုစိတ်ပျက်ပြီး မင်္ဂလာပွဲကိုဖျက်သိမ်းသွားအောင် တစ်ဖက်လှည့်နဲ့ လာလုပ်တယ်ဆိုပါတော့."

သူမဆီကထွက်လာတဲ့ စကားကြောင့် သူ့မှာဖျားချင်ချင်တောင်ဖြစ်သွားရတယ်။ သူမက သူ့အကွက်တွေကို သိနေပြီတဲ့လား။ သူကတော့ သူ့ကိုယ်သူလည်လှပြီမှတ်နေတာ။ အခုတော့ ရန်ကုန်သား







www.burmeseclassic.com

www.burmeseclassic.com



လည်တယ်ဆိုတာ မန္တလေးသူအိပ်နေသလောက်ပဲရှိတယ်လို့ ပြောရမလိုဖြစ်နေပြီ။

"ဟို. . . မြို့ကြီးသူက အားလုံးကိုရိပ်မိနေတာလား"

"သိပ်မကြာသေးပါဘူး၊ ခင်ဗျားတို့မူးတဲ့နေ့ကမှ ခင်ဗျားမှာချစ်သူရှိတာကို သိလိုက်ရပြီး အကြောင်းအရာအတော်များများကို ဆက်စပ်ကြည့်မိသွားတာ၊ သူများနိုင်ငံမှာတောင် အလုပ်သွားလုပ်နေတဲ့လူတွေက အခုခင်ဗျားဝတ်ထားတဲ့ အူကြောင်ကြောင်ဒီဇိုင်းတွေကို ဝတ်ပြီး ပေါ်တောတောစကားတွေကိုပြောတယ်ဆိုတာ သေချာစဉ်းစားကြည့်ရင် မဖြစ်နိုင်မှန်းသိသာပါတယ်၊ ပြီးတော့ မနက်အစောမှာ စပီကာကြီးနဲ့ ခုနစ်အိမ်ကြားရှစ်အိမ်ကြားဘုရားရှိခိုးတာတွေ၊ နတ်ပွဲပေးနေတုန်းမှာ ဂန်းနမ်းစတိုင်လ်သီချင်းကို အကျယ်ကြီးဖွင့်တာတွေ. . . စသဖြင့်ပေါ့၊ အဲဒီလိုလုပ်ရပ်တွေက တစ်ဖက်လူစိတ်ပျက်သွားအောင် တမင်လုပ်နေတယ်ဆိုတာ မှန်းကြည့်လို့ရပါတယ်. . ."

သူမရဲ့ စကားတွေအများကြီးအဆုံး သူက သူမကိုအားလည်းနာ၊ မျက်နှာလည်းအတော်ပူသွားရကာ. . .

"ဟို. . . ကိုယ်လွန်သွားတယ်ဆိုရင် တောင်းပန်ပါတယ်ေ-၊ ကိုယ့်မှာလည်း ရွေးချယ်စရာက ဒီတစ်လမ်းပဲရှိလို့ပါ၊ မင်္ဂလာပွဲကို ပျက်စေချင်တာမှန်ပေမယ့်လို့ မြို့ကြီးသူတို့မိသားစုကို ထိခိုက်နစ်နာပါစေဆိုတဲ့ စိတ်မျိုးတော့ ကိုယ့်မှာတကယ်မရှိခဲ့ပါဘူး၊ အဲဒါကိုတော့ ယုံပေးပါနော်. . ."

"ကျွန်တော်နားလည်ပါတယ်၊ ခင်ဗျားနေရာမှာ ကျွန်တော်ဆိုရင်လည်း အခုခင်ဗျားလုပ်သလို လုပ်မိမှာပါပဲ၊ ဒါပေမယ့် ဒီဇာတ်လမ်းမှာ ကျွန်တော်ဗီလိန်မဖြစ်ချင်ဘူး၊ အဲဒါဟာ ဘာကိုဆိုလိုတာလည်းဆို





တော့ ခင်ဗျားက ခင်ဗျားမိဘတွေရဲ့စကားကို မလွန်ဆန်နိုင်သလို ကျွန်တော်လည်း ကျွန်တော့်မိဘတွေရဲ့စကားကို လွန်ဆန်ပြီး သမီးဆိုးမဖြစ်ချင်တာကို ပြောတာပါ၊ အဲဒီတော့ မင်္ဂလာကိစ္စကို ကျွန်တော့်ဘက်ကတော့ စပြီးငြင်းပေးမှာမဟုတ်ဘူးနော်၊ လူကြီးတွေဘက်က ပွဲဖျက်သွားအောင်ပဲ ခင်ဗျားလုပ်ရမှာ၊ ကျွန်တော်ကတော့ ပွဲကြည့်ပရိတ်သတ်ပဲလုပ်နေမှာ၊ ဒီကိစ္စကိုလျှို့ဝှက်ထားပေးဖို့ကိုတော့ ကျွန်တော်တာဝန်ယူပါတယ်. . . ခင်ဗျားကံကောင်းပါစေ. . ."

သူမက ပြောစရာစကားကုန်သွားဟန်နဲ့ သူ့ဆီက အကြည့်ကိုခွာကာ လေတိုက်လို့ရှေ့ဘက်ကိုဝဲကျနေတဲ့ ဆံပင်အချို့ကို နောက်ဘက် ပြန်သပ်လိုက်တယ်။ ဒီအချိန်မှာပဲ သူစိတ်ထဲမှာ သူမနဲ့ အချစ်ဆိုတဲ့ ဝေါဟာရအကြောင်းကို ဆွေးနွေးကြည့်ချင်လာစိတ်တွေ ရုတ်တရက်ဝင်ရောက်လာခဲ့တော့တယ်။ ဒါနဲ့သူက မေးခွန်းတစ်ခုကို ချက်ချင်းပဲကောက်မေးချလိုက်တယ်။

"မြို့ကြီးသူမှာရော ချစ်သူမရှိဘူးလား"

သူ့အမေးစကားအဆုံး သူမက အားရပါးရပြုံးလိုက်ကာ. . .

"ခင်ဗျားက ဘာဖြစ်လို့သိချင်တာလဲ. . ."

"အကြောင်းပြချက်တော့ မရှိဘူး၊ ဒါပေမယ့် အဲဒါကိုသိချင်တဲ့စိတ်က ချက်ချင်းပဲကြီးစိုးလာလို့ မေးကြည့်တာ၊ အပန်းမကြီးရင်ဖြေပေးပါလား"

"အဟင်း. . . ပြောရရင်တော့ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလိုဖြစ်ဦးမယ်၊ အခုအချိန်အထိ ချစ်သူမပြောနဲ့ ရည်းစားတောင်မထားဖူးသေးဘူးဆိုရင် ယုံမလား"

သူမစကားကြောင့် သူက သဘောတကျပြုံးလိုက်ပြန်ရင်း. . .





www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ခွဲ

"မြို့ကြီးသူကလည်း၊ ချစ်သူနဲ့ရည်းစားက ဘာကွာလို့လဲ၊ အတူတူပဲ မဟုတ်ဘူးလား"

"မတူပါဘူး၊ ကွဲတာပေါ့၊ ရည်းစားဆိုတာက ချစ်သူဆိုတဲ့စကားလုံးလောက် လေးနက်မှုမရှိပါဘူး၊ ကျွန်တော့်အထင်ကိုပြောမယ်နော်၊ ကျွန်တော့်အထင်တော့ ရည်းစားဆိုတာက ဟုန်းခနဲထတောက်ပြီး ခဏလေးနဲ့ ဖျတ်ခနဲပြန်ငြိမ်းသွားတဲ့ ကောက်ရိုးမီးနဲ့တူတယ်ဗျာ့၊ ချစ်သူဆိုတာကတော့ အဲဒီလိုမဟုတ်ဘူး၊ ဖွဲမီးလို တငွေ့ငွေ့နဲ့ အချိန်ကြာကြာ လှိုက်လောင်နေတတ်တာလေ. . ."

သူမစကားကို သူတော်တော်လေးသဘောကျသွားတယ်။ ရည်းစားမထားဖူးလို့သာပဲ တော်တော့တယ်ရွှေမန်းသူ(ကားနာမည်မဟုတ်ပါ)ရယ်. . .။

"တယ်ဆိုတဲ့ စာပါလား၊ ရည်းစားမထားဖူးဘူးဆိုတာ ယုံရခက်ခက်ပဲနော. . ."

သူက အရွှန်းဖောက်တော့ သူမက သဘောတကျရယ်တယ်။ နောက်တော့ သူတို့နှစ်ယောက်လည်း မိုးလင်းနဲ့ ဖြူဖြူထွန်းမြင့်တို့ရှိမယ့် မြွေကြီးနှစ်ကောင်ဘက်ကို ထွက်လာခဲ့လိုက်တယ်။ သူတို့ရှောင်ပေးနေတာလည်း အချိန်အတော်ကြာသွားပြီ မဟုတ်လား။



type တွေ့တဲ့ လူနှစ်ယောက်ကြားမှာ
ဖြစ်တည်လာတဲ့ အချစ်က...
ဆောင်းမနက်ခင်းတစ်ခုမှာ
ဖြစ်ပေါ်နေတဲ့
မြူခိုးမြူငွေ့တွေလိုပဲ...
နေ့ဒဏ်လေးဒဏ်ကို မခံနိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com





ဂန္ဓာနေစဝ်တုင်-လှ

# ၈

## မန္တလေး

ဒေါ်ကြူကြူမွေး အိပ်ရာကနိုးပြီး မနက်စာပြင်ဖို့ မီးဖိုချောင် ထဲဝင်လာတော့ မီးဖိုးချောင်ထဲမှာ ထည်ဝါ့ကိုတွေ့လိုက်ရတယ်။

"ဟင်. . . သား. . . ထည်ဝါ. . . အစောကြီးနိုးနေပါလား၊ ပြီး တော့ မီးဖိုချောင်ထဲဝင်ပြီး ဟောစောစီးစီးဘာတွေလုပ်နေတာတုန်း"

"ဘာလုပ်ရမှာလဲ. . . အောမောနီရဲ့၊ ဒီနေ့က အောမောနီရဲ့ မွေးနေ့မဟုတ်လား"

"ဟုတ်တယ်လေ. . . အဲဒါဘာဖြစ်တုန်း"

"ဘာဖြစ်ရမှာလဲ၊ ကိုရီးယားကလူတွေဆိုရင် သူတို့မွေးနေ့မှာ ရေညှိဟင်းသောက်ကြတယ်လေ၊ အဲဒါကြောင့် အောမောနီ့ကိုလည်း သောက်ဖူးအောင်လို့ သားက အစောကြီးထချက်နေတာ. . ."

"ဟုတ်လား၊ မလိုပါဘူးကွယ်၊ အိပ်ရေးပျက်ခံပြီးတော့များ တ ကူးတကကြီး ထချက်နေရတယ်လို့၊ သူတို့က ကိုရီးယားတွေဆိုပေမယ့် အန်တီတို့က မြန်မာတွေပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . . အောမောနီကလည်း၊ သားက အောမောနီကိုစားဖူးအောင်လို့ ချက်ကျွေးတာပါဆို၊ လာပါ. . . စားကြည့်လိုက်၊ သားအဆင်သင့် ပြင်ထားပြီးပြီ"

ထည်ဝါက ဒေါ်ကြူကြူမွှေးကို ပြောလည်းပြော လက်ကလည်းဆွဲခေါ်လိုက်ကာ စားပွဲမှာထိုင်စေလိုက်ရင်း ရေညှိဟင်းဆိုတာကို ချပေးလိုက်တယ်။ ဒေါ်ကြူကြူမွှေးက ရေညှိဟင်းပန်းကန်ကိုကြည့်လိုက်ရင်း. . .

"အဟင်းဟင်း. . . ကိုရီးယားကားထဲမှာသာ မြင်ဖူးတာ၊ အပြင်မှာ လက်တွေ့စားရလိမ့်မယ်လို့ တစ်ခါမှ မတွေးဖူးဘူး. ."

"အဲဒါကြောင့်ချက်ကျွေးတာပါဆို၊ စားကြည့်စားကြည့် ကြိုက်သွားမယ်၊ သားကရှယ်ချက်ထားတာ. . ."

ဒေါ်ကြူကြူမွှေးက သဘောတကျနဲ့ ရေညှိဟင်းကို တစ်ဇွန်းခပ်သောက်ကြည့်လိုက်တယ်။

"ဟယ်. . . အင်း. . ကောင်းသားပဲ၊ အရသာက တစ်မျိုးလေး၊ သားက ဒါတွေလည်းဖြစ်တာပဲလား"

"အောမောနီအတွက်ပဲ သားကချက်ပေးတာပါ၊ စားစေချင်လို့"

ဒေါ်ကြူကြူမွှေးက ရေညှိဟင်းကို တစ်ဇွန်းပြီးတစ်ဇွန်း သောက်ကောင်းကောင်းနဲ့ ခပ်သောက်နေရင်းကနေ ပန်းကန်တစ်ဝက်လောက်ကျိုးမှ တစ်ခုခုကို သတိရသွားဟန်နဲ့. . .

"ကောင်းလိုက်တာသားရယ်၊ ဒါနဲ့ ဒီရေညှိက ဘယ်ကဝယ်ရတာတုန်း. . ."

ဆိုတော့ ထည်ဝါက ပြုံးလိုက်ရင်း. . .

"မဝယ်ရပါဘူး အောမောနီရဲ့၊ ခြံနောက်ဘက်ရေဆိုးမြောင်းထဲကရတာလေ. . ."



"ဟေ ! "

ဒေါ်ကြူကြူမွှေးရဲ့ လက်ထဲမှာကိုင်ထားတဲ့ ဇွန်းက ဂလွမ်ဆို လွတ်ကျသွားသလို ပါးစပ်ထဲက ရေညှိတွေလည်း ပန်းကန်ထဲကို ပြန်ပြုတ်ကျသွားတယ်။





www.burmeseclassic.com







Friends လက်ဖက်ရည်ဆိုင်ထဲမှာ လက်ဖက်ရည်သောက်နေတုန်း ရုတ်တရက်ထရယ်လိုက်တဲ့ မိုးလင်းကြောင့် ထည်ဝါက ဘာလဲဟာ ဆိုတဲ့ ပုံစံနဲ့ကြည့်လိုက်ရင်း. . .

"ဘယ်လိုဖြစ်ရတာတုန်းကွာ၊ တစ်ယောက်တည်း ကဗျာလွတ်ထရယ်နေတယ်. . ."

"မဟုတ်ပါဘူးကွာ၊ မနက်က ဒေါ်ကြူကြူမွေးဖြစ်ပျက်သွားတဲ့ ပုံကို သတိရလို့ပါ၊ သွားတိုက်ဆေးတစ်ဘူးလုံးကုန်လောက်အောင် သွားတွေ တဗျင်းဗျင်းတိုက်နေတာများ ရေစီးကမ်းပြိုလိုက်မှာတောင် စိုးရတယ်. . . ဟား. . . ဟား. . . သေချာတယ်ဟေ့ကောင်၊ ဒီတစ်ခါတော့ အဲဒီဘွားတော် မင်းကိုတော်တော်ယေးလန့်သွားလောက်ပြီ. . ."

တကယ်တော့ အဲဒီရေညှိဟင်းတွေက အိမ်နောက်ဘက်ရေဆိုးမြောင်းထဲကဆိုတာ မဟုတ်ပါဘူး။ ကိုရီးယားစားသောက်ဆိုင်တစ်ခုကနေ မြို့ကြီးသူကိုယ်တိုင် အော်ဒါမှာပေးထားတာပါ။ အခုတော့သူမခများလည်း အလိုလိုနေရင်း သူတို့နဲ့အတူ ကြံရာပါဖြစ်ရရှာပြီ။

"ဒါနဲ့အခုတလော ယသော်ငြိမ်နေပါလား၊ ဘာသံမှကိုမကြားဘူးနော်၊ လိုင်းပေါ်လည်း တက်မလာဘူးမှလား၊ ဖုန်းလည်းမဆက်ဘူး

www.burmeseclassic.com



နော်. . . "

ဟုတ်တယ်။ ယသော် အခုတလောငြိမ်နေတာ အံ့ဩစရာ။ ပြီးတော့ အခုတလောမှာ သူကိုယ်တိုင်ကလည်း ယသော့်အကြောင်းကို သိပ်မတွေးဖြစ်။ အရင်တုန်းတွေက မတွေးဖြစ်ဘူးဆိုတာက ရစ်လွန်းလို့ စိတ်ရှုပ်ကာ မတွေးဖြစ်အောင် တမင်မေ့ထားတာမျိုးဖြစ်ပေမယ့် အခုတလောကတော့ အဲဒီလို တမင်မေ့ထားတာမျိုးမဟုတ်ဘဲနဲ့ကို ယသော်ဆိုတာက သူ့အာရုံထဲမှာ အလိုလိုပျောက်ကွယ်နေတာ ဘာကြောင့်ရယ်တော့မသိ။

သူက သက်ပြင်းမောတစ်ခုကို မှုတ်ထုတ်လိုက်ရင်း. . .

"ဟင်း. . . အခုတလော သူမအားဘူးနဲ့တူပါတယ်. . . "

နောက်တော့ သူတို့နှစ်ယောက်က လက်ဖက်ရည်ဆိုင်ကနေ ပြန်လာခဲ့လိုက်ကြတယ်။ မျက်စိထဲမှာ မန္တလေးမြို့ရဲ့ လမ်းတွေက နည်းနည်းတော့ အသားကျလာသလိုပင်။

"အခုအရွယ်အထိ မြို့ကြီးသူရည်းစားမထားခဲ့ဖူးဘူးဆိုတာကို ငါနည်းနည်းတော့ အံ့ဩတယ်ကွ၊ မထူးဆန်းဘူးလား"

မိုးလင်းစကားကြောင့် ထည်ဝါက ကားကို ဂီယာချိန်းလိုက်ရင်းကနေ. . .

"မင်းကလည်း၊ သူ့ဘာသာ ရည်းစားမထားချင်လို့မထားတာ၊ ဘာများအံ့ဩစရာရှိလို့လဲကွ. . . "

"ဪ. . . ဒီလိုခေတ်ကြီးထဲမှာ ရည်းစားမထားဖူးဘူးဆိုတာ အတော်ရှားနေပြီမဟုတ်လား၊ အင်းလေ. . . သူ့ဒီဇိုင်းကိုကလည်း ဒီနေ့ခေတ်မှာ ရှားနေပြီဆိုတော့ ဟုတ်ချင်လည်း ဟုတ်မှာပေါ့. . . "

မိုးလင်းက သူ့ဘာသာတစ်ယောက်တည်း အဆိုတင်သွင်းကာ





သူ့ဘာသာပဲ မှတ်ချက်ချ အတည်ပြုလိုက်တယ်။

ဒီလိုနဲ့ မြို့ကြီးသူတို့အိမ်ရှေ့ကို ပြန်အရောက်မှာတော့. . .

"ဟင် ! "

မမျှော်လင့်ဘဲ ရုတ်တရက်တွေ့လိုက်ရတဲ့ လူတစ်ယောက်ကြောင့် သူ့ခြေထောက်တွေဟ ကားဘရိတ်ကို ယောင်ရမ်းပြီးဆောင့်နင်းလိုက်မိတယ်။ အာဘောင်အာရင်းသန်သန်နဲ့ စကားပြောလာတဲ့ မိုးလင်းခမျာလည်း ရှေ့ကို ငိုက်ခနဲဖြစ်သွားပြီး သူ့လျှာသူ ပြန်ကိုက်မိတဲ့အထိ ကားက တုန့်ခနဲ ရပ်သွားတာ။

"ယသော် ! "

သူက ခပ်တိုးတိုးရေရွတ်လိုက်ရင်း ကားပေါ်ကနေ ခပ်မြန်မြန်ဆင်းကာ လူခေါ်ဘဲလ်ကို နှိပ်လုနှိပ်ခင်ဖြစ်နေတဲ့ ယသော့်လက်တွေကို ဖမ်းဆွဲထားလိုက်မိတယ်။

"ယသော်. . . ဘယ်လိုလုပ်ပြီး ဒီရောက်လာတာလဲ. . . ဘယ်တုန်းက ပြန်ရောက်တာလဲ. . . "

သူက မျှော်လင့်မထားဘဲမို့ တအံ့တဩနဲ့ လှုပ်လှုပ်ရွရွဖြစ်နေသလောက် သူမကတော့ ခပ်တည်တည်ပင်. . .

"ရှင် မရှင်းနိုင်တဲ့ ကိစ္စတွေကို ကျွန်မရှင်းပေးမလို့ ပြန်လာတာလေ. . . "

ပြောပြီး သူမက လူခေါ်ဘဲလ်ဆီကို လက်လှမ်းလိုက်တယ်။ ဒါပေမယ့် သူက သူမလက်ကို နောက်တစ်ခါဖမ်းဆွဲထားလိုက်ပြန်ရင်းက. . .

"ယသော်. . . ဘာလုပ်မလို့လဲ"

"ဘာလုပ်ရမှာလဲ၊ ကျွန်မက ရှင့်ချစ်သူပါဆိုတာကို သူတို့သိ



www.burmeseclassic.com

www.burmeseclassic.com



အောင် ပြောပြမလို့လေ. . .”

ပြောပြီးသူမက လူခေါ်ဘဲလ်ဆီကို လက်လှမ်းပြန်တယ်။ ဒါနဲ့ သူက နောက်ထပ်တစ်ခါ သူမလက်တွေကို ဖမ်းဆွဲထားလိုက်ပြန်ရင်းက နေ. . .

“ယသော်. . . ဘာတွေလျှောက်လုပ်နေတာလဲကွာ၊ အဲဒီလို သွားပြောလို့ ဘယ်ကောင်းမလဲ၊ လာ. . လာပါကွာ၊ ကိုယ်တို့တစ်နေရာရာကို သွားပြီး စကားပြောရအောင်. . .”

ပြောပြောဆိုဆိုသူက သူမကို သူ့ကားရှိရာ ဆွဲခေါ်မယ်ပြင်တော့ သူမက သူ့လက်တွေထဲကနေ ရုန်းထွက်လိုက်ရင်း. . .

“ကျွန်မမှာ ကားပါတယ်၊ ကျွန်မကားနဲ့ပဲ သွားမယ်၊ ထည်ဝါ့ကား ထားခဲ့လိုက်”

ဒါနဲ့သူက သူ့ကားကို မိုးလင်းနဲ့ထားခဲ့လိုက်ပြီး သူမကားနဲ့ လိုက်သွားဖို့လုပ်ရတယ်။

“ကိုယ်မောင်းရမလား. . .”

“ရတယ်. . . မန္တလေးမြို့ထဲလမ်းတွေကို ကျွန်မကျွမ်းပြီးသား၊ ရှင်လုပ်ရမှာက ကျွန်မမောင်းတဲ့ကားကို စီးရင်းနဲ့ ဖြေရှင်းချက်ကောင်းကောင်းပေးနိုင်ဖို့ကိုပဲ စဉ်းစားပါ. . .”

သူမစကားက ခနဲ့တဲ့တဲ့။ သူကတော့ သူ့ကားကိုမှီကာ ရပ်ကျန်နေခဲ့တဲ့ မိုးလင်းဘက်ကို ပြန်လှည့်ကြည့်လိုက်မိရင်း ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ပြလိုက်မိတယ်။





“တော်တော်ပျော်နေတယ်ပေါ့. . . ဟုတ်လား. . .”

ရှေ့က စားပွဲပေါ်ကို ဓာတ်ပုံတွေတစ်ထပ်ကြီး ပစ်တင်လိုက်ကာ မေးလာတဲ့ ယသော့်စကားက ခနဲ့တဲ့တဲ့။ ဒါပေမယ့် သူ့မှာ သူမ ပြောတဲ့စကားကို ဂရုမစိုက်အားဘူး။ စားပွဲပေါ်ကိုရောက်ရှိလာတဲ့ ဓာတ်ပုံတွေကိုပဲ တအံ့တဩနဲ့ ကြည့်နေမိတယ်။

ဓာတ်ပုံတွေက မန္တလေးမြို့ရဲ့ အထင်ကရနေရာအချို့ကို သူတို့တွေ လျှောက်သွားကြတာကို နောက်ကနေ နောက်ယောင်ခံလိုက်ကာ ကင်မရာတစ်လုံးနဲ့ အမိအရရိုက်ယူထားတဲ့ပုံတွေ။ များသောအားဖြင့်က သူနဲ့ မြို့ကြီးသူတို့ရဲ့ နှစ်ယောက်တွဲပုံတွေ။ မဟာမြတ်မုနိဘုရားမှာ၊ ဦးပိန်တံတားမှာ၊ 78 Shopping Mall မှာ၊ မန္တလေးတောင်ပေါ်မှာ၊ ပြီးတော့ မြို့ကြီးသူတို့ ခြံဝန်းထဲမှာတောင် ပါသေးတယ်။

“ဒါ. . . ဒါတွေက”



www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး သူမကို မော့ကြည့်လိုက်မိတော့ သူမက နုတ်ခမ်းထောင့်စွန်းတစ်ဖက်တည်းကို မဲ့ကာပြုံးလိုက်ရင်း ဘယ့်နှယ့်ရှိစဆိုတဲ့ အကြည့်မျိုးနဲ့ကြည့်လာကာ. . .

"ရှင်တို့ပုံတွေလေ၊ မမြင်ဘူးလား. . ."

"ကိုယ်ပြောတာ အဲဒါကိုမဟုတ်ဘူး၊ ဒီပုံတွေကို မင်းဘယ်လိုရသလဲဆိုတာကို မေးနေတာ၊ မင်း. . . ငါ့နောက်ကို လူထည့်ထားတာလား၊ ချက်ကင်လိုက်နေတာလား. . . ဟုတ်လား"

"ဟုတ်တယ်. . . ကျွန်မ လူတစ်ယောက်ငှားပြီး ရှင့်နောက်ကို ရှဲဒိုးထည့်ထားတာ၊ ရှင့်ကို ပြောထားပြီးသားပါရောလား ကျွန်မကို ဟိုမှာကျန်ခဲ့တယ်ဆိုပြီး ဘတ်မယ်တော့ မကြိုးစားနဲ့လို့"

သူမရဲ့ စကားအဆုံး သူ့ရင်ထဲမှာ အလိုမကျမှုတစ်ခုက အရှိန်အဟုန်ပြင်းပြင်းနဲ့ ဝင်ရောက်လာတယ်။ ဒါဟာ သူမ စည်းမရှိတာ။ သူ့ဂုဏ်သိက္ခာကို ယုံကြည်မှုမရှိတာ။ ချစ်သူဆိုတဲ့ ယုံကြည်မှုမျိုး သူမဘက်က သူ့အပေါ်မှာ မထားနိုင်တာကို ပြလိုက်တာ။ ကွက်ကျော်တာ။

ကိုယ်ကတော့ သူမနဲ့နီးဖို့အရေးကို ခေါင်းတွေအစားခံပြီး တိုက်ပွဲတွေ ဝင်လိုက်ရတာ။ ကြိုးစားလိုက်ရတာ။ သူမကတော့ သံသယမျက်လုံးနဲ့ လူငှားပြီးတော့တောင် ရှဲဒိုးထည့်ထားသတဲ့။ သူမမှာ တစ်ဖက်သားအပေါ်ထားတဲ့ ယုံကြည်နားလည်မှုဆိုတာတွေ မရှိတော့ဘူးတဲ့လား။

သူက သူမကို ဘာမှ ပြောချင်စိတ်မရှိတော့တဲ့ အကြည့်မျိုးနဲ့ပဲ ကြည့်နေလိုက်မိတော့တယ်။ ယောကျ်ားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာတရားဆိုတာကလည်း သူ့ကိုအတော် ခံရခက်စေတယ်။

"ရှင်ဘာဆက်လုပ်မှာလဲ ထည်ဝါ၊ ရှင်တစ်ခုခုကို ပြတ်ပြတ်သား



သား ဆုံးဖြတ်သင့်နေပြီ၊ အစကတည်းက ရှင့်မိဘတွေကို ပွင့်ပွင့်လင်းလင်းပြောပြလိုက်ရင် ဇာတ်လမ်းက ပြတ်နေလောက်ပြီ၊ ကျွန်မမှာ အဲဒီ သနပ်ခါးပါးကွက်ကြားနဲ့ မန္တလေးသူ ပုံတုံးကြီးကို ဘာများမယှဉ်နိုင်စရာရှိလို့လဲ၊ ပြောစမ်းပါဦး. . ."

"မင်း. . . သူတပါးကို ပုတ်ခတ်ပြီး မပြောပါနဲ့၊ မင်း. . . မင်းကွာ. . ."

သူက ခံစားချက်တွေ သိပ်သည်းလွန်းနေတော့ ဘာစကားမှကို ကောင်းကောင်းပြောလို့မရအောင် ဖြစ်ရကာ စကားကိုဖြတ်ချထားလိုက်တော့ သူမက ခုပဲထပေါက်တော့မယ့် မြွေဟောက်တစ်ကောင်လိုမျိုး ပါးပြင်းထောင်လာကာ. . .

"ဘာလဲ. . . ရှင်ကဲ ရှင့်ဟာမကိုထိတော့ နာတာလား၊ ဟုတ်လား ထည်ဝါ၊ ရှင်က အဲဒီလိုတောင် နာတတ်နေပြီလား၊ ဟား. . . ကျလည်းကျတဲ့ယောကျ်ား"

"မင်း. . . မဆိုင်တာတွေ လျှောက်ပြောမနေနဲ့ ယသော်၊ အခုထိ မင်းအပေါ်မှာ ငါ့ဘက်က စိတ်နဲ့တောင် သစ္စာမဖောက်ခဲ့ဖူးဘူး၊ အဲဒါ ယောကျ်ားစကားပြောတာ"

"ဟွန်း. . . နားရှိလို့သာ ကြားရတယ်၊ ရှင့်စကားမှာကိုက အခုထိဆိုတာ ပါနေတော့ နောင်တစ်ချိန်ကျရင်တော့ ရှင့်ဘက်က ဖောက်ကောင်းဖောက်နိုင်တယ်လို့ ပြောတာနဲ့ မတူဘူးလား"

သူမက သူမအကျင့်အတိုင်း စကားကို အထအနတန်းကောက်တယ်။ သူကလည်း အဲဒီလို စကားအထအန ကောက်တာလောက် စိတ်ပျက်တာ မရှိဘူး။

"ကျွတ်. . ."



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ကို

သူက ဘာမှမပြောတော့ဘဲ စိတ်ကုန်သလို ကျွတ်တစ်ချက်သပ်ကာ သူမဆီက သူ့အကြည့်ကို အခြားတစ်နေရာ လွှဲထားလိုက်မိတယ်။ ပြီးတော့ အတော်ကြာတဲ့အထိ နှစ်ယောက်သား ဘာစကားမှ ထပ်မပြောမိကြ။ နောက်တော့ တိတ်ဆိတ်မှုကို သည်းမခံနိုင်တဲ့ သူမဘက်ကပဲ စကားသံစထွက်လာတယ်။

"ရှင်တစ်ခုခုကို ပြတ်ပြတ်သားသားဆုံးဖြတ်တော့ ထည်ဝါ၊ ကျွန်မ အခုလို ဇာတ်မျောကြီး ဖြစ်မနေချင်တော့ဘူး၊ ကျွန်မ မြန်မာနိုင်ငံမှာ ဆယ်ရက်လောက်ပဲ နေလို့ရမှာ၊ အဲဒီဆယ်ရက်အတွင်းမှာ အဖြေတစ်ခုတော့ ထွက်အောင်ထုဝ်ရမှာပဲ၊ တကယ်လို့မှ ဆယ်ရက်အတွင်း ရှင့်ဘက်က အဖြေတစ်ခုထွက်မလာရင် အဖြေထုတ်တဲ့သူဟာ ကျွန်မဖြစ်သွားမှာနော် . . ."

သူဘာမှ ပြန်မပြောမိ။ သူမအတွက် သူ့ရင်ဘတ်ထဲမှာ စကားလုံးတွေ အတော့်ကိုပဲ ရှားနေတာပါ။

❀❀❀





"မင်း ဘာဆက်လုပ်မယ်စိတ်ကူးလဲ . . . ထည်ဝါ၊ ယသော်က ဟိုကနေတောင် ပြန်လာပြီး မင်းကို ချက်ကင်လိုက်နေတာနော်၊ မင်း အထိန်းမတတ်ရင် ဂွမ်းမှာပဲ . . ."

"ငါလည်း ဘာလုပ်ရမှန်းမသိတော့ဘူးကွာ၊ ဘယ်လိုမှ မတတ်နိုင်ရင်တော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး မိဘတွေကို ဖွင့်ပြောရမှာပဲ၊ မြို့ကြီးသူရဲ့ မိဘတွေ ငါ့ကိုစိတ်ပျက်သွားအောင် လုပ်နေတာကလည်း ထိရောက်မှုမှ သိပ်မရှိတာ၊ ပြီးတော့ မြို့ကြီးသူကလည်း သူ့ဘက်ကတော့ စငြင်းပေးမှာ မဟုတ်ဘူးလို့ အတိအလင်း ပြောထားပြီးသားလေ . . ."

သူ့စကားကြောင့် မိုးလင်းက သူ့ကို အထူးအဆန်းဟစ်ခုကို မြင်လိုက်ရသလို ကြည့်လာရင်း . . .

"မင်းမှာ အဲဒီလောက်တောင် သတ္တိတွေရှိနေပြီပေါ့၊ ဟုတ်လား ထည်ဝါ . . . မင်းသေချာစဉ်းစားဦးနော်၊ ယသော်လိုမိန်းကလေးမျိုးနဲ့ မင်းတစ်ဘဝလုံး လက်တွဲသွားနိုင်မှာတဲ့လား၊ ရှင်းရှင်းပြောရရင် ငါကတော့မထင်ဘူး၊ ယသော့် type နဲ့ မင်း type က လုံးဝအကွာကြီး၊ ဒီလိုလူနှစ်ယောက်ကို ဘယ်တော့မှ အချိန်ကြာကြာဆွဲကပ်ထားလို့ မရဘူး၊ မင်းက ယသော့်အပေါ် တိမ်းညွတ်နေလို့ မသိပေမယ့် ငါကဘေးလူဆိုတော့ ပိုမြင်တယ်၊ အခုအချိန် ငါ့စိတ်ထဲမှာရှိတဲ့အတိုင်း ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် မင်းကိုငါက ယသော်နဲ့စာရင် မြို့ကြီးသူနဲ့တောင် ပိုပြီးသဘောတူသေးတယ်. . . ငါအမှန်အတိုင်းပြောတာ”

မိုးလင်းစကားအဆုံး သူက မိုးလင်းကို တစ်ခုခုပြောဖို့ပြင်လိုက်ပေမယ့် မိုးလင်းဟန်းဖုန်းက မြည်လာတာကြောင့် စကားစက ပြတ်သွားတယ်။ ပြီးတော့ မိုးလင်းက သူ့အနားက ထထွက်သွားကာ ခပ်လှမ်းလှမ်းမှာ စကားသွားပြောနေတော့ သူတစ်ယောက်တည်း အတွေးတွေနဲ့အတူတူ ချာချာလည်ပြီး ကျန်ခဲ့တယ်။ အတွေးထဲမှာက ယသော်. . . ပြီးတော့ မြို့ကြီးသူ. . .။

သိပ်တော့ မကြာလိုက်ဘူး။ အနားကို မိုးလင်းပြန်ရောက်လာတယ်။

“ငါမနက်ဖြန် ရန်ကုန်ခဏပြန်မှဖြစ်မယ် ထည်ဝါ၊ ငါ့အဖေဆေးရုံတင်ထားရတယ်တဲ့. . .”

“ဟင်. . . ဟုတ်လား၊ စိုးရိမ်ရလား၊ ဘာဖြစ်တာလဲ”

“စိုးရိမ်စရာတော့ မရှိပါဘူးကွာ၊ အူအတက်ပေါက်တာတဲ့၊ အဲဒါ ဆေးရုံတင်ထားတယ်ပြောတယ်၊ တစ်ပတ်လောက်နားခိုင်းရမှာဆိုတော့ ကုမ္ပဏီမှာက ငါရှိနေမှ ဖြစ်မှာလေ. . .”

“သြော်. . . အေး၊ ဒါဆို ငါ့ကားကို ယူသွားလေ၊ ငါလည်း ဒီမှာကျတော့ ဘယ်မှမှသိပ်မသွားဖြစ်တာ၊ ကိုယ်ကားနဲ့ကိုယ်ဆိုတော့ မင်းပြန်ရတာ အဆင်ပြေတာပေါ့. . .”

မိုးလင်းက ခေါင်းညိတ်တယ်။ အနည်းငယ်မှောင်လာပြီဆိုတော့ ကောင်းကင်မှာ ကြယ်တွေလည်း ကိုယ်ယောင်ကိုယ်ဝါပြဖို့ စိုင်းပြင်းနေကြပြီ။










www.burmeseclassic.com

www.burmeseclassic.com







# ၉

## မန္တလေး

မိုးလင်းက မနက်အစော လေးနာရီလောက်ထကာ ရန်ကုန်ပြန်သွားတာမို့ သူတစ်ယောက်ပဲ အိပ်ရာထဲမှာ လူးလှိမ့်နေမိရင်း မနက်စာစားချိန်လောက်မှာတော့ သူက အောက်ထပ်ကိုဆင်းလာခဲ့လိုက်ကာ ထမင်းစားခန်းထဲကို ဝင်မယ်အလုပ်မှာတင်ပဲ အထဲကထွက်လာတဲ့ မြို့ကြီးသူနဲ့ ဆုံတယ်။

"ကိုထည်ဝါ. . . Breakfast စားမလို့လား၊ ကျွန်တော်နဲ့လိုက်ခဲ့ပါလားဗျာ့၊ အပြင်မှာမြီးရှည်သွားဆွဲမလို့၊ ဘယ်လိုလဲ လိုက်မှာလား"

"ကောင်းသားပဲ. . . သွားမယ်လေ. . ."

ဒီလိုနဲ့ သူမဆိုင်ကယ်နောက်က ထိုင်ကာလိုက်လာခဲ့လိုက်တယ်။ မနက်အစောကြီးရှိသေးတာတောင် မန္တလေးမြို့လမ်းတွေပေါ်မှာ ဆိုင်ကယ်တွေ အတော်လေးရှုပ်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူမခေါ်သွားတာက ၂၇လမ်း၊ ၇၇×၇၆လမ်းကြားမှာရှိတဲ့ လမ်းဘေးဆိုင်လေးတစ်ဆိုင်ကိုပါ။ သူမက ဆိုင်ကယ်ကိုဒေါက်ထောက် ရပ်ကာ ဇက်သော့ခတ်လိုက်ရင်းမှ. . .

"ဒီဆိုင်လေးက လမ်းဘေးဆိုင်ဆိုပေမယ့် လက်ရာကောင်းတယ်ဗျာ့၊ မနက်ပိုင်းပဲရတာလေ၊ ကိုးနာရီ. . . ကိုးခွဲလောက်ဆိုရင် ဘာမှ မကျန်တော့ဘူး၊ ကျွန်တော်နဲ့ ဖြူဖြူဆိုရင် ဒီကိုခဏခဏရောက်ဖြစ်တယ်. . ."

သူတို့နှစ်ယောက်က နီးရာခုံမှာပဲ ဝင်ထိုင်လိုက်ကြကာ မြီးရှည်နှစ်ပွဲမှာလိုက်ကြတယ်။

"ကိုမိုးလင်းက အလုပ်ကိစ္စရှိလို့ပြန်သွားကာလား. . . ဟုတ်လား၊ အစောကြီးထပြန်သွားတာနော်"

"ဟုတ်တယ်၊ အရေးကြီးတဲ့ အလုပ်ကိစ္စတစ်ခုပေါ်လာလို့ပါ"

စကားတပြောပြောနဲ့ မြီးရှည်စားနေကြဟန်းမှာပဲ အနားကို လင်ခရူဆာကားတစ်စီးက ဘရိတ်ကိုခြံကြမ်းကြမ်းနင်းပြီး ထိုးဆိုက်လာတယ်။ ဘာလဲဟ ဆိုပြီး နှစ်ယောက်သား ကြည့်နေမိကြစဉ်မှာပဲ ကားပေါ်က ဆင်းလာတာက ယသော်။

ထည်ဝါ့မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားတယ်။ ယသော်ကတော့ ခပ်တည်တည်ပဲ သူတို့နှစ်ယောက်ထိုင်နေတဲ့ဝိုင်းမှာ ဝင်ထိုင်လာရင်း သူ့ကိုပဲ ဦးတည်ကြည့်လာကာ. . .

"ထည်ဝါ့ကို တွေ့လို့ဝင်လာတာ"

တဲ့။ ဒါပေမယ့် သူသိတာပေါ့။ ယသော့်မျက်နှာပေးကို ကြည့်လိုက်တာနဲ့ ဒါဟာ တိုက်ဆိုင်မှု လုံးဝမဟုတ်ဘူးဆိုတာကို။ ယသော့်ဘက်က တော်တော်တော့ ဖောင်းလာချေပြီ။





"ယသော့်ကို မိတ်ဆက်ပေးဦးလေ. . . ထည်ဝါရဲ့"

ယသော်က မြို့ကြီးသူ့ဘက်ကို မျက်စပစ်ပြရင်း ဆိုလာတယ်။ သူက ယသော့်ကို အဓိပ္ပာယ်ပါတဲ့ အကြည့်တစ်မျိုးနဲ့ ကြည့်ပေးလိုက်ရင်း မတတ်သာတဲ့အဆုံး မြို့ကြီးသူနဲ့ မိတ်ဆက်ပေးဖို့ပြင်လိုက်စဉ်မှာပဲ မြို့ကြီးသူက စားလက်စ တူကိုချထားလိုက်ကာ သူ့ကိုတစ်လှည့် ယသော့်ကိုတစ်လှည့်ကြည့်လိုက်ရင်းမှ သူမအကြည့်က ယသော့်ဆီမှာပဲ အဆုံးသတ်သွားကာ. . .

"ကျွန်တော့်နာမည် မြို့ကြီးသူပါ၊ ကိုထည်ဝါ့ချစ်သူ ယသော်ဆိုတာထင်တယ်"

မြို့ကြီးသူရဲ့ မျက်နှာပေးနဲ့လေသံက ပုံမှန်ပါပဲ။ ဒါပေမယ့် ယသော့်ရဲ့ မျက်ခုံးတွေကတော့ အပေါ်ကို ပင့်တက်သွားကြကာ. . .

"ဩော. . . မြို့ကြီးသူက ထည်ဝါနဲ့ ယသော့်အကြောင်းကို သိနေပြီးသားလား၊ အဟင်း. . . တို့က ထည်ဝါပြောမပြရလောက်သေးဘူးထင်နေတာ၊ အင်း. . . ပြောရရင် ထည်ဝါကတော့ တို့အပေါ်သစ္စာရှိပါတယ်လေ၊ တချို့ကောင်မလေးတွေကသာ ထည်ဝါ့မှာ ယသော်တစ်ယောက်လုံးရှိနေတာကို သိရက်နဲ့တောင် လုပ်နှိုးဖို့ကြိုးစားနေကြတာ၊ ထည်ဝါက သစ္စာရှိလို့သာ တော်တော့တယ်. . ."

ယသော့်စကားက နှစ်ခွတွေးလို့ရတဲ့စကား။ ဒါဟာ မြို့ကြီးသူကို ပါးပါးလေးလှီးလိုက်တယ်ဆိုတာ အသိသာကြီး။ ဒီတော့ သူက မျက်နှာတွေပူကာ မြို့ကြီးသူကို အားနာသွားရတယ်။

ဒါပေမယ့် မြို့ကြီးသူကတော့ ဘာမှထူးပြီး ခံစားရဟန်မရှိပဲ၊ လုံးဝ ပေါ့ပေါ့ပါးပါးပါပဲဟန်နဲ့ တစ်ချက်ပြုံးလိုက်ကာ. . .

"ဟုတ်လား. . . ဒါဆို ယသော်ကံကောင်းတာပေါ့၊ ကျွန်တော်



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြားဖူးတဲ့စကားတစ်ခွန်းရှိတယ်၊ ယောက်ျားတစ်ယောက်ရဲ့ သစ္စာတရားကို ရတဲ့မိန်းမဟာ လောကကြီးမှာ ကံအကောင်းဆုံးမိန်းမပဲတဲ့၊ ယသော် ဆက်ပြီးကံကောင်းနိုင်ပါစေလို့ ကျွန်တော်ဆုတောင်းပေးပါ့မယ်. . ."

မြို့ကြီးသူရဲ့ စကားအဆုံး ယသော့်မျက်နှာက ကွက်ခနဲပျက်သွားတယ်။ သူကတော့ မြို့ကြီးသူရဲ့စကားကို အတော်လေးသဘောကျသွားတယ်။ ဆတ်ခနဲဆိုရင်တော့ ဒါဟာ ယသော့်ကို မြှောက်ပြောလိုက်သလိုရှိပေမယ့် သေချာတွေးကြည့်မယ်ဆိုရင် ဒါဟာ ယသော့်ကို ပြန်ခွပ်လိုက်တာပါ။ သူက မြို့ကြီးသူ ဒီလိုပြောတတ်လိမ့်မယ်လို့ ထင်တောင်ထင်မထား။ အခုတော့ မြို့ကြီးသူကလည်း ဆရာကြီးတစ်ပါးပါပင်။

သူမတို့နှစ်ယောက်က သူ့ကိုဘေးထားပြီး နှစ်ယောက်တည်းစကားလုံးတွေ စစ်ခင်းနေကြတာ။ ကြာရင် မျက်နှာပျက်စရာတွေ ဒီထက်ဖြစ်လာမှာစိုးတဲ့ သူက ယသော့်ကိုကြည့်လိုက်ရင်း. . .

"ယသော်. . . မုန့်စားမယ်မလား၊ မှာလိုက်မယ်လေ. . ."

ဆိုပြီး စကားလမ်းကြောင်းပြောင်းဖို့ လုပ်တယ်။ ဒါပေမယ့် ယသော်က သူ့ကို တမင်တကာ ဟန်လုပ်ထားတဲ့ အပြုံးမျိုးနဲ့ ပြုံးစိုက်ကြည့်လာရင်း. . .

"ယသော်က မုန့်စားဖို့လာတာ မဟုတ်ပါဘူး ထည်ဝါရဲ့၊ ထည်ဝါ့ကို ပြောစရာရှိတာနဲ့ လှည့်ဝင်လာလိုက်တာ၊ ဒါပေမယ့် မြို့ကြီးသူ့ရှေ့မှာဆိုတော့ ပြောလို့မကောင်းဘူးလေ. . . တို့ကိုတစ်ခုလောက်ကူညီပါလား မြို့ကြီးသူ၊ တို့ ထည်ဝါ့ကို ပြောစရာလေးရှိလို့ ခဏလောက်ရှောင်ပေးပါလား. . ."

ၑ





မြို့ကြီးသူရဲ့အကြည့်က သူ့ဆီရောက်လာကယ်။

"ဟာ. . . မဟုတ်တာ၊ ယသော်. . . ဒီမှာ သူများအစားစားနေတာလေကွာ၊ မသွားပါနဲ့. . . ရတယ် မြို့ကြီးသူ"

ယသော့်မျက်စောင်းက မြို့ကြီးသူမမြင်အောင် ဒိုင်းခနဲရောက်လာတယ်။ ပြီးမှ ချက်ချင်းဆိုသလိုပဲ မျက်နှာပေးကိုချက်ချင်းပြင်လိုက်ပြန်ကာ. . .

"ဒါဆိုလည်း မြို့ကြီးသူ မြန်မြန်စားပြီးပြန်လိုက်ပါလား၊ တို့ပဲ ထည်ဝါ့ကို ခေါ်ထားလိုက်ပြီး ပြန်ပို့ပေးလိုက်မယ်"

"ယသော်! "

သူက ယသော့်နာမည်ကို ခပ်ဆတ်ဆတ်ခေါ်လိုက်မိတယ်။ ဒါပေမယ့် မြို့ကြီးသူက သူ့ကိုတစ်ချက် ပြုံးစိုက်ကြည့်လာရင်း. . .

"ရပါတယ်၊ ကျွန်တော်စားလို့ပြီးနေပါပြီ၊ ဒါဆို ကိုထည်ဝါနေခဲ့လိုက်လေ၊ ကျွန်တော်ပြန်နှင့်လိုက်မယ်၊ အိမ်ကျမှ တွေ့တာပေါ့. . ."

အိမ်ကျမှတွေ့တာပေါ့ဆိုတဲ့ စကားကို မြို့ကြီးသူက သူ့ကို မချိုမချဉ်မျက်နှာပေးမျိုးနဲ့ကြည့်ကာ ပြောလာတာပါ။ ပြီးမှ ဆိုင်ရှင်အဒေါ်ကြီးဆီကို လှမ်းကြည့်လိုက်ရင်း. . .

"အန်တီရေ. . . ဒီမှာ ပိုက်ဆံထားခဲ့ပြီနော်. . ."

လို့အော်ပြီး ပိုက်ဆံအချို့ကို ပန်းကန်အောက် ထိုးညှပ်လိုက်ကာ ထရပ်လိုက်တယ်။

"မယသော်. . . ကျွန်တော်သွားတော့မယ်နော်၊ အိမ်လာလည်ဖို့လည်း ဖိတ်ပါတယ်၊ ကိုထည်ဝါ. . . အိမ်လည်ခေါ်ခဲ့ဦးလေဗျာ၊ သွားမယ်နော်. . ."

မြို့ကြီးသူရဲ့ဆိုင်ကယ် ထွက်သွားတာနဲ့ သူက ယသော့်ကား





www.burmeseclassic.com

www.burmeseclassic.com



သော့ကိုကောက်ကိုင်ကာ ကားပေါ်ကိုတက်လိုက်မိတယ်။ ယသော်က လည်း သူ့ဘေးမှာ ဝင်ထိုင်တယ်။ သူက ကားကို ဦးတည်ရာမဲ့မောင်း ထွက်လိုက်ရင်းကနေ. . .

"မင်းဘယ်လိုလုပ်လိုက်တာလဲယသော်. . . တစ်ဖက်လူကို အားနာစရာ၊ လူမှုရေးလေးဘာလေး သိတတ်ဖို့ကောင်းတယ်"

"မသိချင်ဘူး၊ သူ့အတွက်ဆိုရင် ပိုတောင် မသိချင်သေးတယ်၊ သူပြောတာတွေကိုကျတော့ ရှင့်နားထဲမှာ နားထောင်လို့ကောင်းနေ တယ်ပေါ့ ဟုတ်လား၊ အိမ်ကျမှ တွေ့မယ်ဆိုတာတောင် လုပ်သွားသေး တယ်၊ မျက်နှာပေးကိုက ရည်းစားငုတ်တုတ်ရှိနေတာကို သိရက်နဲ့တောင် အလွတ်မပေးနိုင်ဘူးဆိုတဲ့ မျက်နှာပေးမျိုး. . ."

"ဒါကတော့ မင်းက စပြီး တိုက်ခိုက်တာကိုကွ၊ သူလည်း စိတ် နဲ့လူပဲ၊ အသားလွတ်ကြီးတော့ ဘယ်သူက ငြိမ်ခံနေမှာလဲ"

"ရှင်က သူ့ဘက်က နာနေတာလား၊ ရှင်နာပေးရမှာက ကျွန် မဘက်ကပါ ထည်ဝါရဲ့၊ ကျွန်မက ရှင့်ချစ်သူပါ၊ ဒီလောက်တော့ ကျွန် မမှာ လုပ်ပိုင်ခွင့်ရှိတယ်၊ ဒီမိန်းမနဲ့ ကိစ္စမပြီးပြတ်မချင်း ကျွန်မကတော့ လုပ်နေဦးမှာပဲ၊ အဲဒီလိုမှ လုပ်တာကို မကြိုက်ရင် ရှင် ရန်ကုန်ပြန်တော့ ထည်ဝါ၊ ရှင့်မိဘတွေကို ကျွန်မနဲ့ကိစ္စ ဖွင့်ပြောလိုက်တော့၊ ရှင်ကိုက မဟုတ်တာကို တွေးပူနေတာ၊ ကျွန်မလို မိန်းမမျိုးကို ဘယ်လိုလူက ချွေးမမတော်နိုင်ရှိမှာတဲ့လဲ၊ မတော်နိုင်ဘူးဆိုရင်တော့ အဲဒီလိုလူတွေ က ရူးနေလို့ပဲဖြစ်မယ်. . ."

"ယသော်. . . မင်းဘယ်လိုပြောလိုက်တာလဲ"

"ကျွန်မ သဘောတရားကိုပြောပြတာ၊ ရှင့်မိဘလို့ ကျွန်မပြော တာမဟုတ်ဘူး၊ ရှင်စဉ်းစားကြည့်စမ်းပါ၊ ကျွန်မပြောတာ မှားသလား





ဆိုတာ"

သူက စိတ်ကုန်သလိုဟန်နဲ့ ဘာစကားမှ မဆိုမိတော့ဘဲ ကား ကိုသာ ဦးတည်ရာမဲ့မောင်းနေမိတော့တယ်။ ခေါင်းထဲမှာကတော့ ယ သော့်မျက်နှာရော၊ မြို့ကြီးသူရဲ့ မျက်နှာရော၊ သူမတို့နှစ်ယောက်စလုံး ရဲ့ စကားသံတွေရော ရောပြွမ်းကာ ဝဲလှည့်နေတယ်။

"ဒီမိန်းမ ရှင့်ကိုကြိုက်နေတာ ထည်ဝါ၊ အဲဒါသေချာတယ်. . ."

ရုတ်တရက်ထွက်လာတဲ့ ယသော့်စကားကြောင့် ကားဘရိတ် ကိုတောင် ယောင်ရမ်းနင်းမိမလိုဖြစ်သွားရတယ်။

"မင်း မဟုတ်တာတွေ လျှောက်ပြောမနေနဲ့ ယသော်၊ ဒီစကား ကိုပြောတာ ဒါနောက်ဆုံးဖြစ်ပါစေ၊ သူကြားသွားရင် မကောင်းဘူး"

"ဘာလို့ မဟုတ်ရမှာလဲ၊ ဟုတ်လွန်းလို့ ဟိုဘက်ကိုတောင် လွန်နေသေးတယ်၊ ရှင် မသိပေမယ့် ကျွန်မကတော့ မိန်းမချင်းသိတယ်၊ သူရှင့်ကိုကြည့်တဲ့ အကြည့်တွေက ရိုးကိုမရိုးဘူး. . ."

"ယသော် ! "

သူ့ခပ်ဆတ်ဆတ် အော်လိုက်မိတော့ သူမစကားက အရှိန် ပျက်သွားတယ်။ ဒီတော့မှ သူက သက်ပြင်းကို ဟူးခနဲမှုတ်ထုတ်လိုက် ရင်း. . .

"တော်ပြီကွာ၊ ဒီနေ့ဒီအကြောင်းကို ဆက်မပြောကြတာပဲ ကောင်းမယ်. . ."

နောက်တော့ သူက သူမကို မြို့ကြီးသူရဲ့အိမ်ကိုလည်း ခေါ် မသွားချင်တဲ့အတွက် သူမတည်းနေတဲ့ ဟော်တယ်ကိုပဲ ကားကိုမောင်း သွားလိုက်ကာ သူကတော့ ဆိုင်ကယ်တက္ကစီတစ်စီးငှားပြီး ပြန်လာခဲ့ လိုက်တယ်။





www.burmeseclassic.com

www.burmeseclassic.com



ဟိုပြန်ရောက်ရင် မြို့ကြီးသူကို ဘယ်လိုမျက်နှာမျိုးနဲ့ ရင်ဆိုင်ရပါ့မလဲ။

*(ဒီမိန်းမ ရှင့်ကိုကြိုက်နေတာ ထည်ဝါ၊ အဲဒါသေချာတယ်. . .)*

ယသော်စကားသံက နားထဲမှာ ပြန်လည် ဝဲပျံလာတယ်။ ပြီးတော့ မြို့ကြီးသူရဲ့ သနပ်ခါးပါးကွက်ကြားနှစ်ဖက်နဲ့ မျက်နှာလေး။ နောက်တော့ ယသော့်မျက်နှာ။ ဒါတွေက ရုပ်ရှင်ပြကွက်တွေလို တစ်ကွက်ပြီးတစ်ကွက် သူ့အာရုံထဲမှာ အလှည့်ကျပေါ်လာတယ်။

သူက ခေါင်းတွေကို ရမ်းထုတ်ပစ်လိုက်တယ်။ ကြာရင် ရူးသွားနိုင်ပါတယ်။





သူ အိမ်ကိုပြန်ရောက်သွားတော့ မြို့ကြီးသူကို ခြံထဲမှာ ပန်းပင်တွေ ရေလောင်းနေလျက်နဲ့ တွေ့လိုက်ရတယ်။ သူမက သူ့ကိုမြင်တော့ ပြုံးပြပါတယ်။ သူကတော့ မျက်နှာပူပူနဲ့. . .

"ဟို. . . စောစောက ကိစ္စလေ. . . အဲဒါ"

"ဘာလဲ. . . တောင်းပန်မလို့လား၊ မလိုပါဘူးဗျာ၊ သူ့စကားက ကျွန်တော့်ကို ရည်ရွယ်ပြီးပြောတယ်ထင်လို့ ကျွန်တော်လည်း ပြန်ကလိလိုက်မိတာပဲ၊ သေချာစဉ်းစားကြည့်ရင် ကျွန်တော်မှားတာပါ၊ သူက ကိုထည်ဝါ့ချစ်သူပဲလေ၊ ကိုထည်ဝါ့ကို သဝန်တိုလို့ပြောတာပဲဟာ၊ ကျွန်တော် နားလည်မှုရှိခဲ့သင့်တာ. . ."

ဘာလို့များ ယသော့်မှာ မြို့ကြီးသူလို နားလည်တတ်တဲ့စိတ်ကလေး မရှိရတာတဲ့လဲ။ ယသော့်မှာသာ ဒီလိုစိတ်လေးရှိရင် ဘယ်လောက်ကောင်းလိုက်မလဲကွာ။

"မဟုတ်တာ. . . မြို့ကြီးသူ မမှားပါဘူး၊ ယသော့်စကားတွေကသာ လွန်သွားတာပါ၊ သူက အဲလိုပဲ တစ်ခုခုဆို ဟော့ဟော့ဒိုင်းဒိုင်းလုပ်တတ်တဲ့ အကျင့်ရှိတယ်၊ လူမှုရေးတွေဘာတွေ သိပ်နားမလည်ဘူး၊ သူ့အစား ကိုယ်ကပဲ တောင်းပန်ပါတယ်နော်. . ."

သူမက ပြုံးတယ်။ ပြီးမှ တစ်ခုခုကို သတိရသွားဟန်နဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ပြဿနာမဟုတ်ပါဘူး၊ ပြဿနာက ခင်ဗျားနဲ့ ကျွန်တော့်ကိစ္စပါ၊ ခင်ဗျားဘာဆက်လုပ်မယ် စိတ်ကူးထားလဲ၊ ခင်ဗျားဘယ်လိုပဲလုပ်လုပ် ကျွန်တော့်မိဘတွေကတော့ ခင်ဗျားကို စိတ်ပျက်လာမှာ မဟုတ်ဘူးထင်တယ်နော်၊ ယသော်ကလည်း ခင်ဗျားမိဘတွေ လက်ခံနိုင်လောက်တဲ့ အရည်အချင်းရှိမိန်းကလေးတစ်ယောက်ပဲဟာ၊ ခင်ဗျားမိဘတွေကို ပွင့်ပွင့်လင်းလင်းပဲ ဖွင့်ပြောပြလိုက်တာက ပိုမကောင်းဘူးလား. . ."

"ကိုယ်လည်း အဲဒီလိုပဲ စဉ်းစားနေပါတယ်၊ ဘယ်လိုမှမှ ဖြစ်မလာရင်တော့ အဲဒီလိုပဲ လုပ်ရတော့မှာပေါ့. . ."

ပြောပြီး သူက စိတ်တွေရှုပ်ထွေးစွာနဲ့ အိမ်ထဲဘက်ကို လှည့်ထွက်လာခဲ့လိုက်တယ်။

မြို့ကြီးသူကတော့ လှည့်ထွက်သွားတဲ့ ထည်ဝါရဲ့ ကျောပြင်ကို လိုက်ကြည့်နေမိရင်း ရင်ထဲမှာ မွန်းကျပ်လာတယ်။ စောစောက မြီးရှည်ဆိုင်လေးကနေ သူနဲ့ယသော့်ကို ထားခဲ့ပြီး တစ်ယောက်တည်း ပြန်လာရတုန်းကလည်း တစ်လမ်းလုံးဒီလိုခံစားလာရတာ။ တစ်ခုခုကို ဆုံးရှုံးရမှာ ကြောက်နေသလိုမျိုးခံစားချက်။ ရင်ဘတ်ထဲကနေ အရာဝတ္ထုကြီးကြီးမားမားတစ်ခုခုကို ဆွဲထုတ်ယူသွားခြင်းခံလိုက်ရတဲ့ ခံစားချက်မျိုး။ နောက်တော့ ထည်ဝါက အိမ်ထဲဝင်သွားပြီး သူမမြင်ကွင်းထဲကနေ ပျောက်ကွယ်သွားတယ်။

ဒီအချိန်မှာပဲ သူမဟာလည်း တစ်စုံတစ်ခုကို ထိတ်လန့်တုန်လှုပ်စွာ ရှာဖွေတွေ့ရှိသွားတယ်။ သူမလက်ထဲမှာ ကိုင်ထားတဲ့ ရေပိုက်က မြက်ခင်းပြင်ပေါ်ကို ဘုတ်ခနဲ. . .။





"သေချာတယ်. . . နင် သူ့ကိုချစ်မိနေပြီ မြို့ကြီးသူ"

ဖြူဖြူထွန်းမြင့်ရဲ့ စကားသံက သူမနားထဲမှာ မိုးခြိမ်းလိုက်သလို မြည်ဟီးသွားတယ်။ သူမ ဒီစကားကို လက်သင့်မခံချင်ဘူး။ ဒါဟာဖြစ်သင့်ရဲ့လား။ ဒါဟာ ဖြစ်သင့်ဖြစ်ထိုက်ပါရဲ့လား။ မိမိရဲ့ရင်ထဲမှာ သူ့အတွက် ဒီလိုအချစ်တစ်ခုပေါက်ဖွားလာဖို့ ယုတ်စွအဆုံး သူ့ဆီက အကြင်နာအကြည့်လေးတစ်ချက်တောင် မရရှိခဲ့ဖူးပါဘဲနဲ့ မိမိနှလုံးသားက ဒီအချစ်တစ်ခုကို တစ်ဖက်သတ်ဆန်ဆန်မွေးဖွားပစ်လိုက်တာ ဖြစ်သင့်ပါရဲ့လား။ မိမိနှလုံးသားက မိုက်မဲလှချည်လား။ အဲဒီလောက်တောင်ပဲ မိမိနှလုံးသားက ပစ်စလက်ခတ်နိုင်ရသတဲ့လား။

အချစ်ဆိုတာကို အခုအချိန်ထိ တစ်ခါမှ မမွေးဖွားခဲ့ဖူးပါလျက်နဲ့ မွေးဖွားမယ့်မွေးဖွားတော့လည်း ချစ်သူရှိပြီးသား ယောကျာ်းတစ်ယောက်အတွက်မှ မွေးဖွားလာရသတဲ့လား။

"ငါ. . . ဒီအဖြစ်ကြီးကို လက်မခံချင်ဘူး မိဖြူ၊ ငါ့နှလုံးသားက ဘာကြီးလဲဟာ၊ ဘာဖြစ်လို့. . . ဘာဖြစ်လို့ သူ့ကိုမှ သွားချစ်ရတာလဲ၊ ဖြစ်နိုင်ရင် သူ့ကိုချစ်မိတဲ့ ငါ့နှလုံးသားကို အခြားနှလုံးသားတစ်ခုနဲ့ ထုတ်လဲပစ်လိုက်ချင်တယ်. . ."



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကဒ်

သူမစကားအဆုံး ဖြူဖြူက နားလည်တဲ့အကြည့်မျိုးနဲ့ကြည့်လာတယ်။

"အဲဒါအချစ်ပဲလေဟာ၊ ကိုယ်ဖြစ်ချင်သလို ဖြစ်မလာတာ အချစ်၊ ကိုယ်ပုံသွင်းချင်သလို သွင်းလို့မရတာ အချစ်၊ သူ့ကိုကြိုးဆွဲဖို့ကြိုးစားရင်း ကိုယ့်ကိုပဲ ကြိုးဆွဲသွားတတ်တာ အချစ်၊ အဲဒါကြောင့်လည်း လောကကြီးမှာ အသည်းကွဲသမားတွေ ပေါ်ပေါက်လာရတာပေါ့"

"ငါ ဘာလုပ်ရမလဲ မိဖြူ. . . ငါ. . ."

သူမစကားတောင်မဆုံးသေး ဖြူဖြူက သူမကို လက်ကာပြလာရင်း. . .


"ငါတို့က မိန်းကလေးတွေဟ၊ ယောကျ်ားတစ်ယောက်ဆိုရင်တော့ ဘာကိုမှဂရုမစိုက်ဘဲ ကိုယ့်ရင်ထဲမှာ ခံစားနေရတာကို ဖြစ်ချင်ရာဖြစ် ပြောပစ်လိုက်လို့ရတယ်၊ ဒါပေမယ့် မိန်းကလေးဖြစ်နေတဲ့အတွက် အဲဒီလိုလုပ်လို့မရဘူး၊ သူ့မှာကလည်း ချစ်သူနဲ့ဖြစ်တဲ့အတွက် သူ့ဆီက အချစ်ဆိုတာကို နင်သိပ်မျှော်လင့်လို့မရဘူး၊ ဒီတော့ နင်လုပ်ရမှာ တစ်ခုပဲ. . ."

ဖြူဖြူထွန်းမြင့်က စကားကို ခဏဖြတ်ထားပြီးမှ မြို့ကြီးသူရဲ့မျက်နှာကို စေ့စေ့ကြည့်လိုက်ရင်း. . .

"နင့်ရင်ထဲက အချစ်ကို နင်. . . သေအောင်သတ်ရမယ်"



ဂန္ဓနံ့စေဝိုင်-လ်



ကိုယ်ဖြစ်ချင်သလို ဖြစ်မလာတာ. . . အချစ်

ကိုယ်ပုံသွင်းချင်သလို သွင်းလို့မရတာ. . . အချစ်

သူ့ကိုကြိုးဆွဲဖို့ ကြိုးစားရင်း
ကိုယ့်ကို ကြိုးဆွဲသွားတတ်တာ. . . အချစ်



www.burmeseclassic.com

www.burmeseclassic.com









# ၁၀

## မန္တလေး

မနက်အစောထ ရေချိုးပြီး ဘီရိုတံခါးမှာတပ်ထားတဲ့ မှန်ရှေ့မှာ ရပ်ရင်းကနေ အနီရောင်တောက်တောက် ကုတ်အင်္ကျီကြီးကို ဝတ်ဖို့ပြင်လိုက်ပြီးမှ ဝတ်ချင်စိတ်မရှိတော့တာနဲ့ ရိုးရိုးဝတ်နေကျ တီရှပ်နဲ့ ဂျင်းဘောင်းဘီတစ်ထည်ကိုပဲ တွဲဝတ်လိုက်ကာ အောက်ထပ်ကို ဆင်းလာခဲ့လိုက်တယ်။ အူကြောင်ကြောင်အင်္ကျီတွေဝတ်လည်း အခြေအနေက ဘာမှမှ ထူးခြားမလာတာပဲလေ။ ဒီတော့ အပူအအိုက်ခံ ထူးထူးဆန်းဆန်းနဲ့ လူတကာကြည့်တာကို ခံပြီးတော့ ဝတ်မနေတော့ပါဘူး။ ကိုယ်ပုံမှန် ဖြတ်သန်းနေကျ ပုံနဲ့ပဲ ဖြတ်သန်းရင်း အဖြေတစ်ခုခုရှာတာ ကောင်းပါတယ်။

အောက်ထပ်ရောက်တော့ ကော်ဖီဝိုင်းမှာ ဦးထွန်းတင်နဲ့ ဒေါ်ကြူကြူမွေးတို့နှစ်ယောက်ကိုပဲ တွေ့ရတယ်။ မြို့ကြီးသူကို မတွေ့။

ဦးထွန်းတင်နဲ့ ဒေါ်ကြူကြူမွေးတို့နှစ်ယောက်က သူ့ပုံစံကိုမြင်တော့ ကိုယ်စီ မျက်ခုံးတွေ အပေါ်ကိုပင့်တက်သွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . မောင်ထည်ဝါ့ဒီဇိုင်းက ဒီနေ့ဘယ်လိုဖြစ်ရတာလဲ၊ ဟိုလို အကျႌကြီးတွေ မဝတ်တော့ဘူးလား၊ ဟိုဟာ. . . ဂန်းနမ်းစတိုင်လ်လေ. . ."

ဦးထွန်းတင်စကားကြောင့် သူက ရယ်ကျဲကျဲလုပ်ရင်း. . .

"ဟို. . . ဒီက ရာသီဥတုနဲ့က အိုက်လို့ပါ. . . အန်ကယ်"

ဆိုတော့ ဦးထွန်းတင်နဲ့ ဒေါ်ကြူကြူမွေးတို့နှစ်ယောက်က တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်ကြပြန်ရင်း. . .

"ဟား. . . မောင်ထည်ဝါက အပြောအဆိုတွေကအစ ပြောင်းသွားပါလား၊ အောဘောဂျီ၊ အောမောနီတို့ မခေါ်တော့ဘူးလား. . ."

သူ့မှာ မျက်နှာပူသွားရပြန်ရင်း. . .

"ဟို. . . ဒီမှာကျတော့ အဲဒီအသုံးအနှုန်းတွေက အဆင်မပြေဘူးလေ၊ နှုတ်ကျိုးနေတာကို ပြင်မလို့ပါ"

သူက အဆင်ပြေအောင်ပဲ ကြည့်ကျက်ရှိုးလိုက်တော့ ဦးထွန်းတင်တို့လင်မယားက ခေါင်းတွေတညိတ်ညိတ်နဲ့။ သူကတော့ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ကာ မြို့ကြီးသူကိုရှာမိတယ်။ ဒါပေမယ့် မတွေ့။

နောက်တော့ သူလည်း ယသော်နဲ့ချိန်းထားတာမို့ ဒဂုံပြင်ကို ထွက်လာခဲ့လိုက်တယ်။





မဟာမြတ်မုနိဘုရားဖူးပြီး ဈေးဆိုင်တန်းတွေဘက်ကို ဘာရယ်မဟုတ် နှစ်ယောက်သားလျှောက်ကြည့်ကြပြီးတော့ ယသော်က လိပ်စာခိုစာသွားကျွေးရအောင် ဆိုတာနဲ့ လိပ်စာကျွေးတဲ့နေရာကို ထွက်လာခဲ့လိုက်ကြတယ်။ လိပ်စာရောင်းတဲ့နေရာရောက်တော့ လိပ်စာရောင်းတဲ့ အဒေါ်ကြီးဆီက ဝေဖာတွေဝယ်ပြီး လိပ်တွေကိုကျွေးကြတယ်။ အဲဒီအထိတော့ အားလုံးက ကြည်ကြည်လင်လင်ပါပဲ။ ပြဿနာက ခိုစာကျွေးတဲ့နေရာရောက်တော့မှ စတာပါ။

"ထည်ဝါ. . . ရှင်. . . သူနဲ့ပါ ချိန်းထားတာလား"

ရုတ်တရက်မေးလိုက်တဲ့ ယသော့်စကားကြောင့် သူကကြောင်သွားရရင်း. . .

"ဘာကိုပြောတာလဲ. . . ကိုယ်က ဘယ်သူနဲ့ချိန်းရမှာလဲ"

"ဟိုမှာလေ. . . မမြင်ဘူးလား"

ယသော်မေးငေါ့ပြရာကို ကြည့်လိုက်မိစဉ်မှာတော့ သူ့ရင်ထဲ တစ်ချက်ဆောင့်ခုန်သွားရတယ်။ မြို့ကြီးသူ. . .။ သူမက ခိုစာကျွေးနေတာ။ ထုံးစံအတိုင်း သနပ်ခါးပါးကွက်ကြား ပါတိတ်ဝမ်းဆက်လေးနဲ့။ ပြီးတော့ သူမဘေးမှာ ဖြူဖြူထွန်းမြင့်လည်း ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



"မချိန်းပါဘူးကွာ၊ ကိုယ်ကွက်လာတော့ သူဝေ့ာင်မရှိတော့ဘူး၊ ဒါတိုက်ဆိုင်တာပါ"

သူ့စကားကြောင့် ယသော်က မယုံသင်္ကာဟန်နဲ့ မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း. . .

"ဟွန်း. . . တိုက်ဆိုင်မှုကလည်း အတော့်ကိုအံ့ဩဖို့ကောင်းနေတော့ ယုံရခက်ခက်ပဲ"

ပြောပြီး ယသော်က ခိုစာကျွေးတဲ့နေရာကို လျှောက်သွားကာ ပြောင်းဖူးစေ့ရေစိမ်ပွတွေကို ဆယ်ပန်းကန်လောက်ဝယ်တယ်။ သူကတော့ မြို့ကြီးသူတို့နားလျှောက်သွားကာ နှုတ်ဆက်ရတယ်။

"မြို့ကြီးသူ. . ."

"ဟာ. . . ကိုထည်ဝါ၊ ဘုရားလာတာလားဗျာ့၊ တိုက်ဆိုင်လိုက်တာ၊ တစ်ယောက်တည်းလား. . . ဗြော်"

မြို့ကြီးသူ့စကားက သူ့ဘေးကို ယသော်လာအရပ်မှာတင်ပဲ ပြတ်တောက်သွားရတယ်။ မြို့ကြီးသူက ယသော့်ကိုပြုံးပြလိုက်ရင်း. . .

"ဆုံပြန်ပြီနော်"

လို့ပြောတော့ ယသော်ကလည်း မပြုံးချင်ပြုံးချင်ဟန်နဲ့ပြုံးတယ်။ မြို့ကြီးသူက ဖြူဖြူထွန်းမြင့်နဲ့ပါ မိတ်ဆက်ပေးလိုက်တယ်။

"ယသော်. . . ဒါ. . . ကျွန်တော့်သူငယ်ချင်းလေ၊ ဖြူဖြူထွန်းမြင့်တဲ့၊ မိဖြူ. . . ဒါ ယသော်တဲ့"

မြို့ကြီးသူ့စကားအဆုံး ဖြူဖြူထွန်းမြင့်က နှစ်လိုဖွယ်ကောင်းတဲ့ အပြုံးတစ်ခုနဲ့. . .

"ဟုတ်ကဲ့. . . တွေ့ရတာ ဝမ်းသာပါတယ်"

ဆိုတော့ ယသော်ကလည်း တစ်ချက်ပြုံးလိုက်ကာ. . .





"ဟုတ်ကဲ့. . . ကျွန်မ ထည်ဝါ့ချစ်သူပါ"

ယသော်ပြောလိုက်တဲ့ စကားက မိတ်ဆက်တာနဲ့ ဘာမှမဆိုင်၊ ပိုင်ရှင်ဆိုတာကို မြို့ကြီးသူရှေ့မှာ မဏ္ဍာပ်တိုင်တက်ပြလိုက်တာ။ မြို့ကြီးသူနဲ့ ဖြူဖြူထွန်းမြင့်ကလည်း ဒါကိုကောင်းကောင်းသဘောပေါက်ပါတယ်။ ဒါနဲ့ ကိုယ့်ဘာသာပဲ ခိုစာဆက်ကျွေးနေလိုက်တယ်။ သူနဲ့ ယသော်တို့ကလည်း ဟိုဘက်အခြမ်းမှာ ခိုစာသွားကျွေးကြတော့ နှစ်ယောက်စီက မျက်နှာချင်းဆိုင်လိုဖြစ်နေကြတယ်။

ဖြူဖြူထွန်းမြင့်က မြို့ကြီးသူ့အနားကို အသာကပ်ရင်းက. . .

"ပုံစံက ရင့်လှချည်လားဟ၊ သူ့ကိုယ်သူ ဘာများမှတ်နေလဲ မသိဘူး၊ မဏ္ဍာပ်တိုင်ကလည်း တက်ပြလိုက်သေးတယ်"

"ဟဲ့. . . အသာနေစမ်းပါ၊ ကြားသွားဦးမယ်"

နောက်တော့ သူမတို့က ခိုစာကျွေးလို့ပြီးသွားတယ်။ ဒီမှာတင်ပဲ ရယ်သံတွေ ခပ်ကျိတ်ကျိတ်ထွက်လာတာနဲ့ ဘာပါလိမ့်ဆိုပြီး လှမ်းကြည့်လိုက်မိတော့ ယသော်. . .။ ယသော့်နဖူးထိပ်ပေါ်ကို ခိုတစ်ကောင်က ချေးပါချလိုက်တာ။ အဲဒါကိုမြင်လိုက်တဲ့သူတွေက ရယ်လိုက်ကြတာ။ ယသော့်မျက်နှာက (ချေးမှန်ထားတဲ့ မျက်နှာဆိုတော့) ရှုံ့မဲ့လို့။

"ခွီး. . ."

ဘေးက ဖြူဖြူထွန်းမြင့်ကလည်း မနေနိုင်ဘဲ ထရယ်တယ်။ မြို့ကြီးသူကတော့ မရယ်မိ။ ထည်ဝါကလည်း ဘာလုပ်ရမှန်းမသိ တိုင်ပတ်နေတဲ့ပုံ။ ဒါနဲ့ သူမက သူတို့အနားကို ခပ်မြန်မြန်ပဲလျှောက်သွားလိုက်ကာ ခေါင်းက ဆံပင်တွေကို စုချည်ထားတဲ့ လက်ကိုင်ပုဝါကို ဖြုတ်ပြီး ယသော့်ကို ကမ်းပေးလိုက်တယ်။



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ယသော်က မြို့ကြီးသူ့လက်ကို ပုတ်ချလိုက်ကာ. .

"ဖယ်စမ်းပါ. . . မလိုဘူး"

မြို့ကြီးသူ့မျက်နှာက တစ်ချက်တော့ ကွက်ခနဲပျက်သွားတယ်။ ယသော်ဒီလိုလုပ်လိမ့်မယ်လို့မှ ထင်မထားတာလေ။

"ဟာ! ယသော် ဘယ်လိုလုပ်လိုက်တာ"

ယသော်က ဘာမှ မပြော။ သူမပိုက်ဆံအိတ်အကြီးကြီးထဲက စနိုးတာဝါကိုထုတ်ကာ ပါးစပ်ကနေ "အရှုပ်ထုပ်တွေချည်းပဲ" လို့ရေရွတ်ကာ ခိုစာကျွေးတဲ့နေရာကနေ ထွက်သွားတယ်။ ထည်ဝါကတော့ မြို့ကြီးသူကို အားနာနေတဲ့မျက်နှာနဲ့ ပျာသွားကာ. . .

"မြို့ကြီးသူ. . . ကိုယ်"

မြို့ကြီးသူက လက်ကာပြလိုက်ရင်း. . .

"ရတယ်. . . သူရှက်သွားတာပါ၊ ခင်ဗျားလိုက်သွားတော့လေဗျာ၊ ခင်ဗျားလိုက်မလာရင် သူ. . . ပိုပြီးတော့ ခင်ဗျားကိုရှက်ရမ်းရမ်းလိမ့်မယ်"

ထည်ဝါက မြို့ကြီးသူကို အဓိပ္ပာယ်တစ်မျိုးပါတဲ့ အကြည့်နဲ့ကြည့်ကာ ယသော့်နောက်ကိုပြေးလိုက်သွားတယ်။

"ဒီမိန်းမတော်တော်ရိုင်းတာပဲ. . . နင်ကလည်း ဘာလို့များသွားပေးနေသေးလဲ. . . ကျွတ်"

ဖြူဖြူထွန်းမြင့်ရဲ့ စကားအဆုံး မြို့ကြီးသူက ပြုံးတယ်။ ပြီးတော့ ယသော့်နောက်ကို ပြေးလိုက်သွားတဲ့ ထည်ဝါရဲ့နောက်ကျောကို လိုက်ကြည့်နေရင်းကနေ. . .

"ငါ. . . ထည်ဝါ့ကို လက်လွှတ်မခံတော့ဘူး မိဖြူ"

ဆိုတော့ ဖြူဖြူထွန်းမြင့်က မြို့ကြီးသူကို ပြူးပြူးပျာပျာကြည့်





လိုက်ရင်း. . .

"ဘယ်လို. . . နင်ရူးနေလား. . . သူများအချစ်ကို သွားလုမလို့လား"

"မလုပါဘူး၊ ငါက သူများအချစ်ကို လုမှာမဟုတ်ဘူး၊ ငါ့ဆီကို အလိုလိုရောက်လာအောင်ပဲ လုပ်မှာပါ"

"နင်ပြောတာကို ငါနားမလည်ဘူး"

"နင်ပဲမဉ်းစားကြည့်လေ၊ ကိုထည်ဝါနဲ့ ယသော်တို့နှစ်ယောက်က type ချင်းမှမတူတာ၊ ဒီတော့ သူတို့နှစ်ယောက်ရဲ့အချစ်က ဘယ်လောက်ကြာကြာ မြဲမှာမို့လဲ၊ အချစ်မှာ ချစ်နေရုံနဲ့မပြီးဘူးဟ၊ အခြားအရေးကြီးတဲ့ အစိတ်အပိုင်းတွေ အများကြီးလိုသေးတယ်၊ သူတို့နှစ်ယောက်ရဲ့ကြားမှာ မတူညီတာတွေ အများကြီးပဲ၊ ဒီတော့ သူတို့နှစ်ယောက်ရဲ့အချစ်က ဘယ်လိုလုပ်မြဲတော့မှာလဲ၊ တစ်ချိန်မဟုတ်တစ်ချိန်တော့ သေချာပေါက်ကွဲမှာပဲ၊ အဲဒီလိုကွဲထွက်လွင့်စင်လာမယ့် အချစ်တစ်ခုကို ငါက နေရာတစ်ခုကနေ ရပ်စောင့်ယူမှာပါ"

ဖြူဖြူထွန်းမြင့်က မြို့ကြီးသူကို တစ်ခါမှမမြင်ဖူးတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရသလို ကြည့်တယ်။ မြို့ကြီးသူကတော့ ထည်ဝါ့ကျောပြင်ကို မြင်ကွင်းထဲက ပျောက်ကွယ်သွားတဲ့အထိ လိုက်ကြည့်နေတယ်။

ထည်ဝါကတော့ ယသော့်နောက်ကို အမောတကော ပြေးလိုက်လာရင်း ကားရပ်ထားတဲ့နေရာကို အရောက်လောက်မှာ မီသွားတယ်။ သူက နောက်ဘက်ကနေ ယသော့်လက်တစ်ဖက်ကို လှမ်းဆွဲထားလိုက်ရင်း. . .

"ယသော်. . . မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ တစ်ဖက်သား



www.burmeseclassic.com

www.burmeseclassic.com



က မင်းကို ကူညီတာလေ၊ မင်းအဲလိုလုပ်လိုက်တော့ သူ့ကို ဘယ်လောက် အားနာဖို့ကောင်းလဲ"

"မနာဘူး၊ သူ့အကူအညီကိုလည်း ဘယ်သူက တောင်းနေလို့လဲ၊ သူ့မျက်နှာကိုလည်း မမြင်ချင်ဘူး၊ သူ့အသံလည်း မကြားချင်ဘူး"

"နေစမ်းပါဦး၊ သူက မင်းကို ဘာတွေများလုပ်နေလို့ မင်းက အသားလွတ်ကြီး မုန်းပြနေရတာလဲ"

"ရှင့်အနားမှာ သူ့ကိုတွေ့တွေ့နေရတာကိုက မုန်းစရာကောင်းနေတာ၊ ရှင်းလား"

"မင်းကွာ. . . ကျွတ်. . . တောက်"

သူက တောက်ခေါက်တော့ သူမက သူ့ကို ခပ်စိမ်းစိမ်းကြည့်တယ်။ နောက်တော့ ဘာမှမပြောတော့ဘဲ ချာခနဲလှည့်ထွက်သွားကာ ကားပေါ်တက်မောင်းထွက်သွားတယ်။ သူကတော့ နေရာမှာတင် ရပ်ကျန်နေခဲ့တယ်။

သူ့ရင်ဘတ်ကြီးတစ်ခုလုံးက ခံစားချက်ပေါင်းများစွာနဲ့ ပြည့်သိပ်ဖောင်းကားလာကာ ပေါက်ကွဲထွက်သွားမလားတောင် ထင်ရပါတယ်။ သူက နေရာကနေ မရွေ့မိသေးဘဲ အကြာကြီးပဲ ရပ်နေမိကာ လွင့်ချင်တိုင်းလွင့်နေမိပြီး အနားကို ဆိုင်ကယ်တစ်စီးလာရပ်မှပဲ သတိပြန်ဝင်လာတယ်။

"ဆိုင်ကယ် Taxi ခေါ်ဦးမလားအစ်ကို. . ."

❀❀❀





မြို့ကြီးသူက ဒန်းစင်ပေါ်မှာထိုင်ရင်း ထည်ဝါပြန်အလာကို စောင့်နေလိုက်တယ်။ သိပ်တော့ ကြာကြာမစောင့်လိုက်ရပါဘူး။ ခေါင်းငိုက်စိုက်နဲ့ ပြန်လာတဲ့ သူ့ကိုတွေ့လိုက်ရတယ်။ ဒီလိုပဲဖြစ်ရမယ်ဆိုတာ သူမ ကြိုတင်တွေးထားမိပြီးသားပါ။

ထည်ဝါက သူမကိုမြင်တော့ သူမဆီကိုပဲ တန်းတန်းမတ်မတ် လျှောက်လာတယ်။ သူမက သူ့ကို ဦးအောင်ကြိုတင်ပြုံးပြထားလိုက်ရင်း. . .

"ဘယ်လိုလဲ. . . အဆင်ပြေခဲ့လား"

ဆိုတော့ သူက ခေါင်းရမ်းတယ်။

"မပြေဘူး၊ တော်တော် စိတ်ရှုပ်ဖို့ကောင်းတယ်ကွာ၊ ကိုယ် ဘာကြောင့်များ ယဒသဘ်ကို ချစ်မိခဲ့သလဲမသိဘူး၊ နေရာတကာ သူ့စိတ်ချည်းပဲ"

"သည်းခံပေါ့ဗျာ၊ ခပ်များက သူ့ကိုချစ်ခဲ့ပြီးပြီပဲ မဟုတ်လား၊ သည်းခံခြင်းက အောင်မြင်ခြင်းတဲ့၊ စကားတောင်ရှိသေးတာပဲ"

"ကိုယ်သည်းခံပါတယ်၊ သည်းခံရလွန်းလို့ လူလည်း အစွမ်းအစတုံးသလိုတောင် ဖြစ်လာတယ်၊ တကယ်ပြောတာ"





www.burmeseclassic.com

www.burmeseclassic.com



သူက ပြောစရာစကားကုန်ဆုံးသွားတာလား၊ ဒါ့မှမဟုတ် စိတ်ပျက်လွန်းလို့ မပြောချင်တော့တာပဲလားဟော့ မသိ။ ခေါင်းငိုက်စိုက်ကာ ခဏငြိမ်သွားတယ်။ ပြီးတော့မှ သူမကို မော့ကြည့်လာရင်း. . .

"မြို့ကြီးသူကိုလည်း ကိုယ်တောင်းပန်ပါတယ်နော်၊ ဟင်း. . . တောင်းပန်ရလွန်းလို့ ဘယ်နှခါမှန်းတောင် မမှတ်မိတော့ဘူး၊ မြို့ကြီးသူလည်း သည်းခံနိုင်အား အတော်ကောင်းတာပဲနော်"

"ကျွန်တော်လည်း ခင်ဗျားလိုပဲပေါ့၊ သည်းခံလွန်းပါများလို့ အစွမ်းအစတုံးသလို ဖြစ်နေတာလေ. . ."

သူမက အရွှန်းဖောက်တော့ သူကရယ်တယ်။ သူရယ်တော့ သူမလည်း လိုက်ရယ်မိတာပေါ့။ သူမက သူ့ကို ဒီလိုရယ်ပြုံးနေတာကိုပဲ အမြဲမြင်ချင်တာပါကွယ်။



# ဂနန်းနွေဝိဇ္ဇာ-လ်

နောက်တစ်ရက်ရဲ့ မနက်ခင်းကျတော့ သူ့အခန်းတံခါးကို လာခေါက်တဲ့ အသံကြားတာနဲ့ သူက တံခါးသွားဖွင့်ပေးလိုက်တော့ သိပ်မခြောက်သေးတဲ့ သနပ်ခါးပါးကွက်ကြားနှစ်ဖက်နဲ့ မြို့ကြီးသူ။

"ဟို. . . ကျွန်တော်နဲ့ ခဏလောက်လိုက်ခဲ့ပေးလို့ရမလားဗျာ၊ နတ်ပွဲအုန်းသီးသွားဝယ်ချင်လို့၊ ဆိုင်ကယ်နဲ့က တစ်ယောက်တည်းကိုင်လို့မရဘူးလေ၊ ချည်တုတ်ပြီးတင်ရင်လည်း ကြွက်မြီးကျိုးမှာ ကြောက်လို့ပါ. . . ပြီးတော့ အုန်းသီးကလည်း နှစ်လုံးကြီးဆိုတော့"

အစအဆုံး လိပ်ပတ်လည်အောင် ရှင်းပြနေတဲ့ မြို့ကြီးသူကြောင့် သူက ဟက်ခနဲတစ်ချက်ရယ်လိုက်ရင်း. . .

"သွားမယ်လေ. . . အခုသွားမှာလား. . ."

"အင်း. . ."

ဒါနဲ့ နှစ်ယောက်သား ဆိုင်ကယ်နဲ့ ထွက်ခဲ့ကြတယ်။ ဆိုင်ကယ်နဲ့သွားတိုင်း သူကချည်းနောက်ကနေနေရတာ ဟုတ်တော့မဟုတ်သေး။ သူများတွေတောင် စီးနေကြတာ ကိုယ့်ကျမှ ဆိုင်ကယ်စီးရမှာ ဘာလို့ ဒီလောက်တောင် ခက်ခဲနေရတာပါလိမ့်။ မဖြစ်ပါဘူး။ တတ်အောင်တော့သင်မှပါလို့ စိတ်ထဲမှာ တေးထားလိုက်တယ်။

"အုန်းသီးက ဘယ်သွားဝယ်မှာလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com

## ချစ်ဇာတ်ကြောင်

"နီးနီးလေးပါ. . . ဟိုဘက်သုံးလမ်းကျော်က အသိဦးလေးကြီး တစ်ယောက်အိမ်မှာ သွားဝယ်ရမှာ"

ဒီလိုနဲ့ သူမပြောတဲ့ အိမ်ကိုရောက်တော့ပြီး အလှဆုံးအုန်းသီးနှစ်လုံးကိုရွေးဝယ်ကာ ပြန်လာခဲ့ကြတယ်။

"နှစ်လုံးလုံး ကိုင်လို့ဖြစ်ပါ့မလားဗျာ့၊ တော်ကြာ အုန်းသီးမကွဲပဲ လူကွဲနေဦးမယ်. . . နောက်ကပြုတ်ကျလို့"

"ဩော်. . . မင်းကလည်း အထင်သေးလိုက်တာ၊ ဟောလီးဝုဒ်မှာ ဆိုင်ကယ်စတန့်ကားတွေရိုက်နေတဲ့ မင်းသားတွေတောင် ကိုယ်သင်ပေးလိုက်လို့ ဆိုင်ကယ်စီးတတ်တာပါကွ"

သူ့စကားကြောင့် နှစ်ယောက်သား ရယ်လိုက်မိကြတယ်။ ဒါပေမယ့် အဲဒီမြင်ကွင်းကိုကြည့်ပြီး မပျော်နိုင်တာက ယသော်။ သူတို့တွေ အိမ်ထဲကထွက်ကတည်းက နောက်ကနေ တောက်လျှောက်လိုက်လာခဲ့တာ။ အစကတော့ သူမက ထည်ဝါ့ကို အပြင်ကနေ ဖုန်းဆက်ခေါ်ပြီး တစ်ခုခုသွားစားမလို့ ထွက်လာတာပါ။ ဒါပေမယ့် ဒင်းတို့နှစ်ယောက်က ဦးအောင်ထွက်လာလို့ အသာလေး နောက်ကနေ လိုက်ကြည့်တာ။ နှစ်ယောက်သားဟာ ပြုံးပျော်လို့။ ထည်ဝါကလည်း ရွှေမန်းသူနဲ့ကျတော့ ပါးစပ်ကိုမစေ့ဘူး၊ ရယ်နေတာ။ ကိုယ်နဲ့များကျရင်တော့. . . ဟွန်း. . . မပြောလိုက်ချင်ဘူး။

"တောက် ! "

သူမက တောက်တစ်ချက်ခပ်ပြင်းပြင်းခေါက်ကာ သူတို့ရှေ့ကနေ ကားကို လီဗာခပ်ကြမ်းကြမ်းနင်းပြီး မောင်းထွက်လာခဲ့လိုက်တယ်။ ဒါမှ ဒင်းတို့က မိမိကားကိုမြင်မှာ. . .။







www.burmeseclassic.com

www.burmeseclassic.com





# ၁၁

## မန္တလေး

ရုတ်တရက်ရောက်ချလာတဲ့ မိဘတွေကြောင့် ထည်ဝါ့မှာ ပျာယာခတ်သွားရတယ်။ ဘာမပြောညာမပြော ဖုန်းလေးတစ်ချက်တောင် ကြိုဆက်ဖော်မရဘဲ မိုးလင်းနဲ့အတူပါလာတာလေ။ သူက အထုပ်အပိုးတွေ ဝိုင်းကူချရင်းကနေ မိုးလင်းအနားကို အသာတိုးကပ်သွားလိုက်ရင်း. . .

"ဟေ့ကောင်. . . ဘယ်လိုဖြစ်ရတာလဲ၊ ပါလာမယ်ဆိုတာကို ဖုန်းလေးဘာလေးကြိုဆက်မှပေါ့"

ဆိုတော့ မိုးလင်းက မျက်နှာရှုံ့မဲ့သွားရင်း မနိုင်ဘူးဆိုတဲ့ ဒီဇိုင်းနဲ့. . .

"ငါကို သူတို့လိုက်မယ်ဆိုတာကို ကြိုမသိဘူး ဆရာရေ၊ သူတို့က ငါ့ကို မန်းလေး(မန္တလေး)ပြန်မယ့်နေ့ကျရင် အိမ်ကိုလာခဲ့ပါဦး၊ သူတို့ မှာစရာရှိလို့ပါဆိုပြီး ခေါ်ထားတာ၊ သွားလည်းသွားရော သူတို့အထုပ်အပိုးတွေကို ကားပေါ်ကောက်တင်ပြီး လိုက်မယ်လုပ်တာပဲ၊ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ ငါ့ဖုန်းကိုလည်း သိမ်းထားတာ အခုထိမပေးသေးဘူး၊ မင်းကိုသတင်းပေးမှာ စိုးလို့တဲ့၊ ပြီးတော့ ငါ့ကိုတစ်လမ်းလုံး ပြဿနာရှာလာတာ ဆရာရေ၊ နားကိုပူနေတာပဲ၊ ငါတို့ဒီမှာ လုပ်နေတာတွေကို သူတို့က အကုန်သိတယ်. . .၊ မြို့ကြီးသူ့မိဘတွေနဲ့ မင်းမိဘတွေက နေ့တိုင်းဖုန်းချိတ်ပြီး ဒီကအခြေအနေတွေကို တင်ပြနေတာတဲ့၊ ငါတို့ကုတ်အင်္ကျီကြီးတွေဝတ်တာ၊ ကိုရီးယားစတိုင်ဖမ်းတာ၊ အရက်သောက်ပြီး ပြဿနာရှာတာတွေ အကုန်လုံးကို မင်းမိဘတွေသိတယ်၊ အေး. . . အဲဒါတွေ အကုန်လုံးက လုပ်ဇာတ်တွေချည်းပဲ ဆိုတာကိုလည်း မြို့ကြီးသူရဲ့ မိဘတွေက သိတယ်ဗျာ၊ အဲဒါကြောင့် ငါတို့ဘယ်လောက်ပဲ ပြဿနာရှာရှာ သူတို့ဆီက ညည်းညူတဲ့အသံတို့၊ မကျေနပ်တဲ့အသံတို့ တစ်ခွန်းမှ ထွက်မလာတာပေါ့၊ ငါတို့ကသာ သူတို့ကို အရူးလုပ်နိုင်ကယ်ထင်နေတာ၊ တကယ်တမ်းက သူတို့ကမှ ငါတို့ကို အရူးလုပ်နေတာ ဆရာရေ. . ."

"ဒါနဲ့ ငါ့မှာချစ်သူရှိနေတာကိုရော သူတို့သိလား"

"အဲဒါတော့ သူတို့မသိသေးဘူးထင်တယ်၊ မြို့ကြီးသူကို မယူချင်လို့ လျှောက်လုပ်နေတယ်ပဲထင်တာ. . ."

မိုးလင်းရဲ့ စကားအဆုံး ထည်ဝါ့မှာ မျက်နှာတွေပူပြီး ဒီအိမ်ဝိုင်းထဲကနေတောင် ထွက်ပြေးချင်စိတ်ပေါက်လာတယ်။ လက်စသတ်တော့ ကိုယ်ကပြန်ပြီး အရူးလုပ်ခံနေရတာကိုး။ ကိုယ်ကလည်း တွေးမိခဲ့ဖို့အကောင်းသား။ ရန်ကုန်ကနေ ဒီကိုထွက်လာပြီဆိုကတည်းက ဖုန်းလေးတစ်ချက်လောက် ဆက်ပြီးတော့တောင် အခြေအနေကို မေးဖော်မရတာလေ။ ဒါဟာ ကိုယ့်မိဘတွေရဲ့စတိုင်လ်မှ မဟုတ်တာပဲကို။ ပုံမှန်အခြေအနေသာဆိုရင် ကိုယ့်ဆီကို သူတို့က ဖုန်းတွေ တဂွမ်ဂွမ်ဆက်





ပြီး ချက်ကင်လုပ်နေရမှာ မဟုတ်လား။

ဟား. . . ဒါကို သူဘာလို့များ မတွေးမိခဲ့ပါလိမ့်။

သူက မျက်နှာပူပူနဲ့ပဲ အထုပ်အပိုးတွေကို ဆွဲကာ အိမ်ထဲပြန်ဝင်ခဲ့လိုက်တယ်။

အိမ်ထဲရောက်တော့ ဧည့်ခန်းထဲမှာ လူကြီးတွေက စကားတွေရေပက်မဝင်အောင်ပြောနေကြတယ်။ မြို့ကြီးသူကလည်း သူတို့တွေရဲ့ ဘေးမှာ။ သူက အထုပ်အပိုးတွေကို သူ့မိဘတွေအတွက် စီစဉ်ပေးထားတဲ့အခန်းထဲ သွားပို့ပြီး အောက်ထပ်ပြန်ဆင်းလာခဲ့လိုက်တယ်။

သူနဲ့မိုးလင်းက ထိုင်ခုံတစ်လုံးစီမှာ ဝင်ထိုင်လိုက်တယ်ဆိုရင်ပဲ. . .

"ကဲ. . . အကြိုရေ. . . ခိုင်ကတော့ သားနဲ့သမီးရဲ့ မင်္ဂလာပွဲကို မန္တလေးမှာတစ်ပွဲ၊ ရန်ကုန်မှာတစ်ပွဲလုပ်ချင်တယ်၊ အကြို့သဘောကရော ဘယ်လိုရှိလဲ. . ."

"အကြိုလည်း အဲလိုပဲ စဉ်းစားထားတာပဲ ခိုင်ရဲ့၊ ဟိုဘက်မိတ်ဒီဘက်မိတ်က အများသားမဟုတ်လား၊ တစ်ပွဲတည်း တစ်နေရာတည်းလုပ်ရင် မျက်နှာပျက်စရာတွေ ဖြစ်ကုန်မှာပေါ့. . ."

"မင်းတို့ကလည်း မင်းတို့စိတ်ကူးချည်းပဲ လုပ်မနေနဲ့လေကွာ၊ သားနဲ့သမီးတို့သဘောထားကိုလည်း မေးစမ်းကြည့်ဦးမှပေါ့. . ."

ဆိုတော့ မြို့ကြီးသူနဲ့ ထည်ဝါတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြတယ်။ မြို့ကြီးသူ့မျက်နှာရိပ်မျက်နှာကဲကို သူမဖတ်တတ်ပါ။ သူကတော့ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်တော့မယ်။

"အို. . . ကိုထွန်းကလည်း ဘာမေးနေစရာလိုလို့လဲ၊ လူကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေက ကောင်းမယ်ထင်လို့ စီစဉ်တာကို သူတို့တွေက လက်ခံရမှာပေါ့၊ ဟုတ်ဘူးလား ကိုမင်းရဲ့. . . ”

“ကောင်းပါလေ့ဗျာ၊ ကောင်းပါလေ့. . . သဘောရှိ ကလော ငါးပိပါတဲ့. . . ”

ရယ်သံတွေ ညံသွားတယ်။ ဒီအချိန်မှာပဲ သူတွေးလိုက်မိတာက ယသော်နဲ့သူ့ကိစ္စကို အခုပြောရင်ပြော မပြောရင် နောက် ပြောခွင့်ရှိမှာ မဟုတ်တော့ဘူးဆိုတာပဲ။ ဒါနဲ့သူက ဖြစ်ချင်ရာဖြစ် ဖွင့်ပြောလိုက်တော့မယ်ဆိုပြီး စိတ်ဆုံးဖြတ်လိုက်ကာ. . .

“ဟို. . . ကျွန်တော်ပြောစရာ”

သူ့စကားမဆုံးလိုက် အိမ်ရှေ့ဆီက လူခေါ်ကွဲလ်တီးသံကို ကြားလိုက်ရတာနဲ့ မြို့ကြီးသူက. . .

“သမီးသွားဖွင့်ပေးလိုက်မယ်. . . “

ဆိုပြီး ထထွက်သွားတယ်။ ဒီမှာတင်ပဲ သူ့ဖုန်းကပါ မြည်လာပြီး ကိုင်လိုက်တော့. . .

“ထည်ဝါ. . . ရှင် အခုထွက်ခဲ့၊ ရှင်ထွက်မလာရင် ကျွန်မ ဝင်လာမှာနော်. . . ကျွန်မ အခုခြံရှေ့မှာ ရောက်နေတယ်”

ဆိုတဲ့အသံကြောင့် သူ့မှာ ခေါင်းကြီးသွားရကာ မြို့ကြီးသူ ထွက်သွားရာနောက်ကို မယောင်မလည်နဲ့ လိုက်သွားရတယ်။ မြို့ကြီးသူနဲ့ယသော်သာ ထိပ်တိုက်တွေ့လို့ကတော့ ယသော်က မြို့ကြီးသူကို တစ်ခုခုလုပ်လိုက်မှာ စိုးရပါတယ်။



မြို့ကြီးသူက တံခါးကိုဖွင့်ကာ အိမ်ရှေ့မှာရပ်စောင့်နေတဲ့သူ ဘယ်သူများလဲလို့ ကြည့်လိုက်စဉ်မှာပဲ ယသော်က သူမအနားကို ဖျတ်ခနဲရောက်လာကာ သူမပါးကို ဖြောင်းခနဲမြည်အောင် ရိုက်ချလိုက်တယ်။ အားပါပြင်းထန်ပြီး အငြိုးနဲ့ရိုက်တာဆိုတော့ မြို့ကြီးသူရဲ့ပါးက လည်ထွက်သွားတယ်။

“အဲဒါ သူများရည်းစားကို ကြောင်တောင်နှိုက်တဲ့အတွက်. . ”

မြို့ကြီးသူက ယသော့်ကို မယုံနိုင်သလိုကြည့်နေမိတုန်းမှာပဲ အနားကို ထည်ဝါရောက်လာတော့ အိမ်ထဲကို အသာပြန်ဝင်လာခဲ့လိုက်တယ်။

“ယသော်. . . မင်း. . . မင်းဘယ်လိုလုပ်လိုက်တာလဲ”

“ရိုက်လိုက်တာလေ၊ သူများရည်းစားကို ဝင်လုလို့ အပိုဆုပါ ပေးလိုက်တာ၊ မမြင်ဘူးလား. . . ”

“ဟား. . . မင်း မိုက်ရိုင်းလှချည်လား”

“ရိုင်းတယ်. . . ဟုတ်တယ်. . . ကျွန်မရိုင်းတယ်၊ ဘာဖြစ်လဲ၊ ကျွန်မက ရိုင်းသာရိုင်းတာ သူများရည်းစားကိုတော့ မလုဘူး၊ ရှင့်လိုလဲ အိုင်တွေ့တိုင်းခြေမဆေးဘူး၊ သစ္စာမမဲ့ဘူး. . . သိရဲ့လား အမျိုးယုတ်ရဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ. . . မင်း"

သူ့လက်တစ်ဖက်က လေထဲကိုမြောက်တက်သွားတယ်။ ဒါပေမယ့် သူမပါးဆီကိုတော့ ရောက်မသွား။ လေထဲမှာတင် ရပ်တန့်နေကာ စိတ်ကို မနည်းပြန်ထိန်းနေရတယ်။ သူမကိုလည်း တစ်ဘဝလုံးစာအတွက် စိတ်ကုန်သွားရတယ်။

"ဘာလဲ. . . ရှင်က ကျွန်မကို ရိုက်မလို့လား၊ လုပ်လိုက်လေ၊ သတ္တိရှိရင် လုပ်လိုက်စမ်းပါ. . ."

သူမက မျက်နှာကို မော့ချီပေးတယ်။ သူမက သူ့ကို မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးမျိုးနဲ့ကြည့်သလို သူကလည်း သူမကို နောက်ထပ်ဘယ်တော့မှ မကြည့်ချင်တော့တဲ့ မျက်လုံးမျိုးနဲ့ ကြည့်နေမိတယ်။ နောက်တော့သူက လေထဲက လက်ကို ပြန်ရုတ်လိုက်ကာ. . .

"မင်းသွားတော့. . . မင်းသွားတော့ကွာ၊ မင်းနဲ့ငါ့ရဲ့ ဇာတ်လမ်း ဒီနေရာမှာတင် ပြီးသွားပြီဆိုတာကိုပါ တစ်ခါတည်းမှတ်သွား. . . သွားတော့. . ."

သူက သွားကြားထဲကထွက်တဲ့လေသံမျိုးနဲ့ပြောတော့ သူမကလည်း တရားကျတယ်ဆိုတဲ့ အပြုံးမျိုးနဲ့ ပြုံးလိုက်ရင်း. . .

"ဟင်း. . . ရှင်နှင်စရာမလိုပါဘူး၊ ရှင်မနှင်သည်း ကျွန်မက သွားတော့မှာပါ၊ သစ္စာမရှိတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အနားမှာနေရတာ သနလို့၊ ရှင့်လိုယောကျ်ားမျိုးက ကျွန်မအချစ်နဲ့မတန်ဘူး၊ ရှင်စောင့်ကြည့်နေလိုက်. . . ရှင့်ထက် အဆတစ်ရာမက သာတဲ့လူမျိုးကို ကျွန်မ ခေါင်းခေါက်ရွေးပြမယ်၊ ကျွန်မအတွက်က ယောကျ်ားမရှားပါဘူး၊ ယောကျ်ားရှားတဲ့မိန်းမနဲ့ သစ္စာမရှိတဲ့ယောကျ်ား. . . ပျော်နိုင်ပါစေလို့ပဲ ဆုတောင်းပေးခဲ့ပါတယ်. . ."





ပြောပြီး သူမက သူ့ရင်ဘတ်ကို ဆောင့်တွန်းကာ ကားပေါ်တက် မောင်းထွက်သွားတယ်။ သူကတော့ သူမတွန်းလိုက်တဲ့ အရှိန်ကြောင့် နောက်ဘက်က သံတံခါးနဲ့ ကျောပြင်က အရှိန်ပြင်းပြင်းပစ်ဆောင့်မိပြီး နောက်ကျောတစ်ခုလုံး အောင့်မျက်ကာ ကျန်ခဲ့တယ်။

နောက်တော့မှ သူက မြို့ကြီးသူကို သတိရကာ ခြံထဲဘက်ကို မြန်မြန်ပြန်ဝင်လာခဲ့လိုက်တယ်။ အိမ်ထဲကို ပြန်မဝင်သေးဘူး။ ဒန်းစင်ပေါ်မှာ ထိုင်နေတာနဲ့ သူက သူမအနားကို လျှောက်သွားလိုက်ကာ လက်တစ်ဖက်ကို ကမ်းပေးလိုက်ရင်း. . .

"ကိုယ်တို့ အိမ်ထဲကို ပြန်ဝင်ရအောင်နော်. . ."

ဆိုတော့ သူမက သူ့ကိုမော့ကြည့်လာတယ်။ သူမရဲ့မျက်ဝန်းမှာ ဝမ်းနည်းရိပ်အချို့ကိုလည်း သူတွေ့လိုက်ရရဲ့။ သူက သူမကို ပြုံးစိုက်ကြည့်ကာ ခေါင်းတစ်ချက်ညိတ်ပြလိုက်တော့မှ သူမက သူ့လက်ကိုဆုပ်ကိုင်လိုက်ကာ ထိုင်ရာကနေထတယ်။ သူမရဲ့လက်တွေကတဆင့် သူ့ရဲ့ခန္ဓာကိုယ်ထဲကို တစ်စုံတစ်ခုသော ခံစားချက်လှိုင်းတွေက စီးဝင်လာသလိုပါပဲ။ ဒါပေမယ့် သူမက မတ်တပ်ရပ်အပြီးမှာတော့ သူ့လက်တွေကို ပြန်လွှတ်လိုက်တယ်။ သူ့စိတ်ထဲမှာ တစ်ခုခု ပျောက်ဆုံးသွားသလိုလို။

နောက်တော့ သူတို့နှစ်ယောက်အိမ်ထဲဘက်ကို ပြန်လျှောက်လာခဲ့လိုက်တယ်။

"ဧည့်သည်လား. . . သမီး၊ ဘယ်သူလဲ"

ဒေါ်ကြူကြူမွှေးရဲ့ အမေးကို မြို့ကြီးသူက. . .

"မဟုတ်ဘူး မေမေ. . . သမီးသူငယ်ချင်းတစ်ယောက်ပါ၊ ပြန်သွားပါပြီ. . ."



www.burmeseclassic.com

www.burmeseclassic.com



လို့ ဘာမှမဖြစ်ခဲ့သလို ပုံစံမျိုးနဲ့ ပြန်ဖြေလိုက်ပြီး နေရာမှာ ပြန်ဝင်ထိုင်လိုက်တယ်။ နောက်တော့ ထည်ဝါနဲ့ မြို့ကြီးသူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြတယ်။ နှစ်ယောက်သားရဲ့ကြားမှာ နားလည်မှုတစ်ခုက အလိုလိုရှိနေသလိုလို။

"ကဲ. . . ခိုင်တို့လည်း ခဏနားပြီး ရေမိုးချိုးလိုက်ကြလေ၊ နေ့လည်စာစားပြီးရင် အကြူတို့ ပေဒင်ဆရာဆီမှာ နေ့သွားရွေးကြတာပေါ့. . . မကောင်းဘူးလား"

"ကောင်းတယ်. . . ကောင်းတယ်၊ အဲဒီအစီအစဉ်ကောင်းတယ်၊ ညနေကျရင် ဦးပိန်တံတားသွားရအောင်လေ၊ မရောက်ဖြစ်တာလည်း ကြာပြီဆိုတော့ လေကောင်းလေသန့်သွားရှူကြတာပေါ့၊ နှစ်ဖက်မိသားစု ပျော်စရာကြီး. . ."

လူကြီးတွေက အလိုလိုထသွားတော့ သူတို့လည်း ကိုယ့်အခန်းထဲကိုကိုယ် ပြန်ဝင်လာခဲ့လိုက်ကြတယ်။ သူက မိုးလင်းကို အကျိုးအကြောင်း အကုန်ပြောပြလိုက်တယ်။

"ကောင်းတယ်. . . အဲဒီလိုဖြစ်သင့်နေတာကြာပြီ၊ ငါကတော့ ဝမ်းသာတယ်. . ."

တဲ့။

သူ့စိတ်ထဲမှာလည်း တစ်မျိုးတော့ တစ်မျိုးပါပင်။ အသည်းကွဲတာတို့ ဘာတို့လို ခံစားချက်မျိုးတော့ ဖြစ်မလာ။ နည်းနည်း စိတ်ရှုပ်နေတာကလွဲလို့ နေသာထိုင်သာရှိနေတာ အမှန်။

"ကဲ. . . လူကြီးတွေကတော့ ရက်တောင်ရွေးတော့မယ် ငါ့ကောင်၊ မင်းလည်း အသာလေးပဲ လက်ခံလိုက်တော့၊ ငါ့အမြင်တော့ မြို့ကြီးသူက မင်းနဲ့အလိုက်ဖက်ဆုံးပဲ. . . မင်းကိုကြည့်ပြီး ငါသိလိုက်





တာ တစ်ခုရှိတယ်၊ ဖူးစာဆိုတာ ငွတ်ဖန်တီးယူလို့မရဘူး၊ သူ့အလိုလိုဖြစ်လာတဲ့အရာကွ. . ."

မိုးလင်းစကားကြောင့် သူ့မျက်လုံးထဲမှာ မြို့ကြီးသူရဲ့ပုံရိပ်လေး က ဝင်ရောက်လာတယ်။ ရင်ထဲမှာ နွေးခနဲ။ အချစ်ဆိုတာ တစ်ခုသေ သွားပြီးရင် နောက်တစ်ခု ထပ်ရှင်သန်လာတတ်သလား မပြောတတ်ပါ။



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တချို့လူတွေမှာ...

အချစ်တွေ တစ်ခုထက်မကရှိနေတတ်ပါတယ်...

အရေးကြီးတာက...

အဲဒီအချစ်တွေထဲကမှ...

ကိုယ်နဲ့လိုက်ဖက်သင့်တော်မှုအရှိဆုံးအချစ်တစ်ခုကို

ရွေးချယ်တတ်ဖို့ပါ..





# ၁၂

## မန္တလေး

နှစ်ဖက်မိသားစုတွေ ဦးပိန်တံတားပေါ်မှာ လျှောက်သွားကြကာ ဦးပိန်တံတားအောက်နားက "ရွှေညီမ" အကြော်ဆိုင်လေးမှာ အကြော်စား ကြံရည်သောက်နဲ့ ပျော်ရွှင်နေကြတယ်။ နှစ်ဖက်မိဘတွေကလည်း ငယ်သူငယ်ချင်းတွေဆိုတော့ ရှေးဟောင်းနှောင်းဖြစ်တွေပြောပြီး ရယ်သံတွေက တသောသော။ လူငယ်တွေက တစ်ဝိုင်း၊ လူကြီးတွေက တစ်ဝိုင်း။

နောက်တော့ စက်လှေတစ်စီးငါးထောင်ဆိုတာကို ငှားစီးကြပြန်တယ်။ လူငယ်တွေကတော်တော်ရယ် လူကြီးတွေက ခုမှ ငယ်မူတွေပြန်ကာ ကဲနေကြတာ အင်းကြီးတစ်ခုလုံး သူတို့အသံတွေချည်းပဲ။

ညနေတော်တော်မိုးချုပ်တော့မှ သူတို့တွေ ဦးပိန်တံတားပေါ်က ပြန်ဆင်းလာကြကာ ကားရပ်ထားရာနေရာကို ပြန်လာခဲ့ကြတယ်။ ပြောရရင်တော့ ပြဿနာက အဲဒီမှာ စတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကားနားရောက်ခါနီးတော့ ထည်ဝါ့ဖုန်းက မြည်လာတာမို့ ထည်ဝါက ရပ်ပြီးဖုန်းစကားပြောနေတုန်းမှာ အရက်မူးနေတဲ့ လူတစ်ယောက်မောင်းလာတဲ့ ဆိုင်ကယ်တစ်စီးက ထည်ဝါ့ဆီကိုပြေးဝင်သွားတယ်။ ဒါပေမယ့် ထည်ဝါက ကျောပေးထားတော့ မမြင်ဘူး။ မြင်သွားတာက မြို့ကြီးသူ။

"ကိုထည်ဝါ ! "

မြို့ကြီးသူက အလန့်တကြားအော်ကာ ထည်ဝါ့ကို တွန်းလွှတ်လိုက်တယ်။ ထည်ဝါက အဝေးကိုလွင့်ထွက်သွားသလို ဆိုင်ကယ်ကလည်း သူမကို ဘေးတစောင်းဖြတ်တိုက်သွားမိပြီး သူမခန္ဓာကိုယ်က လွင့်စင်လဲကျကာ အနားမှာရပ်ထားတဲ့ ကားရှေ့ဘန်ဘာနဲ့ ခေါင်းနဲ့ သွားရိုက်မိကာ သတိလစ်သွားတယ်။

အာမေဋိတ်သံပေါင်းစုံက တစ်ပြိုင်တည်း။ အဲဒီအသံတွေထဲမှာ ထည်ဝါ့အသံက အကျယ်ဆုံး။

BURMESE CLASSIC .com





မြို့ကြီးသူက အနည်းငယ် ပွန်းပဲ့သွားတာကလွဲလို့ ဘာမှ မဖြစ်ပါ။ ခေါင်းကိုထိမိတဲ့ ဒဏ်ရာကလည်း မပြင်းထန်ပေမယ့်လို့ ရုတ်တရက် လန့်ပြီး ရှော့(ခ်)ရိုက်ကာ သတိလစ်သွားတာပါတဲ့။ နှစ်ဖက်မိဘတွေက အထဲမှာ စိတ်ပူတဲ့မျက်နှာတွေနဲ့ ထိုင်နေကြတုန်းမှာ ဖြူဖြူထွန်းမြင့်က အသာလက်ကုတ်ခေါ်တာမို့ ထည်ဝါက အပြင်ကိုထွက်လာခဲ့လိုက်တယ်။

အပြင်ရောက်တော့. . .

"မြို့ကြီးသူနဲ့ကိစ္စကို ခင်ဗျားဘယ်လိုလုပ်မှာလဲ. . ."

တဲ့။ သူတောင် ကြောင်သွားရတယ်။ ဘာမဆိုင်ညာမဆိုင်နဲ့ လာမေးနေတာလေ။ သူ့ကြောင့်ဖြစ်သွားတာ မြို့ကြီးသူ သတိလည်မလာသေးလို့ စိတ်ပူနေပါတယ်ဆို ဘာတွေလာမေးနေမှန်းမသိ။

"ဘာတွေ ကြောင်ကြည့်နေတာလဲ၊ မေးနေတာကိုဖြေဦးလေဗျာ၊ ခင်ဗျား သူ့ကိုယူမှာလား"

"မင်းက ဘာတွေလာမေးနေတာမှန်းမှ မသိတာ၊ အဲဒါနဲ့ အခုကိစ္စနဲ့က တခြားစီပဲဟာ"

"မခြားပါဘူး၊ ဆိုင်လို့ပြောနေတာပေါ့၊ ပြောစမ်းပါ၊ ခင်ဗျား ယသော်ဆိုတဲ့တစ်ယောက်ကို တကယ်မေ့လိုက်ပြီလား၊ မြို့ကြီးသူကို



www.burmeseclassic.com

www.burmeseclassic.com



ရော ချစ်လား. . ."

ဟား. . . သေတော့မှာပဲ။ ဘာတွေ လာမေးနေမှန်းမသိ။ ဒီကလေးမနဲ့တော့ ခက်ပြီ။

"သိချင်တယ်ပေါ့. . ."

"အင်း. . . သိချင်တယ်"

"အင်း. . . အဲဒါက"

သူက စကားစကို ဖြတ်ထားလိုက်ကာ တစ်ချက်စဉ်းစားဟန်ပြ. . .ီး ဖြူဖြူထွန်းမြင့်မျက်နှာကို တစ်ချက်စွေစောင်းကြည့်လိုက်တယ်။ ဖြူဖြူထွန်းမြင့်မျက်လုံးတွေက တစ်ခုခုကို ကြားရတော့မယ်အထင်နဲ့ အရောင်တွေတောက်လို့။

ဒါပေမယ့် သူက. . .

"ဘာကိစ္စ. . .မင်းကို ကိုယ်က ဖြေရမှာလဲ"

လို့ဆိုကာ နေရာကနေ ချာခနဲ လှည့်ထွက်လာခဲ့လိုက်ဘယ်။ ဒီမှာတင်ပဲ ဖြူဖြူထွန်းမြင့်ခမျာ ဟက်မိုးလ်ကြီးနဲ့ ဆွေ့ဆွေ့ခုန်သွားရရင်း နောက်ကနေ ပြေးလိုက်လာကာ သူ့ရှေ့မှာ ပိတ်ရပ်လိုက်ရင်း. . .

"ခင်ဗျား. . . တကယ်မပြောဘူးပေါ့"

"မပြောပါဘူးဆို. . ."

ဆိုတော့ သူမကလည်း ညစ်ကျယ်ကျယ်ပြုံးလိုက်ရင်း. . .

"ဟင်းဟင်း. . . ဒါဆိုလည်း ပြီးတာပဲလေ၊ ကျွန်တော်ကလည်း မြို့ကြီးသူက ခင်ဗျားကိုချစ်နေတယ်ဆိုတာ ပြောမပြတော့ဘူးပေါ့. . ."

ဖြူဖြူထွန်းမြင့်စကားကြောင့် သူ့ရင်တစ်ခုလုံးက ဒုန်းခနဲမြည်အောင် ဆောင့်ခုန်သွားတယ်။ မြို့ကြီးသူက ကိုယ့်ကိုချစ်နေတာတဲ့လား၊ ဒါကြောင့် မင်းက ကိုယ့်ကိုကယ်လိုက်တာတဲ့လား၊ ဒါဆို ကိုယ်ကရော





မင်းကို. . .။

ဒါကို တွေးလိုက်မိတော့ သူ့ရင်ထဲနွေးသွားတယ်။ ဒီအချိန်မှာတင်ပဲ အထဲကနေ မိုးလင်းထွက်လာကာ. . .

"ထည်ဝါ. . . ဟေ့ကောင်. . . အဲဒီမှာ ဘာလုပ်နေတာလဲ၊ ဒီမှာ မြို့ကြီးသူ သတိရလာပြီ. . ."

လို့လှမ်းအော်လာတာကြောင့် သူက ဝိုင်းဒိုင်းကျဲခုန်လှုပ်နေသော ရင်အစုံဖြင့် သူမ,ရှိရာဆီကို ပြေးမိတယ်။ တကယ်တော့ သူ့ခြေလှမ်းတွေက သူမ,ရှိတဲ့ ဆေးခန်းလေးထဲကို သွားနေခြင်းမဟုတ်ပါ။ မွန်းကျပ်ပူလောင်လှတဲ့ ယသော့်အချစ်တွေထဲက ရုန်းထပြီး အေးချမ်းတဲ့ ရွှေမန်းသူလေးရဲ့ အချစ်ရိပ်အောက်ကို သွားနေခြင်းပါ။

သူမကရော ဒတိတ်က သူ့အဖြစ်တွေအတွက် ကြည်ကြည်ဖြူဖြူနဲ့ လက်ခံမှာတဲ့လား။ ဘာပဲဖြစ်ဖြစ်ပါ။ သူကတော့ သူမရဲ့အချစ်ရိပ်အောက်မှာ ရအောင်ခိုလှုံဖို့ ဆုံးဖြတ်ထားလိုက်ပါပြီ။

ပြီးတော့ လေလာနေသာတဲ့တစ်နေ့မှာ သူမကို ပြုံးစိုက်ကြည့်ရင်း. . .

"ကိုယ်က မင်းကို ယသော်နေရာမှာ အစားထိုးပြီး ချစ်တာမဟုတ်ပါဘူး ရွှေမန်းသူလေးရယ်၊ ယသော့်ကိုချစ်တဲ့ ကိုယ့်အချစ်တွေက သေဆုံးသွားခဲ့ပါပြီ၊ ရွှေမန်းသူလေးကို ချစ်တဲ့ ကိုယ့်အချစ်တွေကတော့ အသစ်တစ်ဖန်မွေးဖွားလာတဲ့ အချစ်တွေနဲ့ နောက်ထပ်လည်း မွေးဖွားမလာတော့မယ့် အချစ်မျိုးနဲ့ ချစ်တာပါကွယ်. . ."

လို့ ကြင်ကြင်နာနာလေး ပြောပြပါမယ်။ ပြီးတော့ ရွှေမန်းသူလေးကို လက်ထပ်ပြီး ကိုရီးယားနိုင်ငံကို တစ်ခါတည်းခေါ်ဆောင်သွားဖို့ကိုပါ တစ်ဆက်တည်းတွေးလိုက်တယ်။



www.burmeseclassic.com

# ရာဇဝင်ကို

တကယ်တော့ တချို့လူတွေမှာ အချစ်တွေ တစ်ခုထက်မက ရှိနေတတ်ပါတယ်။ အဲဒါက ရေးကြီးခွင်ကျယ်လုပ်ရမယ့် ကိစ္စတစ်ခုတော့ မဟုတ်ပါဘူး။ "ရည်းစားဦးနဲ့ရတယ်ဆိုတာ. . . ရှားတယ်" ဆိုတဲ့စကားတောင် ရှိဖူးသေးတာပဲ မဟုတ်လား။

တကယ်အရေးကြီးတာက ကိုယ်ရရှိလိုက်တဲ့ အချစ်တွေအားလုံးထဲကနေ ကိုယ်နဲ့ လိုက်ဖက်သင့်တော်မှုအရှိဆုံး အချစ်တစ်ခုကို မှန်ကန်စွာ ရွေးချယ်တတ်ဖို့ပဲ မဟုတ်ပါလား. . .။

ပရိသတ်များ ပျော်ရွှင်နိုင်ကြပါစေ...
ကြိုးစားလျက် ...

ရာဇဝင်ကို
4 : 50 (PM)
10-4-2013 (wednesday)

gmail-yarzawinko@gmail.com
facebook - ရာဇဝင်ကို



www.burmeseclassic.com